# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ပြေ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**ကောင်းမှုကို ပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက် လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေ ပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်း ငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များ လတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါဠိတော်(ဓမ္မပဒ-၁၂၂)


၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်၊ အင်္ဂါနေ့။ Tuesday, 15 November 2022 ၁၀၉၂၀


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံ ဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# အားကစားမြှင့်တင်ခြင်းသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခြင်းပင်ဖြစ် ယှဉ်ပြိုင်ရသည့်အားကစားကဏ္ဍအလိုက် အောင်မြင်မှုများရရှိအောင်ကြိုးစားပြီး တပ်မတော်နှင့် နိုင်ငံတော်၏ဂုဏ်ကို မြှင့်တင်နိုင်သူများဖြစ်အောင် ကြိုးစားသွားကြရမည်

**နေပြည်တော် နိုဝင်ဘာ ၁၄**

ယနေ့ကျင်းပသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲသည် နိုင်ငံတော်ကချမှတ်ထားသည့် **“တစ်မျိုးသားလုံးကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး”** ဟူသည့် လူမှုရေးဦးတည်ချက်ပါ ပြဋ္ဌာန်းချက်ကို တပ်မတော် အနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းလည်းဖြစ် ကြောင်း၊ နိုင်ငံတော်နှင့် တပ်မတော်အပိုင်းရှိ တာဝန်ရှိသူများက လိုအပ်သည့်ဖြည့်ဆည်းမှုများကို စီမံဆောင်ရွက်ပေးသွားမည် ဖြစ်သကဲ့သို့ တပ်မတော်သားအားကစားသမားများအနေဖြင့် လည်းနိုင်ငံတော်နှင့်တပ်မတော်အတွက် အားကစားသမားကောင်း စိတ်ဓာတ်အပြင် အဖွဲ့အစည်းအချင်းချင်း စည်းလုံးညီညွတ်စွာ ပေါင်းစည်းဆောင်ရွက်တတ်ခြင်း စိတ်ဓာတ်များကို မွေးမြူသွား ရမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိတပ်မတော်အားကစားကွင်း၌ ကျင်းပသည့် ၂၀၂၂ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား၌ အဖွင့်မိန့်ခွန်းပြောကြားရာတွင် ထည့်သွင်း ပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ် ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ် မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ပြည်ထောင်စုဝန်ကြီး များနှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိ ကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ)ရုံး/ဌာန များမှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ နိုင်ငံတော်ကာကွယ်ရေး တက္ကသိုလ်မှ သင်တန်းသားအရာရှိကြီးများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ နေပြည်တော်စစ်မှုထမ်းဟောင်းအဖွဲ့ဝင် များ၊ တပ်မတော်ဘောလုံးအကယ်ဒမီကျောင်း မှ သင်တန်းသား များ၊ ဖိတ်ကြားထားသူများနှင့် ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းအဖွဲ့က ကွင်းအတွင်းဝင်ရောက်နေရာယူပြီး စစ်ရေးပြမှူးကြီး ဦးဆောင် သော

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စစ်ရေးပြမှူးကြီး ဦးဆောင်သောအလံတော်အဖွဲ့နှင့် အားကစားသမားများ၏ အလေးပြုခြင်းကိုခံယူစဉ်။



ကြေးမုံ

# ပြည်တွင်းရေးစွက်ဖက်မှုမှန်သမျှ လက်မခံ

မျက်မှောက်ကာလ ကမ္ဘာ့နိုင်ငံရေးကိုကြည့်လျှင် အင်အားကြီးနိုင်ငံကြီးတစ်နိုင်ငံ၏ ကမ္ဘာ့နိုင်ငံများကြားတွင် ဝင်ရောက်စွက်ဖက်မှုအမျိုးမျိုးကို မြင်တွေ့နိုင်ပါသည်။ မြန်မာနိုင်ငံ၏ နိုင်ငံရေးနှင့်ပတ်သက်၍လည်း ဝင်ရောက်စွက်ဖက်လျက်ရှိသည့်အပြင် လောကသဘာဝအရ အင်အားကြီးသူဘက် လိုက်ပါလေ့ရှိရာ မြန်မာနိုင်ငံအပေါ်တွင် ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းအချို့ကပါ ဖိအားပေးစွက်ဖက်မှုများ ပြုလုပ်ကြသည်ကို တွေ့ရမည်ဖြစ်သည်။

လက်ရှိတွင် မိသားစုသဖွယ်အစဉ်အဆက် လက်တွဲဆက်ဆံခဲ့သော အာဆီယံအဖွဲ့သည်ပင် ဘက်လိုက်မှုများရှိလာသည်ကို တွေ့ရမည်ဖြစ်သည်။ မြန်မာနိုင်ငံကို တာဝန်ယူနေသော တည်ဆဲအစိုးရသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ၊ အစိုးရအင်္ဂါရပ်များနှင့်အညီ ဆောင်ရွက်နေသည့် တရားဝင်အစိုးရဖြစ်သည်။ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများ၊ အထူးသဖြင့် မိသားစုဝင် အာဆီယံအသင်းကြီးနှင့် လက်တွဲပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ အာဆီယံပဋိညာဉ်ပါ ပြဋ္ဌာန်းချက်များနှင့် အခြေခံမူများကို တိကျစွာလေးစားလိုက်နာလျက်ရှိပြီး တာဝန်သိအာဆီယံအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံအဖြစ် အာဆီယံ၏ အရေးကိစ္စများတွင် တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

အကြိမ် (၄၀)နှင့် (၄၁)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးများကို ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ နိုဝင်ဘာလ ၁၁ ရက်နေ့တွင် ပြုလုပ်ခဲ့ပြီး အဆိုပါအစည်းအဝေးများအပြီးတွင် တူညီဆန္ဒ(၅)ချက် အကောင်အထည်ဖော်ခြင်းဆိုင်ရာ အာဆီယံခေါင်းဆောင်များ၏ ပြန်လည်သုံးသပ်ချက်နှင့် ဆုံးဖြတ်ချက်အား ထုတ်ပြန်ခဲ့ရာတွင် အာဆီယံမူနှင့်မကိုက်ညီသည့် ဘက်လိုက်ဆုံးဖြတ်မှုများကို တွေ့ရပါသည်။ အာဆီယံအလှည့်ကျဥက္ကဋ္ဌသည် အာဆီယံအဖွဲ့ဝင်နိုင်ငံအချို့၏ တောင်းဆိုမှုအရ အာဆီယံပဋိညာဉ်စာတမ်းအပိုဒ်(၅)ပါပြဋ္ဌာန်းချက်များဖြစ်သည့် အဖွဲ့ဝင်နိုင်ငံများအကြား အဆင့်တူတန်းတူကိုယ်စားပြုရေး "မူ" နှင့်သွေဖည်၍ မြန်မာနိုင်ငံက နိုင်ငံရေးအရ ကိုယ်စားမပြုသည့် ပုဂ္ဂိုလ်ကိုသာ ယခုကျင်းပသည့် အာဆီယံထိပ်သီးအစည်းအဝေးများနှင့် ဆက်စပ်အစည်းအဝေးများ တက်ရောက်ရန် ဖိတ်ကြားခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်ပြီး အခြေခံမူများကို တိကျစွာလိုက်နာလျက်ရှိသဖြင့် ယခုကဲ့သို့ အဖွဲ့ဝင်မြန်မာနိုင်ငံအား တန်းတူရည်တူမဆက်ဆံဘဲ ခွဲခြားဆက်ဆံသောလုပ်ရပ်အပေါ် လက်ခံနိုင်ခြင်းမရှိသဖြင့် အစည်းအဝေးများသို့ မြန်မာနိုင်ငံမှ ကိုယ်စားပြုတက်ရောက်ခြင်းမပြုလုပ်ခဲ့ပါ။ အာဆီယံ၏ သုံးသပ်ချက်နှင့် ဆုံးဖြတ်ချက်များသည် မြန်မာနိုင်ငံ၏ ဖြစ်စဉ်အမှန်တရားနှင့် ကင်းကွာလျက်ရှိခြင်း၊ အာဆီယံ၏ တူညီဆန္ဒ(၅)ချက်အပေါ် မြန်မာနိုင်ငံမှ ကြိုးစားအားထုတ်ဆောင်ရွက်ပေးခဲ့မှုများကို အပြုသဘောဆောင်ဖော်ပြမှုမရှိခြင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်းနှင့် ထိပ်သီးအစည်းအဝေးတွင် မြန်မာနိုင်ငံကို ချန်လှပ်ထားပြီး အာဆီယံ(၉)နိုင်ငံဖြင့်သာ ဆွေးနွေးသဘောတူခဲ့ခြင်းသည် အာဆီယံပဋိညာဉ်စာတမ်းပါ အခြေခံမူများနှင့် ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခဲ့ခြင်းမဟုတ်သဖြင့် မြန်မာနိုင်ငံအနေဖြင့် အဆိုပါဆုံးဖြတ်ချက်နှင့်သုံးသပ်ချက်များကို လက်ခံမည်မဟုတ်သည့်အပြင် ပြတ်သားစွာပယ်ချခဲ့သည်။

ထို့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်၏တာဝန်ကို ထမ်းဆောင်လျက်ရှိသော မြန်မာအစိုးရနှင့် တပ်မတော်အား ရည်ညွှန်းရာ၌ မသင့်လျော်သည့် အသုံးအနှုန်းများအသုံးပြုခဲ့သည်။ မြန်မာနိုင်ငံအား တည့်မတ်ခိုင်မာကောင်းမွန်လာအောင် ဆောင်ရွက်ချက်များကို မျက်ကွယ်ပြုပြီး အဖျက်အမှောင့်လုပ်ရပ်များ၊ အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်၍ နေ့စဉ်ဖျက်ဆီးနေသည့် NUG နှင့် PDF အကြမ်းဖက်အဖွဲ့များနှင့် ဆက်သွယ်ဆောင်ရွက်ရန် ရည်ညွှန်းပြောကြားချက်များမှာ စိတ်ပျက်ဖွယ်ဖြစ်သည်။ တရားမဝင်အဖွဲ့အစည်း၊ အကြမ်းဖက်အဖွဲ့များနှင့် ဆက်သွယ်ခြင်းသည် အကြမ်းဖက်လုပ်ရပ်များကို အားပေးထောက်ခံရာရောက်သည့်အပြင် အာဆီယံပဋိညာဉ်စာတမ်း စာပိုဒ် ၂ ပါ အခြေခံ"မူ"များကိုလည်းကောင်း၊ အကြမ်းဖက်တိုက်ဖျက်ရေးဆိုင်ရာအာဆီယံနှင့် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများကိုလည်းကောင်း ဖောက်ဖျက်ရာရောက်နေသည်။

မြန်မာနိုင်ငံက တူညီဆန္ဒ(၅)ချက် အကောင်အထည်ဖော်မှုသည် တိုးတက်မှုမရှိဟု အကြောင်းပြလျက် အာဆီယံအစည်းအဝေးများတွင် မြန်မာနိုင်ငံပါဝင်မှုကို ပိုမိုကန့်သတ်ပိတ်ပင်ရန် ကြိုးစားခြင်းသည် အာဆီယံအသိုက်အဝန်း အကောင်အထည်ဖော်မှုကို အတားအဆီးများဖြစ်စေသည့်အပြင် မြန်မာနိုင်ငံအာဆီယံအဖွဲ့ဝင်ဖြစ်ခဲ့သည့် ၁၉၉၇ ခုနှစ်မှစ၍ တက်ကြွစွာပါဝင်ဆောင်ရွက်မှုများကို လျစ်လျူရှုမျက်ကွယ်ပြုနေသည်ကို ဝမ်းနည်းဖွယ်တွေ့မြင်နေရသည်။ သို့ဖြစ်ရာ အာဆီယံအနေဖြင့် အခြေခံမူများကို လေးစားလိုက်နာလျက် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးတွင် အခြားနိုင်ငံတစ်နိုင်ငံက ဝင်ရောက်စွက်ဖက်ခြင်းမပြုရန် သတိပြုဖို့လိုပြီး ထိုသို့ဆောင်ရွက်ခြင်းကြောင့် အာဆီယံစည်းလုံးညီညွတ်မှုနှင့်ဗဟိုအချက်အချာကျပြီး အရေးပါအရာရောက်မှုအပေါ် ဆိုးကျိုးသက်ရောက်နိုင်ပါကြောင်း။ ။

## ၂၀၂၂ ခုနှစ်၊ (၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ

- ★ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး တည်ဆောက်ရေး။
- ★ ကောင်းမြတ်မှန်ကန်သော မျိုးချစ်စိတ်၊ တိုင်းပြည်ချစ်စိတ် ထာဝရရှင်သန်ထက်မြက်ရေး။
- ★ အမျိုးသားပညာရည်မြင့်တင်လျက် စွမ်းဆောင်ရည်မြင့်မားသော နိုင်ငံသားများ ပေါ်ထွန်းလာစေရေး။
- ★ မြန်မာ့လူမှုစီးပွားရေးကို ခေတ်မီနည်းပညာစွမ်းအားဖြင့် မြင့်မားအောင် ဆောင်ရွက်ရေး။

## ၂၀၂၂ ခုနှစ်၊ (၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်

နိုင်ငံဘက်စုံဖွံ့ဖြိုးဖို့၊ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်စို့။

၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်

(၁၇-၁၁-၂၀၂၂)

## ရာဇဝတ်အထူးအယူခံမှုလေးမှု၊ တရားမအထူးအယူခံမှု ငါးမှုစီရင်ချက်ချမှတ်

## တရားမအထူးအယူခံမှု လေးမှု ရုံးထိုင်ကြားနာ

နေပြည်တော် နိုဝင်ဘာ ၁၄

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးအောင်ဇော်သိန်း၊ ဦးမျိုးမောင်၊ ဦးတင်ဟုန်၊ ဦးသိန်းကိုကို တို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ် (၁) ၌ ရုံးထိုင်၍ ရာဇဝတ်အထူးအယူခံမှု အမှတ် ၃/၂၀၂၂(ဧရာဝတီ)၊ ၄/၂၀၂၂(ရန်ကုန်)၊ ၅/၂၀၂၂(ရန်ကုန်)၊ ၆/၂၀၂၂(ရန်ကုန်) စုစုပေါင်း ရာဇဝတ်အထူးအယူခံမှု လေးမှုနှင့် တရားမအထူးအယူခံမှုအမှတ် ၁၀/၂၀၂၀ (မန္တလေး)၊ ၄/၂၀၂၂ (ရခိုင်)၊ ၂၅/၂၀၂၂(ရန်ကုန်)၊ ၂၈/၂၀၂၂(မန္တလေး)၊ ၂၉/၂၀၂၂ (မန္တလေး) စုစုပေါင်း တရားမအထူးအယူခံမှု ငါးမှုတို့ကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် တရားမအထူးအယူခံမှု အမှတ် ၁၅/၂၀၂၁(ရန်ကုန်)၊ ၂/၂၀၂၂(ရန်ကုန်)၊ ၂၃/၂၀၂၂(ရန်ကုန်)၊ ၃၁/၂၀၂၂(ရခိုင်) စုစုပေါင်း တရားမအထူးအယူခံမှု လေးမှုတို့ကို ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေး ညွှန်ကြားချက်များနှင့်အညီ ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၄ - ၁၁ -၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၁၀၀ | ၉,၂၀၀ | ၂,၉၃၁ | ၂၆,၄၉၃,၆၀၀ |
| MTSH | ၃,၃၅၀ | ၃,၄၀၀ | ၅,၀၀၅ | ၁၇,၀၁၁,၇၅၀ |
| MCB | ၇,၇၀၀ | ၇,၇၀၀ | ၂၀ | ၁၅၄,၀၀၀ |
| FPB | ၁၉,၀၀၀ | ၁၉,၀၀၀ | ၅ | ၉၅,၀၀၀ |
| TMH | ၂,၇၀၀ | ၂,၇၀၀ | ၁,၄၄၉ | ၃,၉၁၂,၃၀၀ |
| EFR | ၂,၇၀၀ | ၂,၇၅၀ | ၁၀၃ | ၂၇၈,၂၀၀ |
| AMATA | ၅,၀၀၀ | ၅,၀၀၀ | ၂၀၁ | ၁,၀၀၄,၉၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် နိုဝင်ဘာ ၁၄

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| ( ခ ) ဥရောပ | တစ်ယူရို | = | ၂၁၆၆.၈ |
| ( ဂ ) တရုတ် | တစ်ယွမ် | = | ၂၉၇.၈၃ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၈.၄၉၆ |
| ( င ) မလေးရှား | တစ်ရင်းဂစ် | = | ၄၅၆.၈၉ |
| ( စ ) အိန္ဒိယ | တစ်ရူပီး | = | ၂၅.၈၆၆ |
| (ဆ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၄၀၃.၇ |
| ( ဇ ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၅၂၇.၇ |
| ( ဈ ) ဂျပန် | တစ်ရာယန်း | = | ၁၄၉၈.၆ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၅၈.၆၂ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးစိုးစိုးနိုင်
**စာတည်းမှူး** - ဦးဝင်းနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
**ဘာသာပြန်စာတည်းများ** - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
**အကြီးတန်းသတင်းထောက်များ** - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
**သုတေသန** - ဒေါ်ဇင်မာဝင့်
**စာပြင်** - ဒေါ်နှင်းယုလှိုင်နှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဦးကျော်စွာလင်းနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - ဦးစည်သူလွင်နှင့်အဖွဲ့




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၂ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

☆ ရှေ့ဖုံးမှ

အလံတော်အဖွဲ့နှင့် အားကစားအသင်း ၁၇ သင်းမှ အားကစားသမားများ နေရာယူကြသည်။ ထို့နောက် ၂၀၂၂ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ဖွင့်လှစ်ကြောင်း ကြေညာချိန်တွင် တပ်မတော်အားကစားနှင့် ကာယပညာအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦးနှင့် နေပြည်တော် တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းတို့က ဖွင့်ပွဲစာတန်းပါ မိုးပျံပူဖောင်းများကို ဖဲကြိုးဖြတ်၍ လွှတ်တင်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် သည် စစ်ရေးပြမှူးကြီး ဦးဆောင်သော အလံတော် အဖွဲ့နှင့် အားကစားသမားများ၏ အလေးပြုခြင်းကို ခံယူသည်။



စစ်ရေးပြမှူးကြီးဦးဆောင်သော အလံတော်အဖွဲ့နှင့် အားကစားအသင်း ၁၇ သင်းမှ အားကစားသမားများ ကွင်းအတွင်း နေရာယူကြစဉ်။

### အမှာစကားပြောကြား

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် က ၂၀၂၂ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲဖွင့်ပွဲ အမှာစကားပြောကြားရာတွင် တပ်မတော်(ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲကြီး ကို နှစ်စဉ်ကျင်းပလာခဲ့သော်လည်း လွန်ခဲ့သည့် နှစ်များက ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်မှုနှုန်း မြင့်မားမှုများကြောင့် ရပ်နားထားခဲ့ရကြောင်း၊ ယနေ့ အချိန်တွင် ကိုဗစ်-၁၉ ကပ်ရောဂါကို အတိုင်းအတာ တစ်ခုအထိ ထိန်းချုပ်နိုင်ခဲ့ပြီဖြစ်သည့်အတွက် ယခု ပြိုင်ပွဲကြီးကို ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ ပြန်လည်ကျင်းပပေးခြင်းပင်ဖြစ်ကြောင်း။

ယခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲတွင် အားကစားနည်း ၁၀ မျိုးကို ယှဉ်ပြိုင်သွားကြမည်ဖြစ်ပြီး အဆိုပါ အားကစားနည်း များသည် မိမိတို့ တပ်မတော်သားများ၏ ကိုယ်ကာယ ကြံ့ခိုင်မှု၊ ဇွဲသတ္တိရှိမှု၊ စည်းလုံးညီညွတ်မှုတို့ကို ဖော်ညွှန်းသည့် ပြိုင်ပွဲတစ်ခုလည်းဖြစ်ကြောင်း၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲ များမှတစ်ဆင့် ထူးချွန်သည့် အားကစားသမားများကို နိုင်ငံ့ဂုဏ်ဆောင် မျိုးဆက်သစ်အားကစားသမားများ အဖြစ် ပေါ်ထွန်းလာစေရေး ရည်ရွယ်ကျင်းပသည့်ပွဲ ဖြစ်သောကြောင့် မိမိတို့တွင်ရှိသည့် အစွမ်းအစများကို အကောင်းဆုံး အသုံးချယှဉ်ပြိုင်သွားကြရန် ဦးစွာ တိုက်တွန်းမှာကြားလိုကြောင်း။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား (က)အဆင့် ဘောလုံးပြိုင်ပွဲ ပထမအကြိုဗိုလ်လုပွဲအဖြစ် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းနှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

### ကြိုးစားသွားကြရမည်

မိမိတို့တပ်မတော်အနေဖြင့် တပ်မတော် အားကစားနှင့် ကာယပညာ အုပ်ချုပ်ရေးအဖွဲ့နှင့် တပ်မတော်အားကစားကော်မတီများကို ဖွဲ့စည်း ထားရှိပြီးဖြစ်ကြောင်း၊ တပ်မတော်သားအားကစား သမားများ၏ အရည်အသွေးများ ပိုမိုထက်မြက်လာ စေရန်နှင့် အားကစားကိုဝါသနာပါသည့် တပ်မတော် သားများ စနစ်တကျလေ့လာနိုင်စေရေးအတွက် စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တပ်မတော် အနေဖြင့် အားကစားနည်းစနစ်များ ဖွံ့ဖြိုးတိုးတက် စေရေးနှင့် တပ်မတော်(ကြည်း၊ ရေ၊ လေ) လက်ရွေးစင် အသင်းများတွင် သွေးသစ်လောင်းနိုင်သည့် မျိုးဆက်သစ်အားကစားသမားများကို မွေးထုတ်ပေး နိုင်ရေး နှစ်စဉ်အားကစားပြက္ခဒိန်ကိုရေးဆွဲပြီး တိုင်းစစ်ဌာနချုပ်များအလိုက် ပြိုင်ပွဲများကို ကျင်းပ စေလျက်ရှိကြောင်း၊ **အားကစားမြှင့်တင်ခြင်းသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခြင်းပင်ဖြစ် သောကြောင့် မိမိတို့ယှဉ်ပြိုင်ကြရမည့် အားကစား ကဏ္ဍအလိုက် အောင်မြင်မှုများရရှိအောင် ကြိုးစားပြီး တပ်မတော်နှင့် နိုင်ငံတော်၏ဂုဏ်ကို မြှင့်တင်နိုင်သူ များဖြစ်အောင် ကြိုးစားသွားကြရမည်ဖြစ်ကြောင်း။**

အားကစားပြုလုပ်ခြင်းကြောင့် ရရှိသည့် ပထမဆုံးအကျိုးကျေးဇူးသည် မိမိတို့၏ တစ်ကိုယ်ရေ ကျန်းမာရေးကောင်းကျိုးပင်ဖြစ်ကြောင်း၊ ထိုမှ တစ်ဆင့် အသင်းအဖွဲ့နှင့် ကစားရသည့်ပြိုင်ပွဲများတွင် အချင်းချင်းစည်းလုံးညီညွတ်မှုကို ဖြစ်ပေါ်စေပြီး စုပေါင်းစိတ်ဓာတ်ကို ရရှိစေခဲ့ကြောင်း။

### ကျန်းမာကြံ့ခိုင်မှု အမြဲပြည့်ဝနေရန်

ယနေ့ကျင်းပသည့်ပြိုင်ပွဲများမှ အားကစားနည်း များသည် တပ်မတော်သားများနှင့် ကိုက်ညီသည့် အားကစားနည်းများပင်ဖြစ်ကြောင်း၊ နိုင်ငံတော် ကာကွယ်ရေးတာဝန် ထမ်းဆောင်နေကြရသည့် မိမိတို့ တပ်မတော်သားများသည် ကျန်းမာကြံ့ခိုင်မှု အမြဲပြည့်ဝနေရန်လိုအပ်ကြောင်း၊ ကျန်းမာကြံ့ခိုင် နေမှသာ မိမိတို့၏ ရည်မှန်းချက်တာဝန်များကို ကျေပွန်အောင် ထမ်းဆောင်နိုင်မည်ပင်ဖြစ်ကြောင်း၊ ထို့ကြောင့် **ကျန်းမာအောင်နေ သန်စွမ်းအောင် လေ့ကျင့်**ဟူသည့်အတိုင်း စားသောက်နေထိုင်မှုကို ဂရုပြုနေထိုင်ကြရမည့်အပြင် ကိုယ်ကာယကြံ့ခိုင်မှု နှင့် သက်လုံပြည့်ဝမှုရရှိစေရေးအတွက် နည်းစနစ် မှန်ကန်စွာ စဉ်ဆက်မပြတ် အားထုတ်ကြိုးပမ်းနေ ကြရမည်ဖြစ်ကြောင်း။

အားကစားဆိုသည်မှာ ပြောင်းလဲလာသည့် အခြေအနေအရပ်ရပ်နှင့်အညီ နိုင်ငံနှင့် လူမျိုးဂုဏ်ကို မြှင့်တင်ပေးသည့် အမျိုးသားရေးတာဝန်တစ်ရပ် လည်း ဖြစ်လာနေပြီကို ပြောကြားလိုကြောင်း၊ မိမိ အသင်း၊ မိမိနိုင်ငံအတွက် နောက်ဆုံးမိနစ်၊ နောက်ဆုံး စက္ကန့်အပိုင်းအခြားအထိ ပြိုင်ဘက်ကို အလျှော့ မပေးဘဲ အားကစားစိတ်ဓာတ်အပြည့်နှင့် ယှဉ်ပြိုင် ခြင်းသည် နိုင်ငံ့ပုံရိပ်ကိုမြှင့်တင်မည်ဟူသည့် ခံယူချက် ကြောင့်ပင်ဖြစ်ကြောင်း၊ အားကစားသမားကောင်း တစ်ယောက်၏ အောင်မြင်မှုနှင့် ထင်ပေါ်ကျော်ကြား မှုများသည် ရေမြင့်လျှင်ကြာတင့်ဆိုသကဲ့သို့ ၎င်း၏ ကိုယ်စားပြုနိုင်ငံကိုပါ အလိုလို မြှင့်တင်ပေးပြီးသား ဖြစ်စေခဲ့ကြောင်း။ **စာမျက်နှာ ၄ သို့ »»»**

**☆ အားကစားဆိုသည်မှာ ပြောင်းလဲလာသည့် အခြေအနေအရပ်ရပ်နှင့်အညီ နိုင်ငံနှင့် လူမျိုးဂုဏ်ကို မြှင့်တင်ပေးသည့် အမျိုးသားရေးတာဝန်တစ်ရပ်လည်း ဖြစ်လာနေပြီကို ပြောကြားလို**

**☆ မိမိအသင်း၊ မိမိနိုင်ငံအတွက် နောက်ဆုံး မိနစ်၊ နောက်ဆုံး စက္ကန့်အပိုင်းအခြားအထိ ပြိုင်ဘက်ကို အလျှော့မပေးဘဲ အားကစားစိတ်ဓာတ်အပြည့်နှင့် ယှဉ်ပြိုင်ခြင်းသည် နိုင်ငံ့ပုံရိပ်ကိုမြှင့်တင်မည်ဟူသည့် ခံယူချက်ကြောင့်ပင်ဖြစ်**

**☆ အားကစားသမားကောင်းတစ်ယောက်၏ အောင်မြင်မှုနှင့် ထင်ပေါ်ကျော်ကြားမှုများသည် ရေမြင့်လျှင်ကြာတင့်ဆိုသကဲ့သို့ ၎င်း၏ ကိုယ်စားပြုနိုင်ငံကိုပါ အလိုလို မြှင့်တင်ပေးပြီးသားဖြစ်စေ**






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်နှင့် တာဝန်ရှိသူများ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား (က)အဆင့် ဘောလုံးပြိုင်ပွဲပထမအကြိုဗိုလ်လုပွဲအဖြစ် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းနှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြစဉ်။

»»» **စာမျက်နှာ ၃ မှ**

ယနေ့ကျင်းပမည့် ပြိုင်ပွဲဝင်အားကစားများအနက် ပြိုင်ပွဲဝင်အားကစားတစ်မျိုးဖြစ်သည့် မြန်မာ့သိုင်းပညာရပ်သည် မြန်မာတိုင်းရင်းသားတို့၏ ဇာတိသွေး၊ ဇာတိမာန်ထက်သန်မှု၊ ရဲရင့်ဖျတ်လတ်မှုနှင့် ကိုယ်ကာယကြံ့ခိုင်မှုများကို ပြသသည့် ပညာရပ်တစ်ခုပင်ဖြစ်ကြောင်း၊ အတိတ်ကာလက တိုင်းတစ်ပါးနယ်ချဲ့များကို ရှုပ်ရှုပ်ချုံချုံခုခံတွန်းလှန်ခဲ့သည့် မြန်မာ့သမိုင်းတွင် မြန်မာ့ခေါင်းရေးအစွမ်းသည် အရေးပါသည့် အခန်းကဏ္ဍက ပါဝင်ခဲ့ကြောင်း၊ ထို့ကြောင့်လည်း မြန်မာ့သိုင်းပြိုင်ပွဲကို ၂၀၁၉ ခုနှစ်မှစပြီး ထည့်သွင်းယှဉ်ပြိုင်စေခဲ့ခြင်းဖြစ်ကြောင်း၊ ကာကွယ်ရေးကဏ္ဍတွင် အမျိုးသားများနည်းတူ ပါရမီဖြည့်ဖက်များ၏ကဏ္ဍသည်လည်း အရေးပါလျက်ရှိခြင်းကြောင့် ပြေးခုန်ပစ်၊ ဂျူဒို၊ ဘော်လီဘော၊ သေနတ်ပစ် စသည့်ပြိုင်ပွဲများတွင် အမျိုးသမီးပွဲစဉ်များကိုပါ ထည့်သွင်းယှဉ်ပြိုင်စေခြင်းဖြစ်ကြောင်း၊ ယခုနှစ်အတွင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ ရဲမေတစ်ဦးသည် ဂျူဒိုအားကစားနည်းဖြင့် ရွှေတံဆိပ်ဆုရယူနိုင်ခဲ့ပြီး တပ်မတော်သားများသာမက ပါရမီဖြည့်ဖက်ရဲမေများ၏ စွမ်းရည်များကိုပါ မြင်တွေ့ခဲ့ရသောကြောင့် အလွန်ပင် ဝမ်းသာဂုဏ်ယူကြောင်း။

တပ်မတော်အနေဖြင့် တိုင်းပြည်၏အားကစားကဏ္ဍကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုရန်နှင့် မြန်မာ့လက်ရွေးစင် အားကစားသမားကောင်းများ ပေါ်ထွက်လာစေရန်ရည်ရွယ်ပြီး တပ်မတော်ဘောလုံးအကယ်ဒမီသင်တန်းကို ၂၀၁၅ ခုနှစ်မှ စတင်ဖွင့်လှစ်ပေးခဲ့ပြီး ယခုဆိုပါက သင်တန်းအမှတ်စဉ်(၃)အထိ ဖွင့်လှစ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း။

အားကစားဟူသည်မှာ ကြံ့ခိုင်မှု၊ ခွန်အားရှိမှု၊ လျင်မြန်မှု၊ ကျွမ်းကျင်မှု၊ ခံနိုင်ရည်ရှိမှု၊ ပူးပေါင်းဆောင်ရွက်မှု စသည့် အခြေခံအချက် ခြောက်ချက်အပေါ်တွင် မူတည်လျက်ရှိသောကြောင့် အဆိုပါအရည်အသွေးများ ပြည့်ဝနေအောင် ကြိုးစားသွားကြရမည်ဖြစ်ကြောင်း၊ ထို့အပြင် မိမိတို့၏ကျွမ်းကျင်မှု၊ အတွေ့အကြုံနှင့် အလေ့အကျင့်တို့ကို စဉ်းစားဆင်ခြင်ဉာဏ်၊ လျှပ်တစ်ပြက်ဖြတ်ထိုးဉာဏ်၊ မှန်ကန်သည့်အယူအဆ၊ မှန်ကန်မြန်ဆန်သည့် ဆုံးဖြတ်ချက်များနှင့် ပေါင်းစပ်အသုံးချယှဉ်ပြိုင်ပါက အောင်ပွဲဆင်နိုင်မည်ဖြစ်ကြောင်း၊ ယနေ့ကျင်းပသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲ အသီးသီးမှတစ်ဆင့် မိမိတို့၏အရည်အချင်းများကို ဖော်ထုတ်ပြီး အောင်မြင်မှုရရှိသူများဖြစ်အောင် ကြိုးစားကြရန်၊ အားကစားကဏ္ဍမြှင့်တင်ခြင်းဖြင့် နိုင်ငံတော်ကို တစ်ဖက်တစ်လမ်းက ကာကွယ်စောင့်ရှောက်နေသည်ဟူသည့် အသိတရားမွေးမြူပြီး မလျှော့သော ဇွဲ၊ လုံ့လများနှင့် ကြိုးစားယှဉ်ပြိုင်သွားကြရန်၊ အတိတ်က နိုင်ငံ့ဂုဏ်ဆောင်ခဲ့ကြသည့် တပ်မတော်သားအားကစားသမားများ၏ကောင်းမွေများကိုခံယူပြီး နောင်လာနောက်သား မျိုးဆက်သစ်အားကစားသမားများအတွက် စံနမူနာပြ လက်ဆင့်ကမ်းအမွေပေးနိုင်အောင် ကြိုးစားရန်၊ စစ်သားကောင်း၊ အားကစားသမားကောင်းပီသသည့် စိတ်ဓာတ်များဖြင့် တပ်မတော်နှင့် နိုင်ငံတော်၏ပုံရိပ်ကို မြှင့်တင်နိုင်သည့် အားကစားသမားကောင်းများဖြစ်အောင် ကြိုးစားသွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ယင်းနောက် စစ်ရေးပြမှူးကြီး ဦးဆောင်သောအလံတော်အဖွဲ့နှင့် အားကစားအသင်း ၁၇ သင်းမှ အားကစားသမားများက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြုပြီး ပြန်လည်ထွက်ခွာသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား (က)အဆင့် ဘောလုံးပြိုင်ပွဲပထမအကြိုဗိုလ်လုပွဲအဖြစ် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းနှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြသည်။

အဆိုပါပွဲစဉ်တွင် အကြိုဗိုလ်လုပွဲသို့ တက်ရောက်လာသည့်အသင်းများဖြစ်သည်နှင့်အညီ တစ်ဖက်နှင့်တစ်ဖက် အကြိတ်အနယ် ရေကုန်ရေခန်း အပြန်အလှန်ယှဉ်ပြိုင်ကစားခဲ့ကြပြီး သာမန်ပွဲကစားချိန်ပြီးဆုံးသည့်အချိန်တွင် တစ်ဖက် တစ်ဂိုးစီဖြင့် သရေရလဒ်ထွက်ပေါ်ခဲ့သောကြောင့် အချိန်ပိုဆက်လက်ယှဉ်ပြိုင်ကစားခဲ့ကြသည်။ အချိန်ပိုပထမပိုင်း ၁၄ မိနစ်တွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းက တစ်ဂိုး ထပ်မံသွင်းယူနိုင်ခဲ့သောကြောင့် ပွဲစဉ်ပြီးဆုံးချိန်တွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းက အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

၂၀၂၂ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲတွင် ဘောလုံးပြိုင်ပွဲ၊ ပြေးခုန်ပစ်(ကျား/မ)ပြိုင်ပွဲ၊ ဂျူဒို(ကျား/မ)ပြိုင်ပွဲ၊ တိုက်ကွမ်ဒိုပြိုင်ပွဲ၊ ဘော်လီဘော(ကျား/မ)ပြိုင်ပွဲ၊ မြန်မာ့သိုင်းပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ကရာတေးဒိုပြိုင်ပွဲ၊ လက်ဝှေ့ပြိုင်ပွဲနှင့် သေနတ်ပစ်(ကျား၊ မ)ပြိုင်ပွဲ စသည့် အားကစားပြိုင်ပွဲ ၁၀ မျိုးကို ၂၅ ရက်အထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❖ **အတိတ်က နိုင်ငံ့ဂုဏ်ဆောင်ခဲ့ကြသည့် တပ်မတော်သားအားကစားသမားများ၏ ကောင်းမွေများကို ခံယူပြီး နောင်လာနောက်သား မျိုးဆက်သစ်အားကစားသမားများအတွက် စံနမူနာပြ လက်ဆင့်ကမ်းအမွေပေးနိုင်အောင်ကြိုးစားရန်၊ စစ်သားကောင်း၊ အားကစားသမားကောင်းပီသသည့် စိတ်ဓာတ်များဖြင့် တပ်မတော်နှင့် နိုင်ငံတော်၏ပုံရိပ်ကို မြှင့်တင်နိုင်သည့် အားကစားသမားကောင်းများဖြစ်အောင် ကြိုးစားသွားကြရန် တိုက်တွန်းမှာကြား**



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား (က)အဆင့် ဘောလုံးပြိုင်ပွဲ ပထမအကြိုဗိုလ်လုပွဲအဖြစ် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းနှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား (က)အဆင့် ဘောလုံးပြိုင်ပွဲ ပထမအကြိုဗိုလ်လုပွဲအဖြစ် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းနှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

## တာဝန်မှအနားယူခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ်၊ ၆၆ / ၂၀၂၂**

၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက်
(၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်)

### တာဝန်မှအနားယူခွင့်ပြုခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးအား တာဝန်မှအနားယူခွင့် ပြုလိုက်သည်။

**အမိန့်အရ**
**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

## တာဝန်မှအနားယူခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ်၊ ၆၇ / ၂၀၂၂**

၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက်
(၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်)

### တာဝန်မှအနားယူခွင့်ပြုခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရွှေလေးအား တာဝန်မှ အနားယူခွင့်ပြုလိုက်သည်။

**အမိန့်အရ**
**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

## ပြည်ထောင်စုဝန်ကြီးတာဝန် ပူးတွဲခန့်အပ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ်၊ ၆၈ / ၂၀၂၂**

၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက်
(၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်)

### ပြည်ထောင်စုဝန်ကြီးတာဝန် ပူးတွဲခန့်အပ်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတာဝန် ပူးတွဲခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**
**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

## ပြည်ထောင်စုဝန်ကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ်၊ ၆၉ / ၂၀၂၂**

၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက်
(၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်)

### ပြည်ထောင်စုဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဦးမျိုးသန့်အား ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**
**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

# လျှပ်စစ် စစ်ဆေးရေးလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်မှုအခြေခံသင်တန်း အမှတ်စဉ်(၁/၂၀၂၂) သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၄**

ပြည်သူများ လျှပ်စစ်အန္တရာယ်ကြောင့် အသက် အိုးအိမ်စည်းစိမ်များ ပျက်စီးမှုမရှိစေရန်၊ လျှပ်စစ်အား အကျိုးရှိထိရောက်စွာ အသုံးပြုတတ်စေရန်၊ လျှပ်စစ်ကြောင့် ဓာတ်လိုက်မှုဖြစ်စဉ်များ လျော့နည်းသွားစေရန်၊ လူငယ်များအလုပ်အကိုင်အခွင့်အလမ်းများ ရရှိ၍ ဝင်ငွေတိုးတက်လာပြီး လူနေမှုအဆင့်အတန်းများ မြင့်မားလာစေရန်၊ ဆင်းရဲနွမ်းပါးမှုလျော့ချနိုင်စေရန် တို့အတွက် စက်မှုဝန်ကြီးဌာနအနေဖြင့် လျှပ်စစ်ကျွမ်းကျင်မှုသင်တန်းများကို ဖွင့်လှစ်ပေးလျက်ရှိသည်။

**တက်ရောက်**

လျှပ်စစ် စစ်ဆေးရေးလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်မှုအခြေခံသင်တန်းအမှတ်စဉ်(၁/၂၀၂၂) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းရှိ အဆိုပါသင်တန်းခန်းမ၌ ကျင်းပရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ရန်ကုန်တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်းနှင့် တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူး၊ စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာစက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက သင်တန်းဖွင့်အမှာစကား ပြောကြားရာတွင် ယခုသင်တန်းသည် စက်မှုဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်ရန် ပြည်ထောင်စု



ရာထူးဝန်အဖွဲ့မှ ရွေးချယ်ခေါ်ယူခဲ့သော လုပ်ငန်းခွင်သို့ ဝင်ရောက်နေသည့် မျိုးဆက်သစ် အင်ဂျင်နီယာအရာထမ်းများအတွက် ဖွင့်လှစ်သည့် အထူးသင်တန်းဖြစ်ကြောင်း၊ လျှပ်စစ်အန္တရာယ်ဖြစ်ပွားမှုနှင့် စပ်လျဉ်းသည့် အတွေ့အကြုံဗဟုသုတများ၊ လျှပ်စစ်အန္တရာယ် ကင်းရှင်းစေရေးအတွက် ဆောင်ရန်/ရှောင်ရန်အချက်များ၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရန် ဆောင်ရွက်ရမည့် နည်းပညာဆိုင်ရာအချက်များကို လေ့လာသင်ယူရခြင်းဖြင့် မိမိနှင့် မိမိပတ်ဝန်းကျင်ဖြစ်သော စက်ရုံ/အလုပ်ရုံများ၊ စစ်ဆေးရေးဌာနများ၊ လူမှုဝန်းကျင်တို့တွင် လျှပ်စစ်အန္တရာယ် လျော့နည်းပပျောက်စေရေးအတွက် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ မိမိဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်ကို စိတ်ဝင်စားသော၊ သင်ယူလိုစိတ်၊ ဖန်တီးတီထွင်လိုစိတ် စသည်ဖြင့် စိတ်အားထက်သန်နေသော အင်ဂျင်နီယာအရာရှိငယ် မောင်/မယ်များအတွက် ဌာနက အားကိုးရမည့် အရာရှိကြီးများ၊ အဖွဲ့အစည်း အကြီးအမှူးကြီးများထိဖြစ်အောင် သင်ကြားပေးရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ သင်တန်းမှ ပို့ချသည့်ဘာသာရပ်များကို လက်တွေ့လုပ်ငန်းခွင်တွင် ပြန်လည်အသုံးပြုနိုင်သည်အထိ စိတ်ဝင်တစားဖြင့် လေ့လာသင်ယူကြရန် လမ်းညွှန်မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် သင်တန်းသားများအနေဖြင့် လုပ်ငန်းဆိုင်ရာ ကျွမ်းကျင်မှုရှိအောင်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် အင်ဂျင်နီယာတစ်ဦး လိုက်နာရမည့်ကျင့်ဝတ်များကို Power Point ဖြင့် အကျယ်တဝင့် ရှင်းလင်းဆွေးနွေးသည်။

**သင်ကြားပို့ချမည်**

လျှပ်စစ် စစ်ဆေးရေးလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်မှုအခြေခံသင်တန်းအမှတ်စဉ်(၁/၂၀၂၂) သင်တန်းတွင် လျှပ်စစ် စစ်ဆေးရေးဌာနအကြောင်းသိကောင်းစရာ၊ လျှပ်စစ်ဥပဒေ၊ လျှပ်စစ်နည်းဥပဒေနှင့် လျှပ်စစ်ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ လျှပ်စစ်စစ်ဆေးရေးဌာနမှ ဆောင်ရွက်နေသည့်လုပ်ငန်းများ၊ တိုင်းတာရေးမီတာများနှင့် မီတာတိုင်းတာနည်းစနစ်များအကြောင်း၊ ဓာတ်လှေကား/စက်လှေကား စစ်ဆေးခြင်းဆိုင်ရာများ၊ ဓာတ်အားလိုင်း/ဓာတ်အားခွဲရုံအကြောင်း သိကောင်းစရာများ၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးဆိုင်ရာသိကောင်းစရာများ၊ မြေဓာတ်ချစနစ်နှင့် မိုးကြိုးလွှဲစနစ်အကြောင်း၊ ဓာတ်လိုက်မှုစစ်ဆေးခြင်းနှင့် သက်ဆိုင်သည့်အကြောင်းအရာများ၊ လျှပ်စစ်စစ်ဆေးရေးဌာနနှင့် ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများနှင့် ဆက်နွယ်ဆောင်ရွက်မှုများ၊ ကောင်းကင်ဓာတ်အားလိုင်းအကြောင်း သိကောင်းစရာများ စသည့်ဘာသာရပ်များကို သင်ကြားပို့ချပေးမည်ဖြစ်သည်။ အဆိုပါသင်တန်းသို့ စက်မှုဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်မည့် အင်ဂျင်နီယာ ၄၁ ဦး တက်ရောက်မည်ဖြစ်ပြီး နိုဝင်ဘာ ၁၄ ရက်မှ ၂၅ ရက်အထိ ရက်သတ္တ နှစ်ပတ်ကြာ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

(၁၀၂) ကြိမ်မြောက် အမျိုးသားအောင်ပွဲနေ့အကြိုဂုဏ်ပြုဆောင်းပါး

# "မြန်မာ"ဟူသော "မြန်မာစိတ်ဓာတ်" နှင့် အမျိုးသားနေ့

မောင်သမ္မာဒိဋ္ဌိ

"မြန်မာ" ဟူသော အမည်သည် တိုင်းရင်းသား လူမျိုးတစ်မျိုးတည်းကို ရည်ညွှန်းကိုယ်စားပြုသည့် အမည်လုံးဝ မဟုတ်ပါ။ မြန်မာအဘိဓာန်ကျမ်းကြီး "မြန်မာနိုင်ငံအဘိဓာန်ကျမ်းကြီး" တွင် "နှစ်ရှည် ကာလရှည်စွာ အစဉ်အဆက် ပျံ့နှံ့စွာ အတူတကွ အခြေစိုက်နေထိုင်သော တိုင်းရင်းသားလူမျိုး"ဟု အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။ ထို့ကြောင့် "မြန်မာ" ဟူသော အမည်နာမသည် ပြည်ထောင်စုဖွား တိုင်းရင်းသားမျိုးနွယ်စုအားလုံးအတွက် ပေါင်းရုံး သိမ်းကျုံးကာ ခေါ်ဝေါ်သတ်မှတ်ထားသည်မှာ ထင်ရှားလှပါသည်။ အင်္ဂလိပ်ဘာသာအားဖြင့်လည်း "ပြည်ထောင်စု မြန်မာနိုင်ငံ" (Union of Myanmar) ဟု ဖွင့်ဆိုသတ်မှတ်ထားခြင်း ဖြစ်ပါသည်။

တစ်ခုတည်းသော ပိုင်နက်နယ်မြေနယ်နိမိတ် အတွင်း၌ နှစ်ပရိစ္ဆေဒရှည်ကြာလှစွာ ကတည်းကပင် ဘိုးဘေးဘီဘင် အစဉ်မပြတ် နေရာဒေသဖြန့်၍ ပျံ့နှံ့စွာ ကူးလူးသွားလာ ဆက်ဆံပေါင်းသင်း မှီတင်း အခြေစိုက် မိလိုက်ဖပါ နေထိုင်လာကြကုန်သော ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးကို ကိုယ်စားပြုအမည်စကားလုံး နှစ်လုံးတည်းဖြင့် ပေါင်းရုံးကာ"မြန်မာ"ဟု ခေါ်ဆိုခြင်းပင် ဖြစ်ပါသည်။

**"မြန်မာစိတ်ဓာတ်"နှင့် ဝံသာနုရက္ခိတတရား**

ပြည်ထောင်စုမြန်မာနိုင်ငံသမိုင်းတွင် ကြုံတွေ့ခဲ့ရသည့် သူ့ကျွန်ဘဝသည်လည်း မျိုးချစ်စိတ်ဓာတ်နှင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးကို အမြဲတစေ ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်ကြောင်း ဖော်ပြနေသည့် သမိုင်းရေးသင်ခန်းစာတစ်ခုဖြစ်ပါသည်။

မျိုးချစ်စိတ်ဓာတ်နှင့် ဝံသာနုရက္ခိတတရားကို အရင်းခံခဲ့သောကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် မြန်မာလူမျိုးဟူ၍ တည်ရှိနေခြင်းပင် ဖြစ်ပါသည်။ အမှန်မှာ နှစ်ပေါင်းထောင်ချီ၍ ကြာရှည်တည်တံ့ခဲ့သော မြန်မာ့သမိုင်းသည် မျိုးချစ်စိတ်ဓာတ်ရှိသူများ၏ သမိုင်းသာ ဖြစ်ပါသည်။ အနော်ရထာအစ၊ ဘုရင့်နောင်အလယ်၊ အလောင်းဘုရားအဆုံး မြန်မာ့သမိုင်းကို လက်ရုံးရည်၊ နှလုံးရည်တို့ဖြင့် ဖန်တီးတည်ဆောက်နိုင်ခဲ့ကြသူတို့သည် မျိုးချစ်စိတ်ဓာတ်၊ ဝံသာနုရက္ခိတတရားကို နှလုံးသွင်း ကျင့်ကြံ ဆောင်ရွက်ခဲ့ကြသူများပင်ဖြစ်ပါသည်။ ထိုခေါင်းဆောင်ကြီးများသည် ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းဖြင့် အမျိုးဘာသာသာသနာတို့ကို ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြပါသည်။

အင်္ဂလိပ်ကိုလိုနီနယ်ချဲ့၏ တစ်ပါးကျွန်ဘဝမှ လွတ်မြောက်အောင် ကြံ့ဆောင်ကြိုးပမ်းခဲ့ကြရာ



၁၉၂၀ ပြည့်နှစ်သပိတ်၏ အသီးအပွင့်များအဖြစ် မြန်မာပြည်အရပ်ရပ်တွင် အမျိုးသားကျောင်းများ ပေါ်ပေါက်ခဲ့ရာ အမျိုးသားကျောင်းများ၏အစ ရန်ကုန်မြို့ရှိ မြို့မကျောင်းပုံ။

တွင်လည်း မျိုးချစ်စိတ်ကို အရင်းခံ၍ ဆောင်ရွက်ခဲ့ကြပါသည်။ မိမိနိုင်ငံ၊ မိမိလူမျိုး၊ သမိုင်းနှင့် ယဉ်ကျေးမှုကို တန်ဖိုးထားမြတ်နိုးတတ်ကြသူများ၊ နိုင်ငံတော်ကို ဖန်တီးဦးဆောင်တည်ဆောက်ခဲ့ကြသူများသာ ဖြစ်ကြပါသည်။ ကမ္ဘာတည်သရွေ့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး အဓွန့်ရှည် ကြာစွာ တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရန်မှာလည်း မျိုးချစ်စိတ်ဓာတ်ရှိကြသူ တိုင်း၏ အမျိုးသားရေးတာဝန်ကြီး တစ်ရပ်ပင် ဖြစ်ပါသည်။

အမျိုးသားရေး စရိုက်လက္ခဏာများကို ထိန်းသိမ်းစောင့်ရှောက်မှုမရှိပါက မြန်မာနိုင်ငံနှင့် မြန်မာလူမျိုး ပျောက်ကွယ်သွားမည်ဖြစ်ပါသည်။ ထို့ကြောင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေး၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတို့သည် တစ်ခုနှင့်တစ်ခု ဆက်စပ်နေသော ဦးတည်ချက်များပင် ဖြစ်ပါသည်။

မိမိဇာတိ၊ မိမိအမျိုးကို မြတ်နိုးတွယ်တာခြင်း၊ တန်ဖိုးထားခြင်းသည်ပင် မျိုးချစ်စိတ်၊ တိုင်းချစ်ပြည်ချစ်စိတ်ပင်ဖြစ်ပါသည်။ မိမိနိုင်ငံနှင့်လူမျိုး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင်လည်း မျိုးချစ်စိတ်ဓာတ်ကို အခြေခံ၍ ဆောင်ရွက်မှသာ ပိုမိုထိရောက် အောင်မြင်မှုရရှိနိုင်မည်ဖြစ်ပါသည်။

**"အင်္ဂလိပ်ကိုလိုနီစနစ်အောက် ကျရောက်ခဲ့ရသော မြန်မာတိုင်းရင်းသားတို့သည် နိုင်ငံရေးအရ ဖိနှိပ်ချုပ်ချယ်ခံရမှု၊ စီးပွားရေးအရခေါင်းပုံဖြတ် အမြတ်ထုတ်ခံရမှု၊ လူမှုရေးအရ ချိုးနှိမ်ခံရမှုများကို တွေ့ကြုံခံစားခဲ့ရသည့်အပြင် ဘာသာသာသနာ ယဉ်ကျေးမှုတို့မှာလည်း မှေးမှိန်လာခဲ့သည်။ အင်္ဂလိပ်နယ်ချဲ့အစိုးရအာဏာပိုင်များက မြန်မာစာပေတွင် ဗျည်းအက္ခရာ ၃၃ လုံးမှ အသံတူသော အက္ခရာ ၆ လုံးကိုဖြုတ်ကာ အက္ခရာ ၂၆ လုံးဖြစ်အောင် သတ်မှတ်ရန် စီစဉ်ဆောင်ရွက်ခဲ့ကြပြန်ပါသည်။ မြန်မာအက္ခရာ ၃၃ လုံးကို အင်္ဂလိပ်အက္ခရာ ၂၆ လုံးအတိုင်းဖြစ်ရန် အဓမ္မစီစဉ်ခဲ့ကြခြင်းပင်ဖြစ်သည်။ မြန်မာမျိုးချစ်ကျောင်းဆရာ ဆရာမတို့က ဝိုင်းဝန်းကန့်ကွက်ခဲ့၍ အင်္ဂလိပ်နယ်ချဲ့အစိုးရ အာဏာပိုင်များ၏အစီအစဉ် ပျက်ပြားသွားခဲ့ရခြင်းပင်ဖြစ်"**

မျိုးချစ်စိတ်ဓာတ် ခေါင်းပါးသူများသည် တိုင်းတစ်ပါးကို အထင်ကြီးကာ အမေကိုကျော်၍ ထွေးတော်ကို လွမ်းတတ်ကြပါသည်။ အမျိုးသားသစ္စာဖောက်တို့သည် မျိုးချစ်စိတ် ခေါင်းပါးသူတို့အထဲမှ ထွက်ပေါ်လာတတ်သည့် မျိုးချစ်စိတ်ဓာတ် ခေါင်းပါးသူများ၊ အမျိုးဂုဏ် ဇာတိဂုဏ်ကို တန်ဖိုးမထားတတ်သူများသည် နိုင်ငံတော်၏အတွင်းရန်သူများဖြစ်ကြသည်။ ထိုသူတို့သည် မိမိတိုင်းပြည်နှင့် လူမျိုး ပျက်စီးရာပျက်စီးကြောင်းကို ကြံစည်ကျူးလွန်ရန်လည်း ဝန်မလေးတတ်ကြပါ။ သူခိုးကို ဓားရိုးကမ်းရန်လည်း လက်မနှေးတတ်ကြပါ။ ဇာတ်တူသာကိုစား၍ မျိုးဖျက်ရန်လည်း မကြောက်ရွံ့ကြပါ။

**အမျိုးသားအောင်ပွဲနေ့ သို့မဟုတ်
မြန်မာ့လွတ်လပ်ရေးအတွက်
ပထမဦးဆုံးအမျိုးသားရေး
လှုပ်ရှားမှုအောင်ပွဲကြီး**

အမျိုးသားရေးလက္ခဏာများ၊ အမျိုးသား ယဉ်ကျေးမှုများ တိမ်မြုပ်ပျောက်ကွယ်ပါက မျိုးချစ်စိတ်လည်း လျော့နည်းခေါင်းပါးမည်သာဖြစ်သည်။ မျိုးချစ်စိတ်ဓာတ် ကင်းမဲ့ခြင်းသည် တိုင်းပြည်နှင့် လူမျိုးအတွက် ကြီးမားလွန်းလှသော အန္တရာယ်ဖြစ်သည်။ ထို့ကြောင့် တိုင်းပြည်တည်ဆောက်ရေးအတွက် မျိုးချစ်စိတ်ဓာတ်ကို အရင်းခံ၍ ဆောင်ရွက်မှသာ ပိုမိုထိရောက်အောင်မြင်မည်ဖြစ်ပြီး နိုင်ငံတော်ကာကွယ်ရေးတွင်လည်း ကိုယ့်နိုင်ငံ ကိုယ့်လူမျိုးအတွက် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်နေမှသာ ကာကွယ်ရေးစွမ်းရည်များ ပိုမိုထက်မြက်မည် ဖြစ်သည်။

အမျိုးသားနေ့သည် အင်္ဂလိပ်နယ်ချဲ့အစိုးရ၏ လက်အောက်ခံဘဝမှ လွတ်မြောက်ရေးအတွက် ပထမဦးဆုံး ကိုလိုနီနယ်ချဲ့သမားကို တစ်နိုင်ငံလုံး လူထုနည်းဖြင့် အမျိုးသားပညာရေးလှုပ်ရှားမှုမှ စတင်ပေါ်ပေါက်လာခဲ့သည့် အမျိုးသားအောင်ပွဲနေ့ပင်ဖြစ်သည်။

အင်္ဂလိပ်နယ်ချဲ့အစိုးရသည် တက္ကသိုလ်ပညာရပ်များကို လွတ်လပ်စွာ သင်ယူခွင့်မပြုဘဲ ဖိနှိပ်ချုပ်ချယ်ကာ ကိုလိုနီအုပ်ချုပ်ရေးယန္တရားတစ်ခုလုံး လည်ပတ်နိုင်စေရန်အတွက်သာ တစ်ဖက်သတ် ပညာရေးဥပဒေကို ပြဋ္ဌာန်းခဲ့သည်။ အင်္ဂလိပ်နယ်ချဲ့အစိုးရ၏ တက္ကသိုလ်ပညာရေးစနစ်နှင့် ပတ်သက်၍ အင်္ဂလိပ်လူမျိုးသုတေသနပညာရှင် "ဂျေအက်စ်ဖာနီဗယ်လ်" (J.S Furnivall) က "ဗြိတိသျှအစိုးရသည် မြန်မာနိုင်ငံ၌ ပညာရေးစနစ်ကို ကျင့်သုံးရာ၌ စာရေးစာချီ၊ ရှေ့နေရှေ့ရပ်ဖြစ်ရန်သာ ရည်ရွယ်၍ အင်ဂျင်နီယာ၊ ဆရာဝန်များ၊ သဘာဝသိပ္ပံပညာရှင်များ၊ စီးပွားရေးပညာရှင်များ ဖြစ်မြောက်စေလိုသော ရည်ရွယ်ချက်ဖြင့် သင်ကြားပေးခြင်း အလျဉ်းမရှိပါ" ဟု သူ၏ "ကိုလိုနီဝါဒနှင့် လက်တွေ့ကျင့်သုံးမှု" (Colonial Theory and Practice) အမည်ရှိ စာအုပ်၌ ဓမ္မဓိဋ္ဌာန်ကျကျ ဝေဖန်ရေးသားဖော်ပြခဲ့သည်။

အင်္ဂလိပ်နယ်ချဲ့အစိုးရသည် ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁ ရက်နေ့တွင် ရန်ကုန်တက္ကသိုလ် ဥပဒေသစ်တစ်ရပ်ပြဋ္ဌာန်းခဲ့ရာ ထိုဥပဒေတွင် တက္ကသိုလ်ပညာကို ကျောင်းအိပ် ကျောင်းစား နေထိုင်သူများသာ သင်ယူခွင့်ပြုရန်၊ တက္ကသိုလ်ကျောင်းသားဦးရေကို ကန့်သတ်ရန်၊ အင်္ဂလိပ်စာ ထူးချွန်သူများကိုသာ သင်ယူခွင့်ပြုရန်၊ ဥပစာဝိဇ္ဇာတန်း (IA) ပထမနှစ်တွင် အင်္ဂလိပ်ဘာသာ တစ်နှစ်တိတိသင်ယူရန်၊ တက္ကသိုလ်စာမေးပွဲများကို ရေးဖြေအပြင် နှုတ်ဖြေပါဖြေဆိုကြရန်၊ တက္ကသိုလ်ဝင်တန်းနှင့် တန်းမြင့်ကျောင်းထွက်လက်မှတ်ရ ကျောင်းသား ကျောင်းသူများသည် ကြားခံ တစ်နှစ် သင်ယူပြီးမှ တက္ကသိုလ်သို့ ဝင်ခွင့်ပြုရန်စသည်များ ပါဝင်သည်။

ထိုသို့ ရန်ကုန်တက္ကသိုလ်၏ ကန့်သတ်ချုပ်ချယ်မှုများကို ပြန်လည်ပြင်ဆင်ပေးရန် ဂျီစီဘီအေ (GCBA) အသင်းချုပ်ကြီးက မေတ္တာရပ်ခံခဲ့ရာ မြန်မာနိုင်ငံ ဒုတိယဘုရင်ခံချုပ် "ဆာရီဂျင်နယ် ကရက်ဒေါက်" (Sir Regionald Grackdock) က လုံးဝလက်မခံခဲ့ဘဲ အတည်ပြုပြဋ္ဌာန်းခဲ့သည်။ ထို့ကြောင့် ရန်ကုန်တက္ကသိုလ်မှ ကျောင်းသားခေါင်းဆောင်များသည် သပိတ်မှောက်ရန် ညှိနှိုင်းဆုံးဖြတ်ခဲ့ကြသည်။ ဒီဇင်ဘာလ ၅ ရက်နေ့တွင် ဒုတိယဘုရင်ခံချုပ် ဆာရီဂျင်နယ်ကရက်ဒေါက် ရန်ကုန်တက္ကသိုလ်ကို ဖွင့်လှစ်ရန် ရောက်ရှိလာလျှင် ကျောင်းမတက်ဘဲ သပိတ်တိုက်ပွဲဆင်နွှဲရန် အစီအစဉ်အတိုင်း ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၅ ရက် (၁၂၈၂ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့)တွင် စတင်သပိတ်မှောက်ခဲ့ကြသည်။ တက္ကသိုလ်သပိတ်စခန်းကို ဗဟန်းရွှေကျင်ကျောင်းတွင် ဖွင့်လှစ်ထားရှိခဲ့သည်။ **စာမျက်နှာ ၇ သို့** ❂

✪ စာမျက်နှာ ၆ မှ

ရန်ကုန်တက္ကသိုလ်တိုက်ပွဲသည် တက္ကသိုလ်ပညာရပ် (Academic) ကို ဦးတည်ဆန့်ကျင် တိုက်ပွဲဝင်ခြင်းမျိုးမဟုတ်ဘဲ တစ်ဖက်သတ်ကျသော ပညာရေးဖိနှိပ်ချုပ်ချယ် ကန့်သတ်မှုများကို ရုပ်သိမ်းပယ်ဖျက်ပေးရန်ကိုသာ ဦးတည်ကာ အမျိုးသားပညာရေးလှုပ်ရှားသပိတ်ကို ဆင်နွှဲခဲ့ခြင်းပင် ဖြစ်ပါသည်။ ထိုစဉ်က တက္ကသိုလ်ကျောင်းသားများသည် ကျောင်းပြီးလျှင် မြို့ပိုင်၊ နယ်ပိုင်၊ အရေးပိုင်၊ ဝန်ထောက် စသည့်ရာထူးများရရှိနိုင်သော်လည်း ကိုယ်ကျိုးကို စွန့်လွှတ်ကာ ပညာရေးသပိတ်တိုက်ပွဲဆင်နွှဲလိုက်သောအခါ တစ်ပြည်လုံးရှိ ကျောင်းသားကျောင်းသူများသာမက မိဘဆွေမျိုးသားချင်းများပါ ပါဝင်ဆင်နွှဲလာကြသဖြင့် တစ်မျိုးသားလုံး၏သပိတ်တိုက်ပွဲပုံသဏ္ဌာန်သို့ ပြောင်းလဲသွားခဲ့ရာ အင်္ဂလိပ်နယ်ချဲ့အစိုးရမှာ ခြေမကိုင်မိ လက်မကိုင်မိဖြစ်ကာ တုန်လှုပ်ချောက်ချားသွားတော့သည်။ ထို့ကြောင့် ဒုတိယဘုရင်ခံချုပ် ဆာရီဂျင်နယ် ကရက်ဒေါက်က "ဤရန်ကုန်တက္ကသိုလ် သပိတ်တိုက်ပွဲကြီးကို ထိထိရောက်ရောက် မကိုင်တွယ်နိုင်လျှင် ဗြိတိသျှအစိုးရက မြန်မာပြည်ကို လက်လွှတ်ရပါလိမ့်မည်" ဟု အိန္ဒိယဘုရင်ခံချုပ်ထံ အစီရင်ခံတင်ပြခဲ့ရသည်။

ပထမအကြိမ် ရန်ကုန်တက္ကသိုလ်သပိတ်၏ အမျိုးသားပညာရေးလှုပ်ရှားမှုများကြောင့် ဗဟန်းအမျိုးသားကောလိပ်နှင့် တစ်ပြည်လုံးအနှံ့အမျိုးသားကျောင်းများ ဖွင့်လှစ်နိုင်ခဲ့သည်။ ထို့ကြောင့် အင်္ဂလိပ်နယ်ချဲ့အစိုးရသည် ၁၉၂၀ ပြည့်နှစ် ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို လိုက်လျောပြင်ဆင်ပေးခဲ့ရသည်။ ၁၉၂၁ ခုနှစ် အောက်တိုဘာလတွင် ဂျီစီဘီအေအသင်းကြီးက အစည်းအဝေးကျင်းပပြီး ရန်ကုန်တက္ကသိုလ် ကျောင်းသားသပိတ်တိုက်ပွဲ စတင်ဆင်နွှဲခဲ့သည့် ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၅ ရက်နေ့ (၁၂၈၂ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်)ကို "အမျိုးသားအောင်ပွဲနေ့" (National Day) အဖြစ် စတင်သတ်မှတ်ခဲ့ပြီး အင်္ဂလိပ်နယ်ချဲ့အစိုးရက ၁၉၄၀ ပြည့်နှစ်တွင် အမျိုးသားနေ့ကို တစ်ပြည်လုံးရုံးပိတ်ရက်အဖြစ် သတ်မှတ်ပေးခဲ့သည်။

**မျိုးချစ်စိတ်ဓာတ်နှင့် ဝံသာနုရက္ခိတတရား**

စာရေးသူငယ်စဉ်ကာလ မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းသားဘဝက ဇာတိမွေးမြေ သာယာဝတီခရိုင် စစ်ကွင်းမြို့၌ နေခဲ့စဉ်၏ အမျိုးသားအောင်ပွဲနေ့တိုင်း ပါဝင်ဆင်နွှဲခဲ့ရသော အမှတ်ရစရာ အတွေ့အကြုံများကို အနည်းငယ်တင်ပြလိုပါသည်။ အမျိုးသားအောင်ပွဲနေ့ အခမ်းအနားကို လွတ်လပ်ရေးကျောက်တိုင်အနီးရှိ အားကစားကွင်း၌ကျင်းပပြီး ထိုစဉ်က မြို့မိမြို့ဖတစ်ဦးဖြစ်သူ ရွှေကျောက်မျက်လုပ်ငန်းရှင် ဦးသောင်ကလေးက အမျိုးသားနေ့အကြောင်းကို ကျောင်းသားကျောင်းသူများအား ဟောပြောလေ့ရှိသည်။ ဟောပြောပွဲပြီးလျှင် အစိုးရအထက်တန်းကျောင်း၊ အလယ်တန်းကျောင်း၊ မူလတန်းကျောင်း အသီးသီးမှ ကျောင်းသား ကျောင်းသူများက အတန်းလိုက် ဖျော်ဖြေတင်ဆက်ကြရသည်။ အိုးစည်၊ ဒိုးပတ်ဝိုင်း၊ တစ်ခန်းရပ်ပြဇာတ်၊ ယိမ်းကပွဲများဖြင့် စုံလင်လှ၍ ပရိသတ်များ ကြိတ်ကြိတ်တိုး စည်ကားလှသည်။ ထိုစဉ်က သံချပ်တိုင်ရ၊ တစ်ခန်းရပ်ပြဇာတ်တွင် ဇာတ်ညွှန်းရေးတင်ပြခဲ့သည်များကို ယနေ့တိုင်မမေ့နိုင် အမှတ်တရ တသသဖြစ်နေရသည်။

ထိုအချိန် ထိုကာလက ဖဆပလအစိုးရလက်ထက်ဖြစ်၍ ရန်ကုန်မြို့ကြီး၌ စိန့်ပေါလ်၊ စိန့်ဂျွန်း၊ စိန့်မေရီ၊ စိန့်ဩဂတ်စတင်း၊ စိန့်ဖလိုမီနာ၊ မက်သဒစ်စသည့် ပုဂ္ဂလိကစာသင်ကျောင်းကြီးများက ထင်ရှားကျော်ကြားခဲ့ပြီး ကြေးရတတ်မိဘများ၏ သားသမီးအများစု ပညာသင်ယူရာကျောင်းကြီးများဖြစ်ခဲ့သည်။ အချို့က ပညာရေးထက်ဂုဏ်တုဂုဏ်ပြိုင် ဂုဏ်ပကာသနဖက်ကာ သားသမီးများကို ပညာသင်ကြားစေခြင်းမျိုးဖြစ်သည်။ မိဘနှစ်ပါးစလုံးက မြန်မာ၊ သားသမီးကလည်း မြန်မာစင်စစ် ဇေန်ဖြစ်ပါလျက်နှင့် အနောက်တိုင်းယဉ်ကျေးမှုနှင့် စရိုက်ကို ပုံတူကူးချတုပကြသောကြောင့် မြန်မာတိုင်းရင်းသား မြန်မာတိုင်းရင်းသူဘဝကို မေ့ပစ်မိကြသည်ကိုလည်း ကိုယ်တွေ့ကြုံဆုံခဲ့ရပါသည်။

စာရေးသူငယ်စဉ်က စစ်ကွင်းမြို့ရှိ ဘုန်းတော်ကြီးပညာသင်အစိုးရ မူလတန်းကျောင်းဖြစ်သည့် နိဂြောဓာရုံကျောင်းတွင် မူလတန်းပညာကို သင်ယူခဲ့ရာ စတုတ္ထတန်းစာမေးပွဲ အောင်မြင်သောအခါ စစ်ကွင်းမြို့ အစိုးရအထက်တန်းကျောင်းသို့ ပြောင်းရွှေ့ကာ ပဉ္စမတန်းကို ဆက်လက်သင်ကြားရသည်။ ဘုန်းတော်ကြီးသင် မူလတန်းကျောင်းတွင် ကျောင်းနေဖက်သူငယ်ချင်းအချို့မှာ သူတို့မိဘများက ငွေကြေးကလည်း တတ်နိုင်သဖြင့် ရန်ကုန် စိန့်ပေါလ်ကျောင်း၊ စိန့်မေရီ၊ စိန့်ဖလိုမီနာ၊ မက်သဒစ်ကျောင်းများသို့ ပြောင်းရွှေ့သင်ကြားစေခဲ့သည်။

စာရေးသူတို့မှာ ဘုန်းကြီးကျောင်းထွက်ဖြစ်၍ အစိုးရအထက်တန်းကျောင်းသို့ ပြောင်းရွှေ့ပညာသင်ကြားရသောအခါ ဘုန်းကြီးကျောင်းပရဝဏ်မြေသို့ ဝင်ပြီဆိုသည်နှင့် ဖိနပ်ချွတ်ပြီး လက်ကကိုင်စဉ် စာသင်ခန်းအထိ သွားရသည့်အကျင့်က ပါနေမိသည်။ အစိုးရအထက်တန်းကျောင်းဝင်ပေါက်သို့ရောက်သောအခါ ယခင်အတိုင်း ဖိနပ်ကိုချွတ်၍ လက်ကကိုင်ကာ စာသင်ခန်းသို့ သွားရောက်မိရာ စာရေးသူတို့ဘုန်းကြီးကျောင်းသားတစ်စုကို "ဘုန်းကြီးကျောင်းသား သူတောင်းစား၊ အင်္ဂလိပ်ကျောင်းသား အကောင်းစား" ဟု ဝိုင်းဝန်းအော်ဟစ်လှောင်ပြောင်ကြပါသည်။ ထိုသို့ဝိုင်းဝန်းလှောင်ပြောင်ကြသူများထဲတွင် မကြာမီ ရန်ကုန်မြို့ကြီးရှိ စိန့်ပေါလ်၊ စိန့်ဩဂတ်စတင်း ကျောင်းကြီးများသို့ ပြောင်းရွှေ့ပညာသင်ယူကြမည့် ကျောင်းနေမည့် ဘုန်းကြီးကျောင်းသားများ ပါဝင်နေသဖြင့် မခံချင်စိတ်ကြောင့် ရန်ဖြစ်ကြရာ ကျောင်းအုပ်ဆရာကြီး၏ အဆုံးအမကို ခံယူခဲ့ကြရပါသည်။

မကြာမီနှစ်များမှာပင် ၁၉၆၂ ခုနှစ် မတ်လ ၂ ရက်နေ့တွင် ပြည်ထောင်စုကြီး ပြိုကွဲမည့်အန္တရာယ်ကြောင့် တော်လှန်ရေးကောင်စီတပ်မတော်အစိုးရက နိုင်ငံတော်၏တာဝန်အရပ်ရပ်ကို မလွှဲမရှောင်သာဘဲ ရယူခဲ့ပြီးနောက် ပညာရေးစနစ်သစ်အရ ပုဂ္ဂလိကကျောင်းများကို ပြည်သူပိုင်သိမ်းကာ အစိုးရအထက်တန်းကျောင်းများအဖြစ် ပြောင်းလဲခဲ့သည်။ သို့သောအခါ ရန်ကုန်ရောက် ပုဂ္ဂလိကကျောင်းသားကျောင်းသူများမှာ စာရေးသူတို့ ဇာတိစစ်ကွင်းမြို့ အစိုးရအထက်တန်းကျောင်းသို့ ပြန်ရောက်လာကြတော့သည်။

ထိုစဉ်က အမျိုးသားနေ့ကျောင်းကပွဲတွင် စာရေးသူက ကျောင်းအုပ်ဆရာကြီးနှင့် အတန်းပိုင်ဆရာတို့၏ တာဝန်ပေးချက်အရ ပြဇာတ်နောက်ခံဇာတ်ကြောင်းပြောသူအဖြစ် သရုပ်ဆောင်ခဲ့ရသည်။ ပြဇာတ်မှာ ကျောင်းသုံးမြန်မာစာအဖြစ် ပြဋ္ဌာန်းထားသော အမျိုးသားပညာဝန် ဆရာကြီးဦးဖိုးကျား၏ ဘိလပ်ပြန် မောင်သောင်းဖေအမည်ရှိ ဝတ္ထုတိုဖြစ်သည်။ ထိုဝတ္ထု ဇာတ်လမ်းအကျဉ်းချုပ်မှာ နိုင်ငံခြားပညာတော်သင် မြန်မာကျောင်းသားတစ်ဦး မြန်မာပြည် ပြန်ရောက်လာသောအခါ မိမိ၏မူလဇာတိမြန်မာဘဝကို မေ့ပစ်လိုက်ကာ အနောက်တိုင်းယဉ်ကျေးမှုကို ပုံတူကူးချပြီး ပြောဆိုဆက်ဆံနေထိုင်ဝတ်ဆင်စားသောက်ရင်း မြန်မာမက အင်္ဂလိပ်မကျ လူ့ခွစာတစ်ယောက်ဖြစ်နေပုံကို သရော်ထားသော ဇာတ်လမ်းတစ်ပုဒ်ဖြစ်သည်။ ထိုပြဇာတ်ကို မြို့မိမြို့ဖ ပရိသတ်က နှစ်ခြိုက်သဘောကျကြ၍ ဂုဏ်ပြုဆုများ ချီးမြှင့်ကြသည်။

အမျိုးသားနေ့ ကျောင်းကပွဲတွင် မျိုးချစ်စာဆိုအမျိုးသားပညာဝန်ဆရာကြီး ဦးဖိုးကျား (၁၉၂၀ ပြည့်နှစ် ရန်ကုန်တက္ကသိုလ် ပထမအကြိမ် သပိတ်တိုက်ပွဲဝင် ကျောင်းသားခေါင်းဆောင် တစ်ဦးဖြစ်သူ)၏ "ဘိလပ်ပြန်မောင်သောင်းဖေ" အမည်ရှိပညာပေးဝတ္ထုတိုကို ပြဇာတ်အဖြစ် တင်ဆက်ကပြခဲ့သည့် ကျေးဇူးကြောင့်ပင် စိန့်ပေါလ်၊ စိန့်ဂျွန်း၊ စိန့်မေရီ ကျောင်းများမှ ပြန်လည်ရောက်ရှိလာသည့် ကျောင်းနေဖက်သူငယ်ချင်းများက သူတို့သည် ကျောင်းသင်ပညာသင်ကြားမှုထက် အနောက်တိုင်းယဉ်ကျေးမှုကို ပုံတူကူးချ အတုခိုးမှားမိခဲ့ပုံကို နောင်တရပြီး စာရေးသူတို့အား ဝန်ချတောင်းပန်ခဲ့သည်ကို ဝမ်းမြောက်စွာ ကိုယ်တွေ့ တွေ့ကြုံခဲ့ရပါသည်။

**အမျိုး၊ ဘာသာ၊ သာသနာ၊ ပညာနှင့် မျိုးချစ်စိတ်**

အင်္ဂလိပ်ကိုလိုနီစနစ်အောက် ကျရောက်ခဲ့ရသော မြန်မာတိုင်းရင်းသားတို့သည် နိုင်ငံရေးအရ ဖိနှိပ်ချုပ်ချယ်ခံရမှု၊ စီးပွားရေးအရခေါင်းပုံဖြတ်အမြတ်ထုတ်ခံရမှု၊ လူမှုရေးအရ ချိုးနှိမ်ခံရမှုများကို တွေ့ကြုံခံစားခဲ့ရသည့်အပြင် ဘာသာသာသနာယဉ်ကျေးမှုတို့မှာလည်း မေးမှိန်လာခဲ့သည်။ အင်္ဂလိပ်နယ်ချဲ့အစိုးရအာဏာပိုင်များက မြန်မာစာပေတွင် ဗျည်းအက္ခရာ ၃၃ လုံးမှ အသံတူသော အက္ခရာ ၆ လုံးကိုဖြုတ်ကာ အက္ခရာ ၂၆ လုံးဖြစ်အောင် သတ်မှတ်ရန် စီစဉ်ဆောင်ရွက်ခဲ့ကြပြန်ပါသည်။ မြန်မာအက္ခရာ ၃၃ လုံးကို အင်္ဂလိပ်အက္ခရာ ၂၆ လုံးအတိုင်းဖြစ်ရန် အဓမ္မစီစဉ်ခဲ့ကြခြင်းပင်ဖြစ်သည်။ မြန်မာမျိုးချစ်ကျောင်းဆရာ ဆရာမတို့က ဝိုင်းဝန်းကန့်ကွက်ခဲ့၍ အင်္ဂလိပ်နယ်ချဲ့အစိုးရ အာဏာပိုင်များ၏အစီအစဉ် ပျက်ပြားသွားခဲ့ရခြင်းပင်ဖြစ်သည်။

အမျိုး၊ ဘာသာ၊ သာသနာ၊ ပညာတည်တံ့ခိုင်မြဲဖွံ့ဖြိုးတိုးတက်စေရန်အတွက် ၁၉၀၆ ခုနှစ်တွင် "ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်းကြီး" (YMBA: Young Men Buddhist Association) ကို စတင်ဖွဲ့စည်းခဲ့သည်။ ထိုအသင်းကြီးက ဦးဆောင်၍ သမဝါယမ ငွေစုငွေချေးလုပ်ငန်းများ ကြီးပွားတိုးတက်စေရေး၊ အရွယ်ရောက်သူတိုင်း မသင်မနေရပညာရေးဥပဒေပြဋ္ဌာန်းပေးရေး၊ ဥရောပတိုက်သားများအတွက် သီးသန့်နေရာ ခွဲခြားထားခြင်းကို ပယ်ဖျက်ပေးရေး၊ မြန်မာအမျိုးသမီးများ လူမျိုးခြားနှင့် အိမ်ထောင်ဖက်မပြုရေးကိစ္စများကို အလေးပေးဆောင်ရွက်ခဲ့သည်။

၁၉၁၈ ခုနှစ်တွင် လျှောင်ဒဏ်ကြောင့် ပဲခူးမြို့ရှိ ရွှေမော်ဓောစေတီတော်ကြီး၏ စိန်ဖူးတော်မြေခခဲ့ရာ ဒုတိယဘုရင်ခံချုပ် ဆာရီဂျင်နယ်ကရက်ဒေါက်သည် ဖိနပ်လုံးဝမချွတ်ဘဲ ဘုရားရင်ပြင်တော်ပေါ်သို့ တက်ရောက်ကြည့်ရှုခဲ့ခြင်းကြောင့် မြန်မာနိုင်ငံအနှံ့ လူထုအုံကြွ ကန့်ကွက်မှုကြီး ပေါ်ပေါက်လာခဲ့သည်။ ဝိုင်အမ်ဘီအေအသင်းကြီးက ဦးဆောင်၍ ရန်ကုန်ဂျူဗလီခန်းမ၌ အစည်းအဝေးတစ်ရပ် ကျင်းပကာ မြန်မာ့ဗုဒ္ဓဘာသာ ယဉ်ကျေးမှုအစဉ်အလာအရ အခိုင်အမာရှိပြီးဖြစ်သော ဘုရားပုထိုး ရင်ပြင်တော်ပေါ်၌ ဖိနပ်စီးခြင်းကို လုံးဝခွင့်မပြုကြောင်း အဆိုတင်သွင်းပြီး ဒုတိယဘုရင်ခံချုပ်အား အပြင်းအထန်ကန့်ကွက်ပြစ်တင်ရှုတ်ချခဲ့သည်။

၁၉၁၉ ခုနှစ်တွင် ဝိုင်အမ်ဘီအေမှ ကိုယ်စားလှယ်များဖြစ်ကြသည့် ဦးဘဖေ၊ ဦးပု၊ ဦးထွန်းရှိန်တို့ပါဝင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဗြိတိန်နိုင်ငံ လန်ဒန်သို့ သွားရောက်ပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံကာ မြန်မာနိုင်ငံအား ကိုယ်ပိုင်အုပ်ချုပ်ရေးပေးရန် တောင်းဆိုခဲ့ကြသည်။ ၁၉၂၀ ပြည့်နှစ်တွင် ဝိုင်အမ်ဘီအေအသင်းကြီး၏ ကိုယ်စားလှယ်တော်ကြီးများဖြစ်ကြသည့် ဦးဘဖေ၊ ဦးပု၊ ဦးသိမ်းမောင်တို့သည် ဒုတိယအကြိမ် လန်ဒန်သို့ သွားရောက်ကာ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြရာ မြန်မာနိုင်ငံအား ကိုယ်ပိုင်အုပ်ချုပ်ရေးပေးမည်ဟူသော ကတိကဝတ်ရရှိခဲ့သည်။

၁၉၂၀ ပြည့်နှစ်မှာပင် ဝိုင်အမ်ဘီအေအသင်းကြီးသည် ပြည်လုံးကျွတ်အစည်းအဝေးကျင်းပပြီး "မြန်မာအသင်းများအဖွဲ့ချုပ်" (GCBA: General Council of Burmese Association) "ဂျီစီဘီအေ" အဖြစ် အမည်ပြောင်းလဲဖွဲ့စည်းကာ နိုင်ငံရေးအရ အမျိုးသားရေးလှုပ်ရှားမှုများဖြင့် နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲဆင်နွှဲခဲ့သည်။

၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၅ ရက်နေ့တွင် ပေါ်ပေါက်လာခဲ့သော ပထမအကြိမ် ရန်ကုန်တက္ကသိုလ်သပိတ်တိုက်ပွဲကြီး၏ အမျိုးသားပညာရေးလှုပ်ရှားမှုသည် တစ်နိုင်ငံလုံး နိုင်ငံရေးအရ လူထုနည်းဖြင့် လူထုလှုပ်ရှားမှုကြီးကို လက်တွဲညီစွာ ဆင်နွှဲနိုင်ခဲ့ခြင်းကြောင့် အင်္ဂလိပ်နယ်ချဲ့အစိုးရသည် ၁၉၂၀ ပြည့်နှစ် ရန်ကုန်တက္ကသိုလ် အက်ဥပဒေကို ပြင်ဆင်ပေးခဲ့ရရုံမျှမက မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှု မုခ်တံခါးဝကို စတင်ဖွင့်လှစ်နိုင်ခဲ့သည့် အမျိုးသားရေးအောင်ပွဲကြီးတစ်ရပ်အဖြစ် သမိုင်းဝင်မော်ကွန်းတင်ခဲ့ရသည်။

**အမျိုးသားအောင်ပွဲနေ့ကြီး**

☆ စန္ဒကူးပင်သည် ခြောက်သွေ့သော်လည်း မွှေးရနံ့ကို မည်သည့်အခါမှ မစွန့်ပေ။
☆ ကြံကိုကြိတ်စက်ဖြင့် ကြိတ်သော်လည်း မည်သည့်အခါမျှ ချိုသောအရသာကို မစွန့်ပေ။
☆ ထို့အတူမှန်ကန်သော အသိ၊ မှန်ကန်သော အမြင်၊ မှန်ကန်သော ခံယူရပ်တည်ချက်နှင့် ဆင်ခြင်တုံ အသိတရားရှိကြသည့် အမျိုးကောင်းသားအမျိုးကောင်းသမီးတို့သည် မည်သို့ပင် မက်လုံးပေးသွေးဆောင်သိမ်းသွင်းစေကာမူ မိမိတို့၏မျိုးချစ်စိတ်၊ တိုင်းချစ်ပြည်ချစ်စိတ်၊ ပြည်ထောင်စုစိတ်ဓာတ်နှင့် ဝံသာနုရက္ခိတတရားတို့ကို လက်ကိုင်ထားရှိခြင်းကြောင့် ပြည်ပဩဇာခံ မြန်မာမဟုတ်တော့သည့် သစ္စာဖောက်ဘဝနှင့် သူခိုးအား ဓားရိုးကမ်းပေးသည့်ဘဝမျိုးသို့ လုံးဝအရောက်မခံပေ။

ယင်းသမိုင်းကြောင့် အမျိုးသားသစ္စာဖောက်များဖြစ်ကြသည့် နိုင်ငံခြားတိုင်းတစ်ပါးသားတို့၏ နှာခေါင်းပေါက်ဖြင့် အသက်ရှူနေကြသူများ သို့မဟုတ် မြန်မာနိုင်ငံသားအဖြစ် ရပ်တည်နေထိုင်ရန် လုံးဝမထိုက်တန်သောကြောင့် မြန်မာနိုင်ငံသားဥပဒေအရ မြန်မာနိုင်ငံသားအဖြစ်မှ ပယ်ဖျက်ခံထားရသည့် မြန်မာနိုင်ငံသားမဟုတ်တော့သည့်သူများ၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်၊ နိုင်ငံ့ဂုဏ်တို့ကို ဖျက်ဆီးရုံမျှမက ဘာသာဖျက်၊ သာသနာဖျက် အနန္တဂိုဏ်းဝင် ကျေးဇူးရှင် ရဟန်းသံဃာတော်များ၊ ဆရာ ဆရာမများ၊ နိုင်ငံ့ဝန်ထမ်းများ၊ ဘုရားဖူးများ၊ အပြစ်မဲ့ပြည်သူများကို လက်နက်အားကိုးကာ ယုတ်မာရက်စက်စွာ အလုံးစုံပျက်သုဉ်းရေးကို လုပ်ဆောင်နေကြသည့် အကြမ်းဖက်သမား မိစ္ဆာများ၊ ပြည်သူယောင်ဆောင်ထားသည့် PDF အကြမ်းဖက် မိစ္ဆာများနှင့် နိုင်ငံရေးမသမာသူများ၏ ရန်စွယ်အန္တရာယ်အသွယ်သွယ်ကို တစ်နိုင်ငံလုံး တစ်မျိုးသားလုံး အမျိုးသားကာကွယ်ရေးတာဝန်အဖြစ် ခံယူကာ တရားဥပဒေနည်း၊ လူထုတိုက်ပွဲနည်း၊ ပြည်သူ့စစ်နည်း၊ လျှို့ဝှက်ခိုင်လုံစွာ သတင်းပေးနည်းတို့ဖြင့် စုပေါင်းညီညာ ကာကွယ်တိုက်ဖျက်သွားကြပါစို့ဟု ဆန္ဒပြုတိုက်တွန်းရင်း (၁၀၂) နှစ်မြောက် အမျိုးသားနေ့အောင်ပွဲကြီးကို အရေးထား လေးစားစွာဖြင့် ရေးသားဂုဏ်ပြုဖော်ပြအပ်ပါသတည်း။ ။

**အကိုးအထောက်**


၁။ နိုင်ငံတော်ဦးတည်ချက် ၁၂ ရပ်ပြခန်းမှ တင်ပြချက်များ (မြဝတီစာပေတိုက်၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ၁၉၉၆ ခုနှစ်)

၂။ ၂၁ ရာစု မြန်မာနိုင်ငံ (အမျိုးသားလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန ပညာရေးဝန်ကြီးဌာန ၂၀၁၂ ခုနှစ်)

၃။ A History of Burma by Dr. Htin Aung (Columbia University Press, New York and London, 1967)

# (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ပဒေသာကပွဲကျင်းပရေးဦးစီးကော်မတီ တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ





ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ပဒေသာကပွဲကျင်းပရေးဦးစီးကော်မတီ တတိယအကြိမ်လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် နိုဝင်ဘာ ၁၄**

၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ပဒေသာကပွဲကျင်းပရေး ဦးစီးကော်မတီ တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ ဦးစီးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်၊ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးရဲတင့်၊ ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်း၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး၊ မြန်မာနိုင်ငံသဘင်အစည်းအရုံးနှင့် မြန်မာနိုင်ငံ ဟာသပညာရှင်များ အစည်းအရုံးတို့မှ တာဝန်ရှိသူများက အွန်လိုင်းမှ တက်ရောက်ကြသည်။

ရှေးဦးစွာ ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ပြည်သူများ စိတ်ကြည်နူးချမ်းမြေ့စေရန်နှင့် လွတ်လပ်ရေး၏အငွေ့အသက်များ ခံစားနားလည်နိုင်စေရန်အတွက် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပဒေသာကပွဲကို နိုင်ငံတော်အဆင့် အခမ်းအနားအဖြစ် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် မွန်းကျပ်နေသည့် ပြည်သူများကို ဖျော်ဖြေမှုပေးနိုင်ရန် ပထမဆုံးအကြိမ် ကျင်းပသည့် အကြီးကျယ်ဆုံး ပဒေသာကပွဲကြီး ဖြစ်ကြောင်း၊ နိုင်ငံတော်နှင့်ပြည်သူအတွက် နိုင်ငံ့ဝန်ထမ်းများနှင့် အနုပညာရှင်များက လေးလေးနက်နက် စေတနာပါပါဖြင့် ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်းနှင့် လိုအပ်ချက်များ၊ ပေါင်းစပ်ညှိနှိုင်းရန် ကိစ္စရပ်များရှိပါက ဆွေးနွေးတင်ပြကြစေလိုကြောင်း ပြောကြားသည်။

**ပြင်ဆင်ဆောင်ရွက်ထားမည်**

ထို့နောက် ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးတင်ဦးလွင်က (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသည့် အစီအစဉ်ဖြစ်သော ပဒေသာကပွဲ အောင်အောင်မြင်မြင် ဖျော်ဖြေတင်ဆက်နိုင်ရေးအတွက် အခမ်းအနားပြင်ဆင်ရေး၊ ကြိုဆိုနေရာချထားရေးဆိုင်ရာ ကိစ္စရပ်များတွင် သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဇာတ်တိုက်လေ့ကျင့်မှုမတိုင်မီ လိုအပ်သည်များ အသင့်ဖြစ်စေရေး ပြင်ဆင်ဆောင်ရွက်ထားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးရဲတင့်က ပဒေသာကပွဲနှင့် ပတ်သက်၍ ဆောင်ရွက်ထားရှိမှုများ၊ ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသူများက ပဒေသာကပွဲတွင် ပါဝင်မည့် ဖျော်ဖြေရေးအစီအစဉ်များ၊ တင်ဆက်မည့်ပြဇာတ်များ၊ တေးဂီတအစီအစဉ်များ၊ တည်းခိုနေထိုင်ရေး စီစဉ်ထားရှိမှု၊ အခမ်းအနား ပြင်ဆင်ရေးအပါအဝင် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပဒေသာကပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှုများ၊ လျာထားချက်များကို သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ဦးစီးကော်မတီ အတွင်းရေးမှူး အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်က အခမ်းအနား ပြင်ဆင်ရေး၊ သွားလာနေထိုင်စားသောက်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုပေးရေး ဆိုင်ရာ ကိစ္စရပ်များတွင် ဆပ်ကော်မတီအလိုက် ပေါင်းစပ်ဆောင်ရွက်နိုင်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြသည်။

ထို့နောက် ဦးစီးကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ပဒေသာကပွဲကို နေပြည်တော် မြို့တော်ခန်းမ လဟာပြင်ကဇာတ်ရုံ၌ နိုဝင်ဘာ ၂၆ ရက်မှ ၃၀ ရက်အထိ ငါးရက်ကြာ ဖျော်ဖြေတင်ဆက်မည်ဖြစ်ပြီး ပထမသုံးရက်တွင် ရုပ်ရှင်၊ သဘင်၊ ဂီတ နယ်ပယ်အသီးသီးမှ အနုပညာရှင်များကလည်းကောင်း၊ နိုဝင်ဘာ ၂၉ ရက်တွင် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး အောက်ရှိ အနုပညာရှင်များက လည်းကောင်း၊ နိုဝင်ဘာ ၃၀ ရက်တွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်များကလည်းကောင်း ဖျော်ဖြေတင်ဆက်ကြမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် နည်းပညာဆိုင်ရာအထောက်အကူပြု သင်တန်း အမှတ်စဉ်(၁) ဖွင့်လှစ်

**နေပြည်တော် နိုဝင်ဘာ ၁၄**

ရွေးကောက်ပွဲတွင် မဲစာရင်းများ မှန်ကန်ပြည့်စုံရေးသည် အရေးအကြီးဆုံး ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်ဖြစ်ကြောင်း၊ အခြေခံမဲဆန္ဒရှင်စာရင်းများပြုစုနိုင်ရန်အတွက် မြို့နယ်အလိုက် လူဦးရေစာရင်းများကို ကနဦးမဲဆန္ဒရှင်စာရင်းများ စိစစ်ခြင်း စနစ်ရေးသားပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စိစစ်ဆောင်ရွက်လျက်ရှိကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်လွင်ဦးက ပြောသည်။

**သင်တန်းဖွင့်ပွဲတွင် ပြောကြား**

ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး သင်တန်းခန်းမ၌ ကျင်းပသော နည်းပညာဆိုင်ရာ အထောက်အကူပြုသင်တန်းအမှတ်စဉ်(၁) သင်တန်းဖွင့်ပွဲတွင် ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ကော်မရှင်အဖွဲ့ဝင်က မဲစာရင်းပြုစုခြင်းလုပ်ငန်းများကို Software အသုံးပြုဆောင်ရွက်နိုင်ရန် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် မဲစာရင်းများကို သတ်မှတ်ထားသည့်အချိန်တွင် မှန်မှန်ကန်ကန်ပြုစုနိုင်မည်ဖြစ်ကြောင်း၊ ယခုသင်တန်းသည် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်မှ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များကို များစွာအထောက်အကူပြုစေမည်ဖြစ်ပြီး သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအလိုက် နည်းပညာဖြင့် ဆောင်ရွက်ရမည့် လုပ်ငန်းများကို အခက်အခဲမရှိဆောင်ရွက်နိုင်ရန် ကြိုတင်လေ့ကျင့်သင်ကြား ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။



အဆိုပါသင်တန်းသို့ ခရိုင်နှင့်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြပြီး သတင်းအချက်အလက်၊ နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန၊ သင်တန်းကျောင်းနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ e-Government ဌာနတို့မှ သင်တန်းနည်းပြများက သင်ကြားပို့ချပေးမည်ဖြစ်ပြီး သင်တန်းကာလမှာ နိုဝင်ဘာ ၁၄ ရက်မှ ၂၅ ရက်အထိဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## (၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အကြို စာဖတ်ရှိန်မြှင့်တင်ရေး ဟောပြောပွဲနှင့် ပြပွဲ၊ ပြိုင်ပွဲ ပြုလုပ်

**ဘီးလင်း နိုဝင်ဘာ ၁၄**

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ပညာရေးဌာနနှင့်ပူးပေါင်း၍ (၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အကြို စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်နှင့်စာဖတ်စွမ်းရည်ပြိုင်ပွဲများ ကျင်းပခြင်းကို ယနေ့ နံနက် ၁၀ နာရီက အမှတ်(၂) အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ဘီးလင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမျိုးမျိုးစံက အမျိုးသားအောင်ပွဲနေ့အကြောင်း သိကောင်းစရာများကို ပညာပေး ဟောပြောသည်။

ယင်းနောက် ကျောင်းသား ကျောင်းသူများအား စိတ်ဝင်စားဖွယ် ကလေးစာပေစာအုပ်များကို လေ့လာဖတ်ရှုစေပြီး ကွမ်းစားသုံးမှုအန္တရာယ်၊ လူကုန်ကူးမှုအန္တရာယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေး နံရံကပ်စာစောင်များကို ပြသရာ ကျောင်းသား ကျောင်းသူများက စိတ်ဝင်တစား လေ့လာကြည့်ရှုခဲ့ကြသည်။

ဆက်လက်၍ ကျောင်းသား ကျောင်းသူများအား မိမိစိတ်ကြိုက် ရွေးချယ်ဖတ်ရှုထားသည့် စာအုပ်များဖြင့် ပုံပြောပြိုင်ပွဲကိုလည်း ကျင်းပပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# လူငယ်ရေးရာဦးစီးဌာန ဝန်ထမ်းများလုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဖွင့်ပွဲ ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၄

ဝန်ထမ်းများ ကျန်းမာကြံ့ခိုင်ပြီး အရည်အချင်းပြည့်ဝစေရန်နှင့် ရုံးလုပ်ငန်းများ ပိုမိုကျွမ်းကျင်စွာ တတ်မြောက်စေရန်ရည်ရွယ်၍ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန လူငယ်ရေးရာဦးစီးဌာန ဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း အမှတ်စဉ်(၂/၂၀၂၂)သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း (Gold Camp)ရှိ Multipurpose Hall ၌ ကျင်းပသည်။

**ပြောကြား**

သင်တန်းဖွင့်ပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက လူငယ်ရေးရာဦးစီးဌာနတွင် တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများအနေဖြင့် မိမိတို့ဦးစီးဌာန၏ မူဝါဒရည်မှန်းချက်များ ပြည့်မီစေရေး အကောင်အထည်ဖော် ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များ အောင်မြင်အောင်ဆောင်ရွက်ရာတွင် ဝန်ထမ်းစည်းမျဉ်း/စည်းကမ်းများ၊ ဘဏ္ဍာရေးစည်းမျဉ်း/စည်းကမ်းများနှင့် ရုံးလုပ်ငန်းများကို အချိန်တိုအတွင်း ပိုမိုသိရှိနားလည်ပြီး ကျွမ်းကျင်စွာ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ယခုသင်တန်းကို ဖွင့်လှစ်သင်ကြားပေးရခြင်းဖြစ်ကြောင်း၊ ကဏ္ဍပေါင်းစုံမှ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ဝန်ထမ်းများအနေဖြင့် မိမိတို့၏ ကိုယ်ရည်ကိုယ်သွေးများ တိုးတက်အောင် ယခုသင်တန်းတွင် သင်ကြားပို့ချမည့် သင်ခန်းစာများကို အပတ်တကုတ် ကြိုးစားသင်ယူကြရန် တိုက်တွန်းပြောကြားသည်။

အဆိုပါသင်တန်းကို နိုဝင်ဘာ ၁၄ ရက်မှ ၂၈ ရက်အထိ ရက်သတ္တနှစ်ပတ်ကြာ ဖွင့်လှစ်သင်ကြားပို့ချပေးသွားမည်ဖြစ်ရာ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၂၂ ဦး တက်ရောက်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



# မွန်ပြည်နယ်တွင် တန် ၆၀ ကျ ဆန်ကြိတ်ခွဲစက် တည်ဆောက်နိုင်ရေး ဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၁၄

စိုက်ပျိုးရေးကို အခြေခံသည့် ပြည်တွင်းကုန်ထုတ်လုပ်မှုများကို ပိုမိုအားကောင်းစွာ တိုးမြှင့်ဆောင်ရွက်နိုင်ရန်နှင့် ဘက်စုံစီးပွားရေးစနစ် အောင်မြင်စွာဖော်ဆောင်နိုင်ရန်အတွက် ဦးစားပေးကဏ္ဍအနေဖြင့် ဆောင်ရွက်လျက်ရှိရာ မွန်ပြည်နယ်တွင် တန် ၆၀ ကျ ဆန်ကြိတ်ခွဲစက် တည်ဆောက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက မော်လမြိုင်မြို့ ငွေမိုးဟိုတယ်၌ ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဆန်စက်လုပ်ငန်းရှင်များ တက်ရောက်ကြသည်။



**အရည်အသွေးမီထုတ်လုပ်**

အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ်က မွန်ပြည်နယ်အတွင်း ဒေသတွင်း စားနပ်ရိက္ခာများ ဖူလုံမှုရှိစေရေးအပြင် ထွက်ရှိသည့်စပါးများ အလေအလွင့် မရှိစေရေး၊ ပြည်တွင်း ပြည်ပဈေးကွက်ရရှိအောင် ဆောင်ရွက်နိုင်ရေးတို့ကို အထူးအလေးထား ဆောင်ရွက်လျက်ရှိကြောင်း၊ ဆန်ကြိတ်စက်ကြီးများ တည်ထောင်ခြင်းဖြင့် ဆန်နှင့်စိုက်ပျိုးရေး ထုတ်ကုန်များကို အရည်အသွေးမီ ထုတ်လုပ်ကြစေလိုကြောင်း၊ သမဝါယမအသင်းများ ဆန်စက်လုပ်ငန်းရှင်များနှင့် စီးပွားရေးလုပ်ငန်းရှင်များကလည်း ဆန်စက်လုပ်ငန်းအတွက် ငွေကြေးအရင်းအနှီးများ လိုအပ်ချက်ပေါ် မူတည်ပြီး အစုရှယ်ယာလုပ်ငန်းအဖြစ် ဆောင်ရွက်နိုင်ကြောင်း၊ ဒေသထွက်ကုန်များကို အခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်ခြင်းဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးဆောင်ရွက်ကြရန်နှင့် ဒေသဖွံ့ဖြိုးရေးအတွက် သမဝါယမကဏ္ဍအနေဖြင့် တစ်ဖက်တစ်လမ်းမှ ဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် အောင်သဗင်စိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေး သမဝါယမအသင်း ဥက္ကဋ္ဌ ဦးအောင်ဇော်ဦးက မွန်ပြည်နယ်တွင် တန် ၆၀ ကျ ဆန်ကြိတ်ခွဲစက် တည်ဆောက်ရန် ဆောင်ရွက်ထားရှိမှု၊ သမဝါယမအသင်းများနှင့် ပူးပေါင်း၍ စိုက်ပျိုးရေးထုတ်ကုန်များ ဆောင်ရွက်မည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ တက်ရောက်လာသူများက ဖြည့်စွက်ဆွေးနွေးအကြံပြုကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကြည့်ရှုအားပေး**

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပြည်နယ်အားကစားခန်းမ၌ ကျင်းပသည့် ပြည်နယ်ဝန်ကြီးချုပ်ဖလား ၁၀ မြို့နယ်အလွတ်တန်း အမျိုးသားဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် မော်လမြိုင်မြို့နယ် ဘော်လီဘောအသင်းနှင့် ချောင်းဆုံမြို့နယ် ဘော်လီဘောအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် ပွဲစဉ်အလိုက် ပထမ၊ ဒုတိယ၊ ပူးတွဲတတိယဆု ရရှိကြသည့် ပြိုင်ပွဲဝင် ဘော်လီဘောအသင်းများကို ပြည်နယ်ဝန်ကြီးချုပ်ကလည်းကောင်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများက ဆုတံဆိပ်နှင့် ငွေသားဆုများနှင့် တံခွန်စိုက်ဒိုင်းဆုတို့ကို လည်းကောင်း ချီးမြှင့်ခဲ့ကြကြောင်းသိရသည်။

သတင်းစဉ်

# အာဆီယံစီးပွားရေးအသိုက်အဝန်း ၂၀၂၅ လုပ်ငန်းစီမံချက်ပါ လုပ်ငန်းကော်မတီ သုံးခုနှင့်ပတ်သက်သည့် အစည်းအဝေးကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၄

အာဆီယံစီးပွားရေး အသိုက်အဝန်း ၂၀၂၅ (ASEAN Economic Community 2025– AEC 2025) လုပ်ငန်းစီမံချက်ပါ လုပ်ငန်းကော်မတီ သုံးခုနှင့်စပ်လျဉ်းသည့် အစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ Online + Offline ဖြင့် ကျင်းပသည်။



**ပူးပေါင်းဆောင်ရွက်**

အစည်းအဝေးတွင် အာဆီယံစီးပွားရေးအသိုက်အဝန်း လုပ်ငန်းစီမံချက်ပါ လုပ်ငန်းကော်မတီ သုံးခုဖြစ်သည့် ကုန်စည်ကုန်သွယ်ရေး၊ ဝန်ဆောင်မှုကုန်သွယ်ရေးနှင့် ပုဂ္ဂလိက အခန်းကဏ္ဍ ခိုင်မာတောင့်တင်းစေရေးနှင့် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းကော်မတီများ၏ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးညွန့်အောင်က အာဆီယံစီးပွားရေး အသိုက်အဝန်း ၂၀၂၅ ဖော်ဆောင်နိုင်ရေး ရေးဆွဲထားသည့် လုပ်ငန်းစီမံချက်တွင်ပါဝင်သော ကုန်စည်၊ ဝန်ဆောင်မှုနှင့် ပုဂ္ဂလိက အခန်းကဏ္ဍဆိုင်ရာ လုပ်ငန်းကော်မတီများတွင် သက်ဆိုင်ရာ ကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ကြရသော သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ ပိုမိုပူးပေါင်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တွေ့ကြုံရသည့် အခက်အခဲများ ရှိပါက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီများ၏ အတွင်းရေးမှူးများ၊ ဘာသာရပ် တာဝန်ခံများက သက်ဆိုင်ရာ ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးက လုပ်ငန်းကော်မတီအလိုက် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ ချမှတ်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။

**တက်ရောက်**

အစည်းအဝေးသို့ အာဆီယံစီးပွားရေးအသိုက်အဝန်း ၂၀၂၅ လုပ်ငန်းစီမံချက်တွင် ပါဝင်သည့် လုပ်ငန်းကော်မတီ ၂၂ ခုမှ ကုန်စည်ကုန်သွယ်ရေး လုပ်ငန်းကော်မတီ၊ ဝန်ဆောင်မှုကုန်သွယ်ရေး လုပ်ငန်းကော်မတီနှင့် ပုဂ္ဂလိက အခန်းကဏ္ဍ ခိုင်မာတောင့်တင်းစေရေးနှင့် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းကော်မတီ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

သတင်းစဉ်

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် နိုဝင်ဘာ ၁၄

ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

# ၂၀၂၂ ခုနှစ် အမျိုးသားကျန်းမာရေးနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ




**နေပြည်တော် နိုဝင်ဘာ ၁၄**

၂၀၂၂ ခုနှစ် အမျိုးသားကျန်းမာရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက သမိုင်းမှတ်တမ်းများအရ ၁၉၅၃ ခုနှစ် နိုဝင်ဘာ ၁၄ ရက်ထုတ် မြန်မာနိုင်ငံပြန်တမ်းတွင် ကျန်းမာရေးဝန်ကြီးဌာနဟု အမည်မှည့်ခေါ်၍ တရားဝင်အမိန့်ကြော်ငြာစာတွင် စတင်ထုတ်ပြန်သုံးနှုန်းခဲ့သဖြင့် အမျိုးသားကျန်းမာရေးနေ့ဟု သတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက် မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိချိန်မှစတင်၍ ခေတ်အဆက်ဆက်၌ ဆေးနှင့်ကျန်းမာရေးဌာနများနှင့် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း၊ လက်ရှိတွင် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် လူတိုင်းကျန်းမာကြံ့ခိုင်စွာ အသက်ရှည်စွာနေထိုင်နိုင်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုအဆင့်အတန်းမြင့်မားရေးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း။

**စနစ်တကျဆောင်ရွက်**

ကျေးလက်ဒေသအောက်ခြေအထိ ကျန်းမာရေးအသိပညာပေးခြင်း၊ ရောဂါကာကွယ်တားဆီးခြင်း၊ ရောဂါဖြစ်ပွားလာလျှင် ထိရောက်စွာကုသပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ခြင်း၊ ဆေးသုတေသနလုပ်ငန်းများ၊ တိုင်းရင်းဆေးပညာတိုးတက်မြင့်မားစေရေးလုပ်ငန်းများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးလုပ်ငန်းများကို ဦးစားပေးကဏ္ဍများအဖြစ် ဦးစီးဌာနခြောက်ခုဖြင့် စနစ်တကျဆောင်ရွက်လျက်ရှိကြောင်း။

ပြည်သူ့ကျန်းမာရေးလုပ်ငန်းများအနေဖြင့် ဘဝတစ်သက်တာ ကျန်းမာရေးစောင့်ရှောက်ပေးမှုပုံစံဖြင့်ဆောင်ရွက်လျက်ရှိပြီး ကုသရေးလုပ်ငန်းများအနေဖြင့် ယခုနှစ်အတွင်း ဆေးကုသဆောင်သစ်များကို ဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်း၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ကဏ္ဍခေတ်အဆက်ဆက်တွင် ဆရာဝန်များ၊ သွားဘက်ဆိုင်ရာဆရာဝန်များ၊ ဆေးပညာနှီးနွှယ် တက္ကသိုလ်များမှ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ခြင်းနှင့် ဒီပလိုမာ၊ မဟာသိပ္ပံ၊ ပါရဂူ၊ ဘွဲ့လွန်ဆေးပညာသင်တန်းများဖွင့်လှစ်၍ လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း၊ ဆေးသုတေသနဆိုင်ရာလုပ်ငန်းများအနေဖြင့် မျိုးရိုးဗီဇပြောင်း ကိုဗစ်-၁၉ ရောဂါပိုးများနှင့်ပတ်သက်၍ လေ့လာဆန်းစစ်ခြင်းများနှင့် သုတေသနလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း။

တိုင်းရင်းဆေးဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများအနေဖြင့် ကိုဗစ်-၁၉ ရောဂါကို ဆေးခါးကြီးပါဝင်သည့် ဝိသမအဖျားပျောက်ဆေးနှင့်ပတ်သက်၍ သုတေသနလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ တိုင်းရင်းဆေးဝါးအဖြစ် ထုတ်လုပ်မည်ဖြစ်ကြောင်း၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲမှုဆိုင်ရာလုပ်ငန်းများအနေဖြင့် သုံးစွဲရန်မသင့်သော အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်း၊ အလှကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို အများပြည်သူသိရှိရန် အသိပေးခြင်းနှင့် ဆေးဝါးမှတ်ပုံတင် ထုတ်ပေးခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း။

ယခုနှစ်အတွက် အမျိုးသားကျန်းမာရေးနေ့၏ ဆောင်ပုဒ်မှာ "ကျန်းမာရေးအသိပညာ မြင့်မားဖို့ အားလုံးပါဝင်ဆောင်ရွက်စို့" ဖြစ်ကြောင်း၊ "ပြည်သူလူထု၏ ကျန်းမာရေးအသိပညာမြင့်မားလာပြီး ကျန်းမာရေးနှင့် ညီညွတ်စွာစားသောက်နေထိုင်ခြင်းမှတစ်ဆင့် နိုင်ငံ၏ မျှော်မှန်းသက်တမ်းမြင့်မားလာရေးအတွက်နှီးနွှယ်ဝန်ကြီးဌာနများ၊ ဌာနဆိုင်ရာများ၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းပါဝင်ဆောင်ရွက်ရန်လိုကြောင်း။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ရင်ချင်းဆက်အမြွှာများကို ခွဲစိတ်ကုသခဲ့မှု၊ ကျောက်ကပ်/ အသည်း/ မျက်ကြည်လွှာ/ရိုးတွင်းခြင်ဆီ အစားထိုးကုသခဲ့မှုများ၊ ပြတ်တောက်သွားခဲ့သည့် ကိုယ်လက်အင်္ဂါအစိတ်အပိုင်းများကိုခွဲစိတ်ကုသခဲ့မှု၊ ကျောက်ကြီးရောဂါကင်းစင်ရေး၊ ပိုလီယိုအကြောသေရောဂါပပျောက်ရေး၊ မျက်ခမ်းစပ်ရောဂါ ပပျောက်ရေး၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး စသည့် ကျန်းမာရေးဆိုင်ရာ စွမ်းဆောင်ခဲ့မှုများကို စနစ်တကျမှတ်တမ်းတင်ထားရှိ၍ နောင်ဖြစ်ပေါ်လာနိုင်သည့် ကျန်းမာရေးပြဿနာများကို ရင်ဆိုင်ရာတွင် အတွေ့အကြုံများအဖြစ် အသုံးဝင်မည်ဖြစ်ကြောင်း၊ ထို့ပြင် နိုင်ငံတကာနှင့် ရင်ပေါင်တန်းဆောင်ရွက်နိုင်မည့် ခေတ်မီတိုးတက်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေးကို စဉ်ဆက်မပြတ်လေ့ကျင့် စွမ်းဆောင်ရမည်ဖြစ်ကြောင်း၊ လူတိုင်းလက်လှမ်းမီသည့် သာတူညီမျှကျန်းမာရေးစောင့်ရှောက်မှုစနစ်ကို ရရှိသည်အထိ ဦးတည်ချက်ထား ဆောင်ရွက်ရမည်ဖြစ်ပြီး ကျန်းမာရေးစောင့်ရှောက်မှု အဆင့်အတန်းနှင့် ပြည်သူများ၏ မျှော်မှန်းသက်တမ်း ယခုထက်ပိုမိုမြင့်မားလာစေရေး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားကျန်းမာရေးနေ့အထိမ်းအမှတ် မှတ်တမ်းဗီဒီယိုအား ပြသသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ဆေးပညာတံဆိပ်(ပထမဆင့်) ထူးချွန်ဆုရရှိသူများနှင့် ရဲဗလတံဆိပ်ရရှိသူ လေးဦးအား လည်းကောင်း၊ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက စီမံထူးချွန်တံဆိပ်(တတိယဆင့်)ရရှိသူ ၃၁ ဦးကိုလည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုငွေများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များက ၂၀၂၁-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူ ၃၄ ဦးကို ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် ချီးမြှင့်ငွေများ ပေးအပ်ကြပြီး အမျိုးသားကျန်းမာရေးနေ့ အထိမ်းအမှတ်ပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# တိမ်မြုပ်ပျောက်ကွယ်နေသော တိုင်းရင်းဆေးပညာနှင့် ကုထုံးကုနည်းများအား စနစ်တကျဖော်ထုတ်နိုင်ရန် ပုဂ္ဂလပညတ်ပညာသင်တန်း ဖွင့်လှစ်



**ရန်ကုန် နိုဝင်ဘာ ၁၄**

တိမ်မြုပ်ပျောက်ကွယ်နေသော တိုင်းရင်းဆေးပညာနှင့် ကုထုံးကုနည်းများအား စနစ်တကျဖော်ထုတ်နိုင်ရန် ရည်ရွယ်၍ ပုဂ္ဂလပညတ်ပညာသင်တန်းဖွင့်ပွဲကို ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် ဥက္ကလာပစေတီတော်ရှိ မဟာမုနိဓမ္မာရုံ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

**အမှာစကားပြောကြား**

ဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း(ရန်ကုန်တိုင်းဒေသကြီး) တာဝန်ခံဆရာကြီး ဦးခင်မောင်ဝင်းက အမှာစကားပြောကြားပြီး ပုဂ္ဂလပညတ်သုတေသီ၊ တိုင်းရင်းဆေးတက္ကသိုလ် ခန္ဓာဗေဒဌာန ကထိက/ဌာနမှူး(ငြိမ်း) ဆရာကြီး ဒေါက်တာနွယ်ဝင်းက နှုတ်ခွန်းဆက် မင်္ဂလာစကားပြောကြားသည်။

"ဒီပုဂ္ဂလပညတ်ဆိုတာကတော့ အမည်ကိုမေးပြီး ကုတဲ့ပညာရပ်ဖြစ်ပါတယ်။ ပညတ်သက်ရာ ဓာတ်သက်ပါဆိုတဲ့အတိုင်း ပညတ်နောက်မှာပါလာတဲ့ ဓာတ်ကိုပြုပြင်ခြင်းအားဖြင့် လူနာကို ကုလို့ရပါတယ်။ နောက်ပြီး ဒီပညာက လူကိုသာမက ဘူး သစ်ပင်တို့၊ တိရစ္ဆာန်တို့ကိုလည်း ကုလို့ရပါတယ်။ ဒီပညာရပ်က လက်ထဲမှာဆေးမပါရင်လည်း ကုလို့ရတယ်။ နာမည်ကိုသာမေးပြီး တစ်ခုခုဖြစ်ရင် ချက်ချင်းထလုပ်ပေးလို့ရတယ်။ ယပ်ခတ်ပြီးလေနဲ့ ကုရင်ကုမယ်၊ ရေလောင်းပြီးကုရင်ကုမယ် စသဖြင့်ပေါ့။ ရောဂါဖြစ်သူနဲ့ တည့်မယ့်၊ အဆင်ပြေမယ့်အရာနဲ့ ကုသပေးတာဖြစ်ပါတယ်။ တွေ့ရာနဲ့ ကုသတာလို့ ပြောလို့ရပါတယ်။ တွေ့ရာဆိုတာက အဆင်း၊ အသံ၊ အနံ့ စတဲ့အရာတွေနဲ့ ကုသတာဖြစ်ပါတယ်။ ဓာတ်ကို အဓိကထားပြီး ကုတာပေါ့။ အာရုံခြောက်ပါးနဲ့ ကုသပေးတာဖြစ်ပါတယ်။ ကိုယ်သိထား၊ လေ့လာထားတာတွေကို ပျောက်ပျက်မသွားရအောင် အခုလိုမျိုးသင်တန်းမှာ လာရောက်မျှဝေပေးခြင်းဖြစ်ပါတယ်" ဟု ပုဂ္ဂလပညတ်ပညာရပ်ကို သင်ကြားပေးမည့် ဆရာကြီး ဒေါက်တာနွယ်ဝင်းက ပြောကြားသည်။

ပုဂ္ဂလပညတ်ပညာသင်တန်းကို မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း(ရန်ကုန်တိုင်းဒေသကြီး) က ကြီးမှူး၍ ဖွင့်လှစ်ခြင်းဖြစ်ပြီး နိုဝင်ဘာ ၁၄၊ ၁၅၊ ၁၆ ရက်တို့တွင် သင်ကြားသွားမည်ဖြစ်ကာ တိုင်းရင်းဆေးဆရာအသင်းဝင်ဆရာ ဆရာမ ၉၂ ဦး တက်ရောက်ကြကြောင်း သိရသည်။

စာရေးဆရာမကြီး ဂျာနယ်ကျော်မမလေးကြောင့် မူလအိုင်ကလောင်ဆရာကြီး ဦးလှိုင်၏ ပုဂ္ဂလပညတ်ဆေးပညာသည် မြန်မာနိုင်ငံတစ်ဝန်းတွင် ကျော်ကြားထင်ရှားစွာ ပျံ့နှံ့အောင်မြင်ပြီး ကုထုံးပိုင်းကိုလည်း အထူးစိတ်ဝင်စား လေ့လာခဲ့ကြကြောင်း၊ နောက်ပိုင်းတွင် တဖြည်းဖြည်း တိမ်မြုပ်ပျောက်ကွယ်သလိုဖြစ်ခဲ့ရကြောင်း၊ ခက်ခဲနက်နဲသည့် ပညာရပ်တစ်ခုဖြစ်ကြောင်း အဆိုပါအခမ်းအနားမှ သိရသည်။

**သတင်း - လင်းရာမ၊ ဓာတ်ပုံ - ကိုထက်**



# ကျိုက်လတ်မြို့နယ်၌ ဆောင်းနေကြာသီးနှံမျိုးစေ့ချပွဲ ကျင်းပ

**ကျိုက်လတ် နိုဝင်ဘာ ၁၄**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်တွင် ၂၀၂၂-၂၀၂၃ စီမံကိန်းဆီထွက်သီးနှံဖြစ်သည့် ရေဆင်းစပ်မျိုး(၁) ဆောင်းနေကြာသီးနှံမျိုးစေ့ချပွဲကို ယနေ့နံနက် ၈ နာရီက သာယာဝဲကျေးရွာအုပ်စု ကွင်းအမှတ်(၁၃၄)သာယာဝဲကွင်း ဦးပိုင်အမှတ်(၂၃/၂)ရှိ ဦးသောင်းလုပ်ပိုင်ခွင့်ရလယ်မြေဧရိယာ သုည ဒသမ ၉၉ ဧကတွင် ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ ဖျာပုံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်လင်းနှင့်အဖွဲ့ဝင်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာအကြီးအကဲများ၊ ကျိုက်လတ်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းအောင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးမြှင့်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**၂၀၇**

# ယာဉ်ကြောပိတ်ဆို့မှုပြဿနာ ဖြေရှင်းနိုင်မှုကြောင့် ကုန်စည်စီးဆင်းမှု မြန်ဆန်လာနိုင်ရေးအတွက်ပါ စဉ်းစားလုပ်ဆောင်ရန်လို



နေပြည်တော် နိုဝင်ဘာ ၁၄

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ နံနက်ပိုင်းက တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ဘုရားကြီး-မော်လမြိုင်-ထားဝယ်-မြိတ်-ဘုတ်ပြင်း-ကော့သောင်းလမ်း ၅၂၀ ဒသမ ၃၃၄ ကီလိုမီတာမှ ၅၂၂ ဒသမ ၃၃၄ ကီလိုမီတာအတွင်း လေးလမ်းသွားလမ်းတိုးချဲ့ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို မြေပြင်ကွင်းဆင်းကြည့်ရှုသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ထားဝယ်-ကမြောကင်း-လောင်းလုံးလမ်းပေါ်ရှိ ထားဝယ်မြစ်အား ဖြတ်သန်းဖောက်လုပ်ထားသည့် ကမြောကင်းတံတားသစ် တည်ဆောက်နေသည့် စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိရာ တံတားဦးစီးဌာန တည်ဆောက်ရေး အဖွဲ့(၄)မှ ညွှန်ကြားရေးမှူး (မြို့ပြ) ဦးသိန်းနိုင်က ကမြောကင်းတံတားသစ် တည်ဆောက်နေမှုအခြေအနေများကိုလည်းကောင်း၊ လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးသက်ဇော်ဝင်းက ချဉ်းကပ်လမ်းတည်ဆောက်မှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီးက ကမြောကင်းတံတားသစ်စီမံကိန်း ဆောင်ရွက်နေမှုနှင့်ပတ်သက်ပြီး ဘဏ္ဍာနှစ်အလိုက် ခွင့်ပြုရန်ပုံငွေရရှိမှုနှင့် မြေပြင်လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို မေးမြန်းစိစစ်ပြီး၊ ဆက်လက်ဆောင်ရွက်ရမည့် လျာထားလုပ်ငန်းများအတွက် စီမံချက်ရေးဆွဲဆောင်ရွက်ရန်နှင့် စီမံကိန်းတန်ဖိုးပြောင်းလဲခြင်းဆိုင်ရာလုပ်ငန်းများကို စနစ်တကျတွက်စစ်ပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရန်လိုကြောင်း၊ တံတားချဉ်းကပ်လမ်းဆောင်ရွက်ရာတွင် နေ့စဉ်ယာဉ်ဖြတ်သန်းသွားလာမှု အရေအတွက်၊ ယာဉ်ကြောပိတ်ဆို့မှုပြဿနာ ဖြေရှင်းနိုင်မှုကြောင့် ကုန်စည်စီးဆင်းမှု မြန်ဆန်လာနိုင်ရေးအတွက်ပါ စဉ်းစားလုပ်ဆောင်ရန်လိုကြောင်း မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ကမြောကင်းတံတားသစ် တည်ဆောက်နေမှုနှင့် တံတားချဉ်းကပ်လမ်း တည်ဆောက်နေမှုကို ထားဝယ်မြို့သို့အဝင်ဘက်အခြမ်း၊ လောင်းလုံးမြို့နှင့် မောင်းမကန်သို့ ခွဲထွက်သည့် အဝိုင်းပတ်နေရာများသို့ ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



နေပြည်တော် နိုဝင်ဘာ ၁၄

တပ်မတော် ပင်လယ်သွားဆေးရုံ ရေယာဉ်(သံလွင်) သည် ယနေ့တွင် ငပုတောမြို့နယ်ရှိ ပြည်သူ့ဆေးရုံ၌ အခြေပြု၍ ဒေသခံပြည်သူ ၁၄၃၄ ဦးအား ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

## ကုသပေး

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၄၄၂ ဦး၊ ခွဲစိတ်ရောဂါ ၆၉ ဦး၊ သားဖွား/မီးယပ်ရောဂါ ၅၈ ဦး၊ ကလေးရောဂါ ၅၇ ဦး၊ အရိုးရောဂါ ၃၇၈ ဦး၊ နား/ နှာခေါင်း/ လည်ချောင်းရောဂါ ၇၂ ဦး၊ မျက်စိရောဂါ ၂၈၁ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၇၇ ဦး စုစုပေါင်း ၁၄၃၄ ဦးကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့အပြင် ခွဲစိတ်ကုသရန် လိုအပ်သူ အထွေထွေခွဲစိတ်လူနာ ကိုးဦးကို ခွဲစိတ်ကုသမှုများ ဆောင်ရွက်ပေးပြီး ခါတ်မှန်ရိုက်လူနာ သုံးဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေး လူနာ ၅၈ ဦး၊ ECG ဖြင့် နှလုံးစမ်းသပ်လူနာ ၂၇ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၅၃ ဦးကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာများအား နီးစပ်ရာတပ်မတော်ဆေးရုံနှင့် ပြည်သူ့ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို အနောက်တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်အောင်ခင်ဇော်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကာ မျက်စိအတွင်းတိမ်ရောဂါဖြင့် ကုသမှုခံယူနေသည့် လူနာများအား မျက်မှန်များ တပ်ဆင်လှူဒါန်းပေးပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေး သင်တန်း (၂/ ၂၀၂၂) ဖွင့်ပွဲ ကျင်းပ

သထုံ နိုဝင်ဘာ ၁၄

မွန်ပြည်နယ် သထုံခရိုင်မီးသတ်ဦးစီးဌာနက စီစဉ်ဖွင့်လှစ်သည့် ခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေးသင်တန်း(၂/၂၀၂၂)ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီက သထုံမြို့ လိပ်အင်းရပ်ကွက်ရှိ မြို့နယ်စုပေါင်းရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သထုံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှိုင်ထွန်းက အမှာစကားပြောကြားသည်။ ယင်းနောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မွန်ပြည်နယ်မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်နှင့် တာဝန်ရှိသူများက ခင်းကျင်းပြသထားသည့် ရှာဖွေကယ်ဆယ်ရေးသုံးပစ္စည်းများကို လိုက်လံကြည့်ရှုကြသည်။

အဆိုပါသင်တန်းကို ၁၀ ရက်ကြာ စာတွေ့လက်တွေ့ ပို့ချပေးမည်ဖြစ်ပြီး သထုံခရိုင်အတွင်းရှိ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးပရဟိတအသင်းများမှ သင်တန်းသားစုစုပေါင်း ၅၀ တက်ရောက်ကြကြောင်း သိရသည်။ နဒီ(ပြန်/ဆက်)



# ကျောက်ဖြူမြို့ပင်လယ်ကမ်းခြေတွင် နံနက်စောစောထ လမ်းလျှောက်သူများ၊ ကျန်းမာရေးလေ့ကျင့်ခန်း ပြုလုပ်သူများဖြင့် စည်ကားများပြား



ကျောက်ဖြူ နိုဝင်ဘာ ၁၄

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ ပင်လယ်ကမ်းခြေတွင် ယနေ့နံနက် ၅ နာရီကျော်မှစ၍ စောစောထလမ်းလျှောက်ကြသူများ၊ အပြေးလေ့ကျင့်သူများ၊ စက်ဘီးစီးသူများနှင့် ကျန်းမာရေးလေ့ကျင့်ခန်း ပြုလုပ်ကြသူများဖြင့် အထူးစည်ကားများပြားလျက်ရှိသည်။

အအေးဓာတ် ဝင်လာပြီဖြစ်သည့် နိုဝင်ဘာလ ပထမပတ်မှ စတင်ကာ အဆိုပါကမ်းခြေ၌ ကိုယ်လက်လှုပ်ရှား ကျန်းမာရေးလေ့ကျင့်ခန်းများ ပြုလုပ်ခြင်း၊ ကျောက်ဖြူဗျူးပွိုင့်နှင့် Welcome to Kyauk Phyu နေရာမှ စတင်၍ သာသနာ ၂၅၀၀ အကွေ့ထိ လမ်းလျှောက်ခြင်း၊ ကမ်းခြေတစ်လျှောက် စက်ဘီးစီးခြင်း၊ အပြေးလေ့ကျင့်ခြင်းများ ဆောင်ရွက်နေကြပြီး ကမ်းခြေတစ်လျှောက် အထူးစည်ကားလျက်ရှိသည်။

ကျောက်ဖြူပင်လယ်ကမ်းခြေတွင် ဒေသခံပြည်သူများအနေဖြင့် နံနက်စောစောထ လမ်းလျှောက်ခြင်း၊ ကျန်းမာရေးအားကစားလေ့ကျင့်ခန်းပြုလုပ်ခြင်း၊ ညနေပိုင်းတွင် လူငယ်များ သဲသောင်ပြင်ဘောလုံး ကစားခြင်း၊ ရေကူးခြင်း၊ စွန်လွှတ်ခြင်းတို့အပြင် မိသားစုအပန်းဖြေရာ နေရာတစ်ခုလည်းဖြစ်ကြောင်း သိရသည်။

တင်ထွန်းဦး(ပြန်/ဆက်)

# ပဲခူးမြို့တွင် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

ပဲခူး နိုဝင်ဘာ ၁၄

လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲကို ယနေ့ နံနက် ၁၀ နာရီက ပဲခူးမြို့နယ် အခြေခံပညာ အထက်တန်း ကျောင်း(ခွဲ) ကမာနတ်ရှိ ကျောင်းခန်းမ၌ ကျင်းပသည်။

အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)ကမာနတ်မှကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းနုက အမှာစကားပြောကြားပြီး ပဲခူးခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သန္တာဝင်းက ကာယပညာသင်ကြားရခြင်း၏ ရည်ရွယ်ချက်မှာ အနာဂတ်မျိုးဆက်သစ် လူငယ်လူရွယ်များ ဗလငါးတန် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်စေရေးအတွက်ဖြစ်ကြောင်း အသိပညာပေး ဟောပြောသည်။

ဆက်လက်၍ ပဲခူးခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ယဉ်ယဉ်နုနှင့် အားကစားနှင့် ကာယပညာဦးစီးဌာန မြို့နယ်အားကစားမှူး ဦးဝင်းကျော်တို့က အသိပညာပေး ဆွေးနွေးခဲ့ကြသည်။

သက်ဖြိုးကြိုင်(ပြန်/ဆက်)



# ဓာတ်ခွဲနမူနာစုစုပေါင်း ၇၅၀၆ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၂ ဦးတွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၄-၁၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၃-၁၁-၂၀၂၂)ရက်နေ့၊ ည(၈:၀၀)နာရီမှ (၁၄-၁၁-၂၀၂၂)ရက်နေ့၊ ည(၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း(၇,၅၀၆)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃၂)ဦးတွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၄၃) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၅၄၀,၆၉၃) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၃၂,၇၁၁) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၉၉)ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၀၇,၀၄၅)ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၈၆) ဦး ရှိပါသည်။

ယခုအခါ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါသည် ကမ္ဘာတစ်ဝန်းလုံးတွင် ဖြစ်ပွား၊ သေဆုံးမှုအနေဖြင့် လျော့နည်းကျဆင်းလာလျက်ရှိပြီး မြန်မာနိုင်ငံတွင်လည်း ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်မှ နေ့စဉ်ဓာတ်ခွဲစစ်ဆေးမှုများ၌ ရောဂါပိုးတွေ့ရှိမှုအနေဖြင့် (၂၂) ရက်ဆက်တိုက် (၂)ရာခိုင်နှုန်းအောက်သို့ ကျဆင်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူ ယှဉ်တွဲပြီး(Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့်-

- အသက်(၅)နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- လက်ကို ဆပ်ပြာ၊ ရေ(သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀)ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၉၈၉၈၄၆၇ | ၉၇၄၅၉၈၂၅ | ၁၁၀၀၁၂၇ |
| ၂။ | အိန္ဒိယ | ၄၄၆၆၆၉၂၄ | ၄၄၁၂၆၉၂၄ | ၅၃၀၅၃၂ |
| ၃။ | ပြင်သစ် | ၃၇၁၂၇၁၇၃ | ၃၆၄၄၉၀၂၄ | ၁၅၇၇၀၄ |
| ၄။ | ဂျာမနီ | ၃၆၀၃၃၃၉၄ | ၃၅၀၂၂၅၀၀ | ၁၅၅၅၈၈ |
| ၅။ | ဘရာဇီး | ၃၄၉၅၅၈၂၀ | ၃၄၁၁၅၁၈၈ | ၆၈၈၇၃၈ |
| ၆။ | တောင်ကိုရီးယား | ၂၆၂၁၇၉၉၄ | ၂၅၄၀၁၄၄၀ | ၂၉၇၀၉ |
| ၇။ | ဗြိတိန် | ၂၃၉၅၄၁၉၂ | ၂၃၆၅၁၀၈၃ | ၁၉၅၅၃၀ |
| ၈။ | အီတလီ | ၂၃၈၂၃၁၉၂ | ၂၃၂၂၄၆၅၃ | ၁၇၉၈၈၅ |
| ၉။ | ဂျပန် | ၂၃၂၁၆၂၆၅ | ၂၀၅၆၆၉၄၀ | ၄၇၆၂၇ |
| ၁၀။ | ရုရှား | ၂၁၅၀၄၅၃၀ | ၂၀၉၀၅၉၇၇ | ၃၉၁၀၈၅ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၁၅၀၈၈၉၃ | ၁၀၆၀၆၀၀၃ | ၄၃၁၆၆ |
| ၂။ | အင်ဒိုနီးရှား | ၆၅၆၅၉၁၂ | ၆၃၅၆၇၉၄ | ၁၅၉၁၅၈ |
| ၃။ | မလေးရှား | ၄၉၄၈၈၁၇ | ၄၈၈၂၆၆၄ | ၃၆၅၄၈ |
| ၄။ | ထိုင်း | ၄၆၉၈၃၇၃ | ၄၆၄၉၅၀၉ | ၃၃၀၃၇ |
| ၅။ | ဖိလစ်ပိုင် | ၄၀၁၈၂၅၃ | ၃၉၃၄၆၉၀ | ၆၄၃၈၇ |
| ၆။ | စင်ကာပူ | ၂၁၄၀၀၉၉ | ၂၀၆၂၀၉၇ | ၁၆၉၅ |
| ၇။ | မြန်မာ | ၆၃၂၇၁၁ | ၆၀၇၀၄၅ | ၁၉၄၈၆ |
| ၈။ | ဘရူနိုင်း | ၂၄၁၀၄၄ | ၂၂၂၁၄၀ | ၂၂၅ |
| ၉။ | လာအို | ၂၁၆၃၆၃ | ၂၀၈၃၄၄ | ၇၅၈ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၇၉၉၉ | ၁၃၄၉၆၀ | ၃၀၅၆ |

## သရက်ခရိုင်အတွင်း ကျေးရွာချင်းဆက်လမ်းတံတားများဆောင်ရွက်မှု ၅၀ ရာခိုင်နှုန်းပြီးစီး

**သရက် နိုဝင်ဘာ ၁၄**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန သရက်ခရိုင်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက သရက်ခရိုင်အတွင်း ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် နိုင်ငံတော်ရန်ပုံငွေကျပ်သန်း ၄၇၀၀ ကျော်အသုံးပြုကာ ကျေးရွာ ၂၁၂ ရွာ အကျိုးပြုမည့် ကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ တံတားများတည်ဆောက်ခြင်း လုပ်ငန်းများကို ဇူလိုင်လမှစတင်အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိရာ ယခုအခါ ၅၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

သရက်ခရိုင်အတွင်း သရက်၊ ကံမ၊ ဆင်ပေါင်ဝဲ မြို့နယ်သုံးမြို့နယ်၌ ကျေးရွာချင်းဆက်လမ်းများဖြစ်သည့် ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ၁၂ ခု၊ ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း နှစ်ခု၊ မြေနီလမ်းခင်းခြင်းလုပ်ငန်း ၁၃ ခုနှင့် မြေသားလမ်းခင်းခြင်းလုပ်ငန်း တစ်ခု စုစုပေါင်းလုပ်ငန်း ၂၈ ခု လမ်းအရှည် ၃၉ မိုင် သုည ဒသမ ၄ ဖာလုံဖောက်လုပ်ခြင်းနှင့် ကျေးရွာချင်းဆက်တံတားများဖြစ်သည့် ကွန်ကရစ်တံတား ငါးစင်း၊ ရေကျော်သုံးစင်း၊ Box Culvert ခုနစ်စင်း၊ ရေမြုပ်တံတား တစ်စင်း၊ စုစုပေါင်းတံတားလုပ်ငန်း ၁၈ စင်း အရှည် ၁၁၄၅ ပေ တည်ဆောက်ခြင်းလုပ်ငန်းများကို ပြည်ထောင်စု ရန်ပုံငွေကျပ် ၁၂၇၇ ဒသမ ၉၇၅ သန်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေကျပ် ၁၅၈၂ ဒသမ ၂၀၃ သန်း စုစုပေါင်း ငွေကျပ် ၂၈၆၀ ဒသမ ၁၇၈ သန်း အသုံးပြုကာ လုပ်ငန်းတင်ဒါ၊ ပစ္စည်းတင်ဒါစနစ်ဖြင့် ဇူလိုင်လ ပထမပတ်မှ လုပ်ငန်းများစတင်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအခါ လုပ်ငန်းအားလုံး ၅၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သရက်ခရိုင်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ယာယီခရိုင်တာဝန်ခံ ဒေါ်ဇာလှိုင်သန်းက ပြောသည်။

**ငွေကြယ်**

## လက်ပံတန်းမြို့၌ မီးဘေးလုံခြုံရေးနှင့် ကျန်းမာရေးနှင့်ညီညွတ်ရေး စစ်ဆေးဆောင်ရွက်

**လက်ပံတန်း နိုဝင်ဘာ ၁၄**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့ မြို့မဈေးကြီးအတွင်း မီးဘေးလုံခြုံရေးနှင့် ကျန်းမာသန့်ရှင်းရေး လုပ်ငန်းများနှင့် ပတ်သက်သည်များကို ယနေ့နံနက် ၉ နာရီက ကွင်းဆင်းစစ်ဆေးမှုများ ဆောင်ရွက်သည်။

**ကြည့်ရှုစစ်ဆေး**

အဆိုပါ စည်ပင်သာယာရေး မြို့မဈေးကြီးသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဘုန်းလှိုင်၊ အဖွဲ့ဝင် ဗိုလ်မှူးကျော်ဝင်းခိုင်၊ ဦးတင်စိုးရှိန်၊ စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းစန်း၊ မီးသတ်ဦးစီးဌာန၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း၊ ကျန်းမာရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဈေးရောင်းချသူများ၊ ဈေးဝယ်သူများ ကျန်းမာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာမှု ရှိ/မရှိ၊ မီးလောင်လွယ်သည့် အမှိုက်များမရှိစေရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

**အောင်ဆင့်**

## အချိန်အခါမဟုတ် မိုးရွာနိုင်မည့် သတိပေးချက်

**နေပြည်တော် နိုဝင်ဘာ ၁၄**

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်များအရ နိုဝင်ဘာ ၁၆ ရက်မှ နိုဝင်ဘာ ၂၀ ရက်အတွင်း ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ လေနွေးများနှင့် တရုတ်ပြည်မကြီးပေါ်ရှိ လေဖိအားကြီးရပ်ဝန်းဒေသမှ ရွေ့လျားလာသော လေအေးများ တွေ့ဆုံမှုကြောင့် လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလား ပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်နေခြင်းကြောင့် လည်းကောင်း တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်ပါသည်။

**အကြံပြုချက်**

ပြည်သူများအနေဖြင့် အချိန်အခါမဟုတ် မိုးရွာခြင်းနှင့်အတူ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

# သီရိလင်္ကာနိုင်ငံက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်ရန် စီးပွားရေးဇုန်သစ်များ တည်ထောင်မည်



ကိုလံဘို နိုဝင်ဘာ ၁၄

သီရိလင်္ကာနိုင်ငံအစိုးရသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်ရန် ဟမ်ဘန်တိုတာနှင့် ထရင်ကိုမာလီခရိုင်များအပါအဝင် နိုင်ငံ၏ အနောက်ပိုင်းနှင့် အနောက်မြောက်ပိုင်းပြည်နယ်များ၌ စီးပွားရေးဇုန်သစ်များကို တည်ထောင်မည်ဖြစ်ကြောင်း သီရိလင်္ကာနိုင်ငံသမ္မတ ရာနေဝစ်ရီမီဆင်းက နိုဝင်ဘာ ၁၄ ရက်တွင် ပြောကြားသည်။

သီရိလင်္ကာနိုင်ငံ ပါလီမန်၌ ၂၀၂၃ ဘတ်ဂျက်တင်ပြသည့်အချိန်တွင် စီးပွားရေးဇုန်တစ်ခုချင်းစီအတွက် အနည်းဆုံးမြေဧက ၁၀၀၀ ခွဲဝေချထားမည်ဖြစ်ကြောင်းလည်း သီရိလင်္ကာနိုင်ငံသမ္မတက ပြောကြားသည်။

ရင်းနှီးမြှုပ်နှံမှုနှင့် ပြည်ပကုန်သွယ်မှုမြှင့်တင်ရာတွင် အထောက်အကူဖြစ်စေမည့် ပတ်ဝန်းကျင်တစ်ခုဖန်တီးရန် အေဂျင်စီတစ်ခုကိုလည်း တည်ထောင်သွားမည်ဖြစ်ကြောင်း သီရိလင်္ကာနိုင်ငံ သမ္မတက ပြောကြားသည်။

သီရိလင်္ကာနိုင်ငံသည် လာမည့် ၁၀ နှစ်တာကာလအတွင်း တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၃ ဘီလီယံတန်ဖိုးရှိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်နိုင်ရန်လည်း စီစဉ်လျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အလင်းသစ်**

# အိန္ဒိယနိုင်ငံ၌ နေ့စဉ်ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူ ၅၄၇ ဦး ထပ်မံတွေ့ရှိ

နယူးဒေလီ နိုဝင်ဘာ ၁၄

အိန္ဒိယနိုင်ငံ၌ နေ့စဉ်ကိုဗစ်–၁၉ ရောဂါကူးစက်ခံရသူ အရေအတွက် ၅၄၇ ဦးရှိပြီး နေ့စဉ်ရောဂါကူးစက်ခံရသူ အရေအတွက် ကျဆင်းလာကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

နိုင်ငံအတွင်းလက်ရှိအချိန်၌ ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူ ၄၄၆၆၉၂၄ ဦးရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှထုတ်ပြန်သည့်အချက်အလက်များအရသိရသည်။

လက်ရှိအချိန်တွင် နိုင်ငံအတွင်း ကိုဗစ်–၁၉ ရောဂါပိုးတွေ့ရှိဆဲလူနာ ၉၄၆၈ ဦးရှိပြီး ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသူ ၅၃၀၅၃၂ ဦးရှိသည်။ နိုင်ငံအတွင်း ကိုဗစ်–၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၄၄၁၂၆၉၂၄ ဦးရှိကြောင်းသိရသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ**





# တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူ ၂၃၇၆၅ ဦး ထပ်မံတွေ့ရှိ

ဆိုးလ် နိုဝင်ဘာ ၁၄

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူ ၂၃၇၆၅ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၂၃၇၆၅ ဦး ရှိလာကြောင်း တောင်ကိုရီးယားကျန်းမာရေးအာဏာပိုင်များက ယနေ့တွင် ပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်–၁၉ ရောဂါကူးစက်ခံရသူများအနက် ၅၄ ဦးသည် ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများဖြစ်ကြောင်းနှင့် ကျန်ရှိသူများသည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်း သိရသည်။

ထို့ပြင် လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်–၁၉ ရောဂါကြောင့်သေဆုံးသူ ၄၄ ဦးထပ်မံတွေ့ရှိခြင်းကြောင့် ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသူ စုစုပေါင်း ၂၉၇၀၉ ဦးရှိလာကြောင်း တောင်ကိုရီးယားကျန်းမာရေးအာဏာပိုင်များက ပြောကြားသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အလင်းသစ်**

# အီရန်နိုင်ငံက ဗင်နီဇွဲလားနိုင်ငံသို့ ကားတင်ပို့မှုစတင်

တီဟီရန် နိုဝင်ဘာ ၁၄

အီရန်နိုင်ငံက ဗင်နီဇွဲလားနိုင်ငံသို့ ကားတင်ပို့မှုကို နိုဝင်ဘာ ၁၃ ရက်တွင် စတင်ခဲ့ကြောင်း အီရန်နိုင်ငံသို့ အလည်အပတ်ခရီးရောက်ရှိနေသည့် ဗင်နီဇွဲလားသယ်ယူပို့ဆောင်ရေးဝန်ကြီး ရာမန်ဗီလာစကွက်က ပြောကြားသည်။

ဗင်နီဇွဲလားနိုင်ငံက အီရန်နိုင်ငံထုတ်ကား အစီးရေစုစုပေါင်း ၈၀၀၀၀ ကိုမှာယူထားပြီး အဆိုပါကားများအနက် ကားအစီးရေ ၁၀၀၀ ကို ပထမအသုတ်အနေဖြင့် ပေးပို့မည်ဖြစ်ကြောင်း ဗင်နီဇွဲလားသယ်ယူပို့ဆောင်ရေးဝန်ကြီး ရာမန်ဗီလာစကွက်၏ ပြောကြားချက်ကို ကိုးကား၍ အီရန်နိုင်ငံ၏ လေဘာသတင်းအေဂျင်စီက သတင်းထုတ်ပြန်သည်။

ဗင်နီဇွဲလားနိုင်ငံ၌ အီရန်နိုင်ငံထုတ် ကားများအတွက် ဝယ်လိုအားမြင့်တက်မှုရှိနေကြောင်းလည်း ဗင်နီဇွဲလားသယ်ယူပို့ဆောင်ရေးဝန်ကြီး ရာမန်ဗီလာစကွက်က မှတ်ချက်ပြုပြောကြားသည်။

ဗင်နီဇွဲလားသယ်ယူပို့ဆောင်ရေးဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၁၃ ရက်တွင် မြို့တော်တီဟီရန်၌ စတင်ခဲ့သည့် အီရန်နှင့် ဗင်နီဇွဲလားနိုင်ငံတို့မှ ပူးတွဲစီးပွားရေးကော်မရှင်၏ (၉)ကြိမ်မြောက် အစည်းအဝေးသို့ တက်ရောက်ရန် အီရန်နိုင်ငံသို့ ရောက်ရှိနေကြောင်းလည်း သိရသည်။

အမေရိကန်နိုင်ငံ၏ စီးပွားရေးပိတ်ဆို့မှုဒဏ်ကို အပြင်းအထန်ခံခဲ့ရသည့် အဆိုပါနှစ်နိုင်ငံသည် စီးပွားရေးပိတ်ဆို့မှုဒဏ်ကို တုံ့ပြန်နိုင်ရန် မကြာသေးမီနှစ်များအတွင်းကပင် စီးပွားရေးနှင့် စွမ်းအင်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို နီးကပ်စွာလုပ်ဆောင်ခဲ့ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အလင်းသစ်**

# တရုတ်နိုင်ငံ၏ အီလက်ထရွန်နစ်ကုန်သွယ်ရေးစကြံ့ဝက်ဘ်ဆိုက်မှ ဝင်ငွေ ယွမ် ဘီလီယံ ၃၀ ကျော် ရရှိခဲ့

ပေကျင်း နိုဝင်ဘာ ၁၄

တရုတ်နိုင်ငံရှိ ဒေသ ၈၃၂ ခုမှ ဒေသထွက်ထုတ်ကုန်များကို နိုင်ငံအတွင်း အီလက်ထရွန်နစ်ကုန်သွယ်ရေးစကြံ့ဝက်ဘ်ဆိုက်မှ ရောင်းချခဲ့ရာ ဝင်ငွေ ယွမ် ဘီလီယံ ၃၀ ကျော်ရရှိခဲ့ကြောင်း သိရသည်။

ယင်း အီလက်ထရွန်နစ်ကုန်သွယ်ရေးစကြံ့ဝက်ဘ်ဆိုက်သည် နိုင်ငံအတွင်း အောက်တိုဘာ ၃၁ ရက်အထိ စိုက်ပျိုးရေးထုတ်ကုန်အရေအတွက် ၂၂၄၀၀၀ ကို ခင်းကျင်းရောင်းချခဲ့ပြီး နိုင်ငံအတွင်းရှိ ကျေးလက်နေပြည်သူသုံးသန်းခန့်အား အကျိုးပြုခဲ့ကြောင်း အဆိုပါဝက်ဘ်ဆိုက်တည်ထောင်ရောင်းချသည့်လုပ်ငန်းဖြစ်သည့် China CO–OP Group က ပြောကြားသည်။

အဆိုပါအီလက်ထရွန်နစ်ကုန်သွယ်ရေးစကြံ့ဝက်ဘ်ဆိုက်အား အဆင့်မြှင့်တင်တိုးတက်လာစေရန် ဆောင်ရွက်သွားမည်ဖြစ်ပြီး နိုင်ငံအတွင်း ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းများအောင်မြင်စေရေးနှင့် ကျေးလက်ဒေသများအား အဆင့်မြှင့်တင်နိုင်ရန်အတွက် အားထုတ်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း အဆိုပါ China CO–OP Group က ပြောကြားသည်။

ယင်းဝက်ဘ်ဆိုက်အား ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် စတင်လုပ်ငန်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး တရုတ်နိုင်ငံဘဏ္ဍာရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေးနှင့် ကျေးလက်ရေးရာဝန်ကြီးဌာနများအပါအဝင် သက်ဆိုင်ရာလုပ်ငန်းအဖွဲ့အစည်းများ၏ ကြီးကြပ်မှုဖြင့် လုပ်ငန်းဆောင်ရွက်ခြင်းဖြစ်သည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**

# ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အင်းစိန်ဗဟိုအကျဉ်းထောင် ဝင်/ထွက်ဂိတ်ပေါက်ရှိ ပါဆယ်ထုပ်လက်ခံသည့် အဆောက်အအုံ၌ ဖောက်ခွဲမှုကျူးလွန်ခဲ့သူများ ဖော်ထုတ်ဖမ်းဆီး



အင်းစိန်ဗဟိုအကျဉ်းထောင်အား ပါဆယ်ထုပ်များအတွင်း လက်လုပ်မိုင်းတပ်ဆင်ကာ ဖောက်ခွဲမှုကျူးလွန်ခဲ့သည့် တရားခံများနှင့် ပြစ်မှုကျူးလွန်စဉ်က ၎င်းတို့ဝတ်ဆင် အသုံးပြုခဲ့သည့်ပစ္စည်းများ မှတ်တမ်းဓာတ်ပုံ။

**အင်းစိန်ဗဟိုအကျဉ်းထောင် ဝင်/ထွက်ပေါက် ပါဆယ်ထုပ်လက်ခံသည့် အဆောက်အအုံ၌ ဖောက်ခွဲမှုကျူးလွန်ခဲ့သည့် တရားခံများ၏ အခြေပြဇယား**




**နေပြည်တော် နိုဝင်ဘာ ၁၄**

၂၀၂၂ ခုနှစ် အောက်တိုဘာ ၁၉ ရက် နံနက် ၉ နာရီ မိနစ် ၄၀ တွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်အင်းစိန်ဗဟိုအကျဉ်းထောင်၏ ဝင်/ထွက်ပေါက်ဂိတ်ရှိ အကျဉ်းသားများအတွက် ပါဆယ်ထုပ်လက်ခံသည့် အဆောက်အအုံအတွင်းနှင့် အပြင်ဘက်တို့တွင် အကြမ်းဖက်သမားများက ပါဆယ်ထုပ်များအတွင်း မိုင်းများထည့်သွင်း ဖောက်ခွဲခဲ့မှုကြောင့် တာဝန်ဝတ္တရားများ ဆောင်ရွက်လျက်ရှိကြသည့် အကျဉ်းထောင်ဝန်ထမ်း သုံးဦးနှင့် အကျဉ်းသားများအတွက် ပါဆယ်ထုပ်လာရောက်ပေးပို့သူ အမျိုးသမီး ငါးဦး စုစုပေါင်းရှစ်ဦးတို့တွင် မိုင်းစထိမှန် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့ကြပြီး အကျဉ်းထောင်ဝန်ထမ်း ငါးဦး၊ အကျဉ်းသားများအတွက် ပါဆယ်ထုပ်လာရောက်ပေးပို့သူ အမျိုးသား ငါးဦးနှင့် အမျိုးသမီး ရှစ်ဦး စုစုပေါင်း ၁၈ ဦးတို့တွင် မိုင်းစထိမှန်ဒဏ်ရာများ ရရှိခဲ့သဖြင့် သေဆုံးသူများနှင့် ထိခိုက်ဒဏ်ရာရရှိသူများကို အင်းစိန်မြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ထားရှိကာ လိုအပ်သော ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ဖောက်ခွဲမှုကျူးလွန်ခဲ့သူများကို အင်းစိန်မြို့မရဲစခန်းတွင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၀(ဈ)/ ၅၄ တို့ဖြင့် အမှုဖွင့်လှစ်ကာ စုံစမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

**ဖမ်းဆီးရမိ**

အထက်ပါဖြစ်စဉ်မှ အကြမ်းဖက်ဖောက်ခွဲမှုကျူးလွန်ခဲ့သူများကို ဖော်ထုတ်ဖမ်းဆီးနိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်မှုကိုမလိုလားသည့် တာဝန်သိပြည်သူများနှင့် ပူးပေါင်း၍ အသွင်ယူသတင်းရယူစုံစမ်းထောက်လှမ်းခြင်းနှင့် ခိုင်လုံသည့် လုံခြုံရေးမှတ်တမ်းအထောက်အထားများကို အခြေခံကာ ရရှိလာသောသတင်းများ ကွင်းဆက်မပြတ် အပူတပြင်း လိုက်လံစုံစမ်းခဲ့ရာ အင်းစိန်ဗဟိုအကျဉ်းထောင် ဖောက်ခွဲမှုကျူးလွန်စဉ် မှတ်တမ်းတင် Video ရိုက်ကူးခဲ့ပြီး လူမှုကွန်ရက် Social Media ပေါ်တွင် ထုတ်လွှင့်ဖော်ပြခဲ့သူ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် (၁၃၁)ရပ်ကွက် မြတ်လေးလမ်း အမှတ်(၂၈၀)နေ ချမ်းမြေ့သူ(ခ)ဂျူးဂျူး (ခ)JULU (၂၅)နှစ် (ဘ)ဦးအောင်ကြီးကို အောက်တိုဘာ ၂၅ ရက် ညနေ ၆ နာရီ မိနစ် ၂၀ တွင် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် မင်းရဲကျော်စွာလမ်း ဒဂုံတက္ကသိုလ်မှတ်တိုင်၌ စတင်ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူ ချမ်းမြေ့သူ(ခ)ဂျူးဂျူး(ခ)JULU ၏ ထွက်ဆိုချက်အရ ဖောက်ခွဲမှုအား ၎င်း၏ခင်ပွန်းဖြစ်သူ ကောင်းထက်(ခ)ဖိုးစီ(၂၅)နှစ်က ကျူးလွန်ခဲ့ကြောင်းနှင့် ၎င်းမှာနေအိမ်၌ရှိကြောင်းသိရှိရသဖြင့် ဖမ်းဆီးနိုင်ရေးဆောင်ရွက်ခဲ့ရာ ကောင်းထက်(ခ)ဖိုးစီ(၂၅)နှစ် (ဘ)ဦးအောင်စိုးကို ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် (၁၃၁)ရပ်ကွက် မြတ်လေးလမ်း အမှတ်(၂၈၀)၌ ဖမ်းဆီးရမိခဲ့ပြီး နေအိမ်အတွင်း ဆက်လက်ရှာဖွေခဲ့ရာ ဖောက်ခွဲမှုကျူးလွန်စဉ် အသုံးပြုခဲ့သည့် 9MM ကျည်တောင့် ၃၀၊ ဒီတိုနေတာနှစ်ချောင်း၊ လက်လုပ်မိုင်းဖောက်ခွဲရာတွင် အသုံးပြုခဲ့သည့် A,B,C,D ခလုတ်များပါ Digital Remote Controller တစ်ခု၊ Vinric စာတန်းပါ ဓာတ်ခဲအသေးတစ်လုံး၊ Alkaline စာတန်းပါဓာတ်ခဲအသေးတစ်လုံး၊ ပေါက်ကွဲမှုဖြစ်ပွားမှုကို Video ရိုက်ကူးရာတွင် အသုံးပြုသည့် ဖုန်းနံပါတ် 09–750048060၊ 09–950357050 Sim Card နှစ်ကတ်ပါ Tecno Pova Neo အမျိုးအစား နက်ပြာရောင်ဖုန်းတစ်လုံး၊ Sim Card နှစ်ကတ်ပါ Oppo A 5s အမျိုးအစား အနက်ရောင်ဖုန်းတစ်လုံးနှင့် ပြစ်မှုကျူးလွန်စဉ်က ကောင်းထက်(ခ) ဖိုးစီနှင့် ချမ်းမြေ့သူ(ခ) ဂျူးဂျူး(ခ) JULU တို့ နှစ်ဦးဝတ်ဆင်ခဲ့သည့် အဝတ်အစားများကို သိမ်းဆည်းရမိခဲ့သည်။

ဖမ်းဆီးရမိသူများ၏ ထွက်ဆိုချက်အရ ကောင်းထက်(ခ)ဖိုးစီသည် မြန်မာ့မီးရထား(ရန်ကုန်) ဒီဇယ်စက်ခေါင်းပြင် အလုပ်ရုံ လျှပ်စစ်ဌာန၌ အလုပ်လုပ်ကိုင်နေရာမှ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၈ ရက်တွင် CDM ပြုလုပ်ခဲ့ကြောင်း၊ ထို့နောက် ဇနီးဖြစ်သူ ချမ်းမြေ့သူ(ခ)ဂျူးဂျူး(ခ) JULU နှင့်အတူ ရန်ကုန်မြို့အတွင်း၌ ဆူပူဆန္ဒပြခြင်းများ ပြုလုပ်ခဲ့ကြောင်း၊ ချမ်းမြေ့သူ(ခ)ဂျူးဂျူး (ခ)JULU သည် ၂၀၂၂ ခုနှစ် ဇန်နဝါရီလအတွင်း Z Fighter အမည်ခံအကြမ်းဖက်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ်ပါဝင်ခဲ့ပြီး ၎င်း၏ အဖွဲ့ဝင်အမှတ်မှာ ZF–026(MBR) ဖြစ်ကြောင်း၊ အဆိုပါအဖွဲ့တွင် အဖွဲ့ဝင် ၈၀ ခန့်ရှိပြီး Telegram တွင် Group ဖွဲ့၍ Click To Donate ပြုလုပ်ခြင်း၊ အကြမ်းဖက်မှုလုပ်ရပ်များ ဆောင်ရွက်ခြင်း၊ အဖွဲ့ဝင်သစ်စုဆောင်းခြင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏သွားလာမှုများကို စောင့်ကြည့်သတင်းပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း။

**အဖွဲ့ဝင်အဖြစ် လက်ခံ**

ကောင်းထက်(ခ) ဖိုးစီသည် ၂၀၂၂ ခုနှစ် ဧပြီလအတွင်း Facebook လူမှုကွန်ရက်စာမျက်နှာအသုံးပြု၍ "PDF Brother" Page မှသိခဲ့သည့် "စွန်ရဲ"အမည်ခံ အမျိုးသမီး(ဖမ်းဆီးရန်ကျန်)က Signal မှ ဆက်သွယ်ကာ ၎င်းအား "Special Task Agency Of Burma (STA) အထူးတာဝန်လုပ်ငန်းအဖွဲ့အမည်ခံ အကြမ်းဖက်အဖွဲ့၌အဖွဲ့ဝင်အဖြစ် လက်ခံခဲ့ကြောင်းနှင့် အကြမ်းဖက်မှုများလုပ်ဆောင်ရန် လစဉ်ငွေကျပ်တစ်သိန်းထောက်ပံ့ခဲ့ကြောင်း၊ ၎င်းအား အဆိုပါအဖွဲ့တွင် ပစ္စည်းထိန်းတာဝန်ပေးအပ်ခဲ့ပြီး "စွန်ရဲ" အမည်ခံ အမျိုးသမီး(ဖမ်းဆီးရန်ကျန်)၏ ချိတ်ဆက်ပေးမှုဖြင့် ၂၀၂၂ ခုနှစ် ဇွန်လနှင့် ဩဂုတ်လများအတွင်း ၎င်းတို့အဖွဲ့ဝင်များအကြား အကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်ခဲယမ်းများ သယ်ဆောင်ခြင်း၊ ပို့ဆောင်ပေးခြင်းများ ပြုလုပ်ရကြောင်း။

ကောင်းထက်(ခ) ဖိုးစီသည် ၎င်း၏ဇနီး ချမ်းမြေ့သူ(ခ)ဂျူးဂျူး(ခ) JULU အား STA အဖွဲ့မှ "စွန်ရဲ"ဆိုသူ အမျိုးသမီးနှင့် ချိတ်ဆက်၍ အောက်တိုဘာ ၁ ရက်တွင် အဖွဲ့ဝင်အဖြစ် ဝင်ရောက်စေခဲ့ပြီး အကြမ်းဖက်မှုလုပ်ရပ်များ ပါဝင်လုပ်ကိုင်စေခဲ့ကြောင်း ထွက်ဆိုခဲ့သည်။

အင်းစိန်ဗဟိုအကျဉ်းထောင် ဖောက်ခွဲခဲ့မှုနှင့် ပတ်သက်၍ ကောင်းထက်(ခ)ဖိုးစီ၏ ထွက်ဆိုချက်အရ၎င်းထံသို့အောက်တိုဘာ ၁၀ ရက် ညပိုင်းက "စွန်ရဲ"အမည်ခံ အမျိုးသမီးက Signal မှ ဆက်သွယ်ကာ အင်းစိန်ဗဟိုအကျဉ်းထောင်ကို ဖောက်ခွဲတိုက်ခိုက်ရန်နှင့် ၎င်းတိုက်ခိုက်မှုအား ကျော်ဟိန်း(ဖမ်းဆီးရန်ကျန်)နှင့် ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အင်းစိန်ဗဟိုအကျဉ်းထောင်၏ ဝင်/ထွက်ပေါက်ရှိ လူဝင်/ထွက်စာရင်းမှတ်သည့်နေရာနှင့် ပစ္စည်းလက်ခံသည့်နေရာတို့ကို ကြီးကြပ်သည့် ဒုထောင်မှူးနှင့် ထောင်ဝန်ထမ်းများကို ပစ်မှတ်ထားတိုက်ခိုက်ရန် စေခိုင်းခဲ့ကြောင်း။

**ဖောက်ခွဲမှု ပြုလုပ်ရန်**

ထို့နောက် အောက်တိုဘာ ၁၅ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ၎င်းထံသို့ "စွန်ရဲ" အမည်ခံအမျိုးသမီးက ထပ်မံဆက်သွယ်ကာ အကျဉ်းထောင်၏ ဂိတ်ဝင်/ထွက်ပေါက်အား ဖောက်ခွဲမှုပြုလုပ်ရန်အတွက် လက်လုပ်မိုင်းများ နေရာချထားခြင်းအား ၎င်းနှင့် ကျော်ဟိန်း (ဖမ်းဆီးရန်ကျန်) တို့မှ ဆောင်ရွက်ရန်၊ နေရာချထားပြီးပါက ၎င်းမှ အဝေးထိန်း Remote ဖြင့် ဖောက်ခွဲရန်၊ ထိုသို့ ဖောက်ခွဲတိုက်ခိုက်မှုကို ၎င်း၏ဇနီး ချမ်းမြေ့သူ(ခ) ဂျူးဂျူး(ခ)JULU က မှတ်တမ်းတင် Video ရိုက်ကူးရန်နှင့် ၎င်းတို့ ဖောက်ခွဲတိုက်ခိုက်မှုများအတွက် စောင့်ကြည့်ခြင်းများကို "စွန်ရဲ"မှ

စာမျက်နှာ ၁၅ သို့ ❂





အင်းစိန်ဗဟိုအကျဉ်းထောင် ဝင်/ထွက်ပေါက်ပါဆယ်ထုပ်လက်ခံသည့် အဆောက်အအုံအား အကြမ်းဖက်သမားများက လက်လုပ်မိုင်းဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့သည့်အတွက် ပေါက်ကွဲမှုဖြစ်ပွားခဲ့သည့်မှတ်တမ်းဓာတ်ပုံများ။



အင်းစိန်ဗဟိုအကျဉ်းထောင် ဝင်/ထွက်ပေါက် ပါဆယ်ထုပ်လက်ခံသည့် အဆောက်အအုံ၌ အကြမ်းဖက်သမားများ ထောင်ထားခဲ့ပြီး မပေါက်ကွဲသေးသည့် လက်လုပ်မိုင်းတစ်လုံး သိမ်းဆည်းရမိမှု မှတ်တမ်းဓာတ်ပုံ။

✪ စာမျက်နှာ ၁၄ မှ

အခြားသူများဖြင့် စောင့်ကြည့်ပေးသွားမည်ဟု ပြောကြားခဲ့ကြောင်း ထွက်ဆိုခဲ့သည်။

အောက်တိုဘာ ၁၈ ရက် နံနက် ၉ နာရီခန့်တွင် ကောင်းထက်(ခ) ဖိုးစီနှင့် ကျော်ဟိန်း (ဖမ်းဆီးရန်ကျန်)တို့သည် အင်းစိန်ဗဟိုအကျဉ်းထောင်အနီး သွားရောက်၍ လက်လုပ်မိုင်းများ ချထားမည့်နေရာနှင့် ၎င်းတို့ပြန်ထွက်မည့် လမ်းကြောင်းများကို သွားရောက်ကြည့်ရှုခဲ့ကြကြောင်း။

**ထွက်ဆို**

အကြမ်းဖက်ဖောက်ခွဲရာတွင် အသုံးပြုမည့် လက်လုပ်မိုင်းများကို "စွန်ရဲ"အမည်ခံ အမျိုးသမီး၏ ချိတ်ဆက်ပေးမှုဖြင့် အောက်တိုဘာ ၁၈ ရက် ညနေ ၃ နာရီတွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ပြည်ထောင်စုလမ်းပေါ်ရှိ ယောက်ကော်ကားမှတ်တိုင်၌ အမျိုးသားနှစ်ဦး (စိစစ်ဆဲ)က စက်ဘီးတစ်စီးဖြင့် ရောက်ရှိလာပြီး ပီနံအိတ်အဖြူရောင်ဖြင့် ထည့်ထားသည့် လက်လုပ်မိုင်းသုံးလုံးပေးခဲ့သဖြင့် သယ်ဆောင်လာပြီး ၎င်းအလုပ်လုပ်ကိုင်သည့် တာမွေမြို့နယ် ဘိုးလိန်းအောင်မင်္ဂလာရပ်ကွက် စံပယ်လမ်းနှင့် ကံ့ကော်လမ်းထောင့်ရှိ Dr.Doe ဆေးကုမ္ပဏီ လှေကားအောက်၌ သိမ်းဆည်းထားခဲ့ကြောင်း ထွက်ဆိုခဲ့သည်။

ဆက်လက်၍ အောက်တိုဘာ ၁၉ ရက် နံနက် ၇ နာရီတွင် ကောင်းထက်(ခ) ဖိုးစီသည် လက်လုပ်မိုင်းများ ထည့်ထားသည့်အထုပ်ကို အငှားယာဉ်ဖြင့် တင်ဆောင်ကာ ကျော်ဟိန်း (ဖမ်းဆီးရန်ကျန်)နှင့် ချိန်းဆိုထားသည့် အင်းစိန်မြို့နယ် ပေါက်တောဝ မီးပွိုင့်အနီးရှိ ဒါရ်ကာဗလီသို့ သွားရောက်ခဲ့ကြောင်း၊ ဗလီသို့ ရောက်ရှိချိန်တွင် ကျော်ဟိန်း(ဖမ်းဆီးရန်ကျန်)နှင့် တွေ့ဆုံကာ လက်လုပ်မိုင်းများဖြင့် ပါဆယ်ထုပ်ပြုလုပ်ရန် မုန့်များနှင့် တစ်ရှူးများဝယ်ယူ၍ ပါဆယ်ထုပ်များ ပြုလုပ်ခဲ့ပြီး ပါဆယ်ထုပ်များ အတွင်း၌ လက်လုပ်မိုင်းများ တပ်ဆင်ခြင်းအား ဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ပြင်ဆင်နေစဉ် ချမ်းမြေ့သူ(ခ)ဂျူးဂျူး(ခ)JULU မှာ အင်းစိန်ဗဟိုအကျဉ်းထောင်အရှေ့ လမ်းတစ်ဖက်ခြမ်း မုန့်ဟင်းခါးဆိုင်၌ထိုင်ကာ ပေါက်ကွဲမှုဖြစ်စဉ်အား မှတ်တမ်းတင်ဗီဒီယိုရိုက်ကူးရန် စောင့်ဆိုင်းနေခဲ့ကြောင်း။

ထို့နောက် ကောင်းထက်(ခ) ဖိုးစီသည် လက်လုပ်မိုင်းထည့်ထားသည့်ပါဆယ်အထုပ်တစ်ထုပ်ကိုလည်းကောင်း၊ ကျော်ဟိန်း (ဖမ်းဆီးရန်ကျန်)မှ ပါဆယ်အထုပ် နှစ်ထုပ်ကိုလည်းကောင်း သယ်ဆောင်ကာ အကျဉ်းထောင်ဝင်/ထွက်ပေါက်သို့ သွားရောက်ခဲ့ပြီး ၎င်းကိုင်ဆောင်ခဲ့သည့် ပါဆယ်အထုပ်အား ဝင်ပေါက်အနီးရှိ အမှိုက်ပုံးပေါ်တွင် လည်းကောင်း၊ ကျော်ဟိန်း (ဖမ်းဆီးရန်ကျန်) ထံမှ အထုပ်နှစ်ထုပ်ကို လူဝင်/ထွက် စာရင်းလုပ်သည့်နေရာအနီးနှင့် ပါဆယ်လက်ခံသည့်ဌာန ကောင်တာပေါ်တို့တွင် လည်းကောင်း ချထားခဲ့ပြီး ပြန်လည်ထွက်ခွာခဲ့ကာ ထောင်နှင့် မျက်နှာချင်းဆိုင် လမ်းတစ်ဖက်ခြမ်းမှ အခြေအနေကို စောင့်ကြည့်နေခဲ့ကြကြောင်း။

**ဖော်ထုတ်သိရှိရ**

ဆက်လက်၍ ကောင်းထက်(ခ) ဖိုးစီက ချမ်းမြေ့သူ(ခ)ဂျူးဂျူး(ခ) JULU အား ဗီဒီယိုရိုက်ကူးရန် သတိပေးပြီးနောက် မြင့်မိုရ်လမ်းအတွင်းမှနေ၍ အဝေးထိန်း Remote Controller အားနှိပ်၍ ဖောက်ခွဲခဲ့ရာ ၎င်းတို့ ထောင်ထားသည့် လက်လုပ်မိုင်း သုံးလုံးအနက် ဝင်ပေါက်အနီးရှိ အမှိုက်ပုံးပေါ်နှင့် ပါဆယ်လက်ခံသည့်ဌာန ကောင်တာပေါ်တို့တွင် ထောင်ထားခဲ့သည့် လက်လုပ်မိုင်း နှစ်လုံးသာ ပေါက်ကွဲခဲ့ပြီး ကျန်တစ်လုံးမှာ ပေါက်ကွဲခဲ့ခြင်းမရှိကြောင်း၊ ပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် ကောင်းထက်(ခ)ဖိုးစီ နှင့် ကျော်ဟိန်း(ဖမ်းဆီးရန်ကျန်)တို့ နှစ်ဦးမှာ အင်းစိန်ခုံးကျော် တံတားဘက်မှတစ်ဆင့် အငှားယာဉ်ဖြင့် ၎င်းတို့၏နေအိမ်များသို့ ပြန်ခဲ့ကြကြောင်း၊ ထိုသို့ ဖောက်ခွဲမှုပြုလုပ်ခဲ့မှုကို ချမ်းမြေ့သူ(ခ) ဂျူးဂျူး(ခ) JULU မှ မှတ်တမ်းတင် ဗီဒီယိုရိုက်ကူးကာ YBS ယာဉ်ဖြင့် ၎င်းအလုပ်လုပ်ကိုင်သည့် မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ယုဇနပလာဇာသို့ ပြန်ခဲ့ကြောင်း၊ ချမ်းမြေ့သူ(ခ) ဂျူးဂျူး(ခ) JULU သည် ၎င်း ရိုက်ကူးထားသည့် ဗီဒီယိုမှတ်တမ်းကို "စွန်ရဲ"ဆိုသူထံ signal မှ ပေးပို့ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။



ဒါရ်ဂါဗလီအတွင်း ဘိုးတော်ဆောင်အနီး၌ အောက်တိုဘာ ၁၉ ရက်က တရားခံ ကောင်းထက်(ခ)ဖိုးစီ ထားခဲ့သည့်လက်လုပ်မိုင်းများ သယ်ဆောင်ရာတွင် အသုံးပြုခဲ့သည့် ပလတ်စတစ်လက်ဆွဲခြင်းတစ်လုံး၊ ကြွပ်ကြွပ်အိတ်အမဲနှစ်လုံးနှင့် ၎င်းဝတ်ဆင်ခဲ့သည့်ဦးထုပ်တစ်လုံးတို့အား တွေ့ရှိရသည့် မှတ်တမ်းဓာတ်ပုံ။




"Special Task Agency Of Burma (STA) အထူးတာဝန်လုပ်ငန်းအဖွဲ့" အမည်ခံ အကြမ်းဖက်အဖွဲ့က အင်းစိန်အကျဉ်းထောင် ပေါက်ကွဲမှုဖြစ်စဉ်နှင့်ပတ်သက်၍ ၎င်းတို့အဖွဲ့က လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း ဝန်ခံထွက်ဆိုထားသည့် ကြေညာချက်မှတ်တမ်းဓာတ်ပုံ။

ဆက်လက်ဖော်ထုတ်ချက်အရ ကောင်းထက်(ခ) ဖိုးစီ သည် "Special Task Agency Of Burma (STA) အထူးတာဝန်လုပ်ငန်းအဖွဲ့" အမည်ခံ အကြမ်းဖက်အဖွဲ့၏ စေခိုင်းချက်အရ ၂၀၂၂ ခုနှစ် ဩဂုတ် ၁၂ ရက် မွန်းလွဲ ၂ နာရီ ၃၅ မိနစ်တွင် သဃ်န်းကျွန်း မြို့နယ် လေးထောင့်ကန်ရပ်ကွက် ဦးဘဟန်လမ်းရှိ သဃ်န်းကျွန်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ ဦးစီးမှူး ဦးဝင်းနိုင်ထွေးနှင့် ဒုဦးစီးမှူး ဦးကျော်မိုးတို့ကို သေနတ်ဖြင့် ပစ်ခတ်ခဲ့သည့် ဖြစ်စဉ်တွင် အခြေအနေ စောင့်ကြည့်ပေးခြင်းဖြင့် အကြမ်းဖက်မှုလုပ်ရပ်များကို ပူးပေါင်းပါဝင် ကျူးလွန်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖြစ်စဉ်တွင် ဖမ်းဆီးရမိသည့် ကောင်းထက်(ခ)ဖိုးစီနှင့် ချမ်းမြေ့သူ(ခ) ဂျူးဂျူး(ခ) JULU တို့ နှစ်ဦးကို ဥပဒေနှင့်အညီ အရေးယူနိုင်ရေးနှင့် ၎င်းတို့နှင့် ပူးပေါင်းပါဝင် ကျူးလွန်ခဲ့ကြသည့် ဖမ်းဆီးရန်ကျန်တရားခံများကို အမြန်ဆုံးဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိပြီး အဆိုပါ အင်းစိန် ဗဟိုအကျဉ်းထောင် ပေါက်ကွဲမှုဖြစ်စဉ်နှင့် ပတ်သက်၍ Facebook လူမှုကွန်ရက် စာမျက်နှာများပေါ်၌ "Special Task Agency Of Burma (STA) အထူး တာဝန်လုပ်ငန်းအဖွဲ့" အမည်ခံ အကြမ်းဖက်အဖွဲ့က ပေါက်ကွဲမှုဖြစ်စဉ် ဖြစ်ပွားပြီး နာရီပိုင်းအတွင်း အဆိုပါဖောက်ခွဲမှုကို ၎င်းတို့အဖွဲ့က လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သော်လည်း အချို့သော အကြမ်းဖက်အားပေး သတင်းမီဒီယာ Page များနှင့် Website များက လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အများပြည်သူလူထုက အထင်အမြင် လွဲမှားစေရေး မဟုတ်မမှန်သတင်းအမှားများ လုပ်ကြံရေးသား၍ သတင်းအဆိပ်တိုက်ကျွေးနေမှုများကို မိဘပြည်သူများအနေဖြင့် သတင်းအမှန်သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ထားကြောင်း သိရသည်။

သတင်းစဉ်

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် နိုဝင်ဘာ ၁၄**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

**သိမ်းဆည်းခံရနိုင်**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း နေပြည်တော်ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ် ဥသျှစ်လှိုင်းကျေးရွာနေ ချမ်းကိုကို(ခ) ချမ်းမင်းဦးသည် ၎င်းအသုံးပြုသည့် "Chan Min Oo" Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် အင်းကုန်းကျေးရွာနေ မောင်မောင်(ခ) မောင်ပုသည် ၎င်းတို့အသုံးပြုသည့် "Mg Mg" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် နိုဝင်ဘာ ၁၄**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ကပ္ပလီပင်လယ်ပြင် တောင်ပိုင်းတို့တွင် နောက် ၄၈ နာရီအတွင်း လေဖိအားနည်းရပ်ဝန်း တစ်ခုဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ

**သက်ရှိကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၅-၁၁-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၇၅ | ၂၁၂၅ | ၂၁၂၀ | ၂၀၈၅ | ၂၁၂၀ | ၂၁၄၅ | ၂၁၃၀ | ၂၁၁၀ | ၂၂၀၀ | ၂၂၂၀ | ၂၁၁၅ | ၂၁၂၅ | ၂၁၆၀ | ၂၁၆၀ | ၂၁၆၀ | ၂၃၈၀ | ၂၉၂၀ |
| 95 Ron | ၂၂၀၀ | ၂၂၄၅ | ၂၂၄၅ | ၂၂၀၅ | ၂၂၄၅ | ၂၂၆၅ | ၂၂၅၀ | ၂၂၃၀ | ၂၃၂၅ | ၂၃၄၀ | ၂၂၃၅ | ၂၂၅၀ | ၂၂၈၀ | ၂၂၈၀ | ၂၂၈၅ | ၂၅၀၀ | ၃၀၀၀ |
| HSD (500 ppm) | ၂၅၉၅ | ၂၆၄၀ | ၂၆၄၀ | ၂၆၀၅ | ၂၆၄၀ | ၂၆၆၅ | ၂၆၆၀ | ၂၆၃၀ | ၂၇၄၀ | ၂၇၃၅ | ၂၆၃၅ | ၂၆၄၀ | ၂၆၇၅ | ၂၆၈၀ | ၂၆၈၀ | ၂၉၀၀ | ၃၆၄၀ |
| HSD (50 ppm) | ၂၆၇၀ | ၂၇၁၅ | ၂၇၁၅ | ၂၆၈၀ | ၂၇၁၅ | ၂၇၃၅ | ၂၇၃၅ | ၂၇၀၀ | ၂၈၁၅ | ၂၈၁၀ | ၂၇၀၅ | ၂၇၂၀ | ၂၇၅၀ | ၂၇၅၀ | ၂၇၅၅ | ၂၉၇၅ | ၃၆၇၀ |
| HSD (10 ppm) | ၂၆၇၀ | ၂၇၁၅ | ၂၇၁၅ | ၂၆၈၀ | ၂၇၁၅ | ၂၇၃၅ | ၂၇၃၅ | ၂၇၀၀ | ၂၈၁၅ | ၂၈၁၀ | ၂၇၀၅ | ၂၇၂၀ | ၂၇၅၀ | ၂၇၅၀ | ၂၇၅၅ | ၂၉၇၅ | ၃၆၇၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၇၆ | ၂၀၄၉ |
| 95 Ron | ၂၀၉၄ | ၂၁၇၀ |
| HSD (500 ppm) | ၂၄၈၀ | ၂၅၅၉ |
| HSD (50 ppm) | ၂၅၅၂ | ၂၆၃၂ |
| HSD (10 ppm) | ၂၅၅၂ | ၂၆၃၂ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## ငါန်းဇွန်မြို့နယ် မင်းနေကုန်းကျေးရွာလမ်းခွဲ၌ မော်တော်ယာဉ်တစ်စီး PDF အမည်ခံ အကြမ်းဖက်သမားများက အကြောင်းမဲ့ မိုင်းထောင်ဖောက်ခွဲခဲ့သဖြင့် အပြစ်မဲ့ပြည်သူ တစ်ဦး သေဆုံး၊ ငါးဦးဒဏ်ရာရ

နေပြည်တော် နိုဝင်ဘာ ၁၄

ငါန်းဇွန်မြို့နယ် မင်းနေကုန်းကျေးရွာလမ်းခွဲ၌ မော်တော်ယာဉ်တစ်စီး PDF အမည်ခံ အကြမ်းဖက်သမားများက နိုဝင်ဘာ ၁၃ ရက် မွန်းလွဲ ၃ နာရီခွဲခန့်တွင် အကြောင်းမဲ့ မိုင်းထောင်ဖောက်ခွဲခဲ့သဖြင့် အပြစ်မဲ့ပြည်သူတစ်ဦး သေဆုံးခဲ့ပြီး ငါးဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် မှန်တမ်းရပ်ကွက်နေ ဒေါ်လှလှဝင်းသည် မြင်းခြံမြို့နယ် ကျောက်တိုင်ကျေးရွာသို့ မွေးနေ့ပွဲသွားရောက်ရန် မိတ်ဆွေများခေါ်ဆောင်၍ Light Truck အမျိုးအစား မော်တော်ယာဉ်ဖြင့် ထွက်ခွာခဲ့ရာ ငါန်းဇွန်မြို့နယ် တံတားဦး- မြင်းခြံသွား ကားလမ်း မင်းနေကုန်းကျေးရွာလမ်းခွဲသို့ မွန်းလွဲ ၃ နာရီခွဲအချိန်၌ ရောက်ရှိစဉ် PDF အမည်ခံ အကြမ်းဖက်သမားများက လမ်း၏ ဝဲဘက်ခြမ်းမှ မိုင်းဆွဲတိုက်ခိုက်ခဲ့သဖြင့် အပြစ်မဲ့ပြည်သူတစ်ဦး မိုင်းစထိမှန်သေဆုံးခဲ့ပြီး၊ ငါးဦးတို့တွင် မိုင်းစထိမှန်ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ဖြစ်စဉ်ဖြစ်ပွားရာနေရာသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးပြီး သေဆုံးအလောင်းနှင့် ဒဏ်ရာရသူများအား ဆေးကုသမှုခံယူနိုင်ရေး မန္တလေးပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ဆေးကုသမှုခံယူစေခဲ့ကြောင်းနှင့် ထိုကဲ့သို့ စစ်ရေးပစ်မှတ် မဟုတ်သည့် ပြည်သူများကို မိုင်းဆွဲတိုက်ခိုက်ခဲ့သည့် PDF အမည်ခံ အကြမ်းဖက်သမားများကို ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ရေး နယ်မြေခံ လုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



## ဓနုဖြူမြို့နယ်၌ ၂၀၂၂-၂၀၂၃ ခုနှစ် ဆောင်းသီးနှံ(နေကြာ) စုပေါင်းစိုက်ပျိုးပွဲ ကျင်းပ

ဓနုဖြူ နိုဝင်ဘာ ၁၄

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်၌ ၂၀၂၂-၂၀၂၃ ခုနှစ် ဆောင်းသီးနှံ (နေကြာ) စုပေါင်းစိုက်ပျိုးပွဲကို တမြာကျေးရွာအုပ်စု လယ်ဦးရွာအပိုင် တောင်သူ ဦးမောင်မောင်ကြီး၏ လယ်မြေပေါ်တွင် ယနေ့ နံနက် ၈ နာရီခွဲက ကျင်းပခဲ့သည်။

### ရှင်းလင်းပြောကြား

အခမ်းအနားတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးချစ်ဝင်းနိုင်က နေကြာစိုက်ပျိုးမှုနည်းစနစ်များနှင့် သတ်မှတ်ကေပြည့်မီအောင်စိုက်ပျိုးကြရန် ရှင်းလင်းပြောကြားခဲ့ပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအေးကိုတင့်က လိုအပ်သည်များအား ဖြည့်စွက်ပြောကြားခဲ့သည်။ ထို့နောက် တက်ရောက်လာကြသော ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ထမ်းများ၊ အုပ်ချုပ်ရေးမှူးများနှင့် တောင်သူများ စုပေါင်း၍ နေကြာစိုက် ဧက ၁၀ စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအေးကိုတင့်၊ အတွင်းရေးမှူး ရဲမှူးအောင်နိုင်ဝင်း၊ အဖွဲ့ဝင်(၂) ဦးစိန်မောင်ဝင်း၊ အဖွဲ့ဝင်(၃) ဦးဝင်းထွန်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးချစ်ဝင်းနိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ အကြီးအကဲများ၊ မြို့နယ်အဆင့် လုပ်ငန်းအကောင်အထည်ဖော်ရေးကော်မတီ (နေကြာသီးနှံ) အဖွဲ့၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် တောင်သူများ စုစုပေါင်း ဦးရေ ၁၆၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် နိုဝင်ဘာ ၁၄

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှု တားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM၏ “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်မှ **“တနင်္သာရီတိုင်းဒေသကြီး မြိတ်-ထားဝယ်ကားလမ်းဘေးရှိ ပုလောမြို့နယ်သို့ လျှပ်စစ်မီးပေးပို့လျက်ရှိသည့် လျှပ်စစ်ဓာတ်တိုင်များအား PDF အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့်ဖြစ်စဉ်”** ခေါင်းစဉ်ဖြင့် ၁၆-၁၁-၂၀၂၂ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။

အလားတူ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“ဘယ်လိုဖျက်ဖျက် မပျက်တဲ့တန်ဆောင်တိုင်”** ခေါင်းစဉ်ဖြင့် ဆွေးနွေး တင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

**စောစောအိပ်လို့ စောစောထလို့ စောစောလမ်းလျှောက်ကြပါစို့**

# တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကွင်းဆင်းဆောင်ရွက်

**ပုသိမ် နိုဝင်ဘာ ၁၄**

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့်အတူ ယနေ့နံနက်ပိုင်းက မြောင်းမြမြို့နယ်သို့သွားရောက်၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။ ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် မြောင်းမြမြို့နယ် ငှက်ပျောတောကျေးရွာအုပ်စု စစ်ကုန်းကျေးရွာရှိ တောင်သူ ဦးကိုကြီး၏ လယ်ဧက ၁၁ ဧကၡ ရက်-၉၀ အမျိုးအစား နွေစပါးစိုက်ပျိုးရန်အတွက် စုပေါင်းထွန်ယက်နေမှုအား ကြည့်ရှုအားပေးကာ တောင်သူများနှင့်ရင်းရင်းနှီးနှီးတွေ့ဆုံ၍ မိုးစပါးတစ်ဧကအထွက်နှုန်း၊ ဈေးကွက်အတွင်း ရောင်းချရမှုများနှင့် သိရှိလိုသည်များအား မေးမြန်းခဲ့ရာ တောင်သူများကပြန်လည်ဖြေကြားခဲ့သည်။



**ကြည့်ရှုစစ်ဆေး**

ထို့နောက်တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ပေသလပ်ကုန်း-ပြင်ရွာလမ်း တစ်မိုင် ၁ ဒသမ ၁ ဖာလုံ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းနှင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် တိုင်းဒေသကြီးရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လပွတ်ကုလားကျေးရွာအုပ်စု ကားလမ်းဘေး ဝဲ၊ ယာရှိ ရေမြောင်းတူးဖော်ခြင်း လုပ်ငန်းများအား ကြည့်ရှုစစ်ဆေးခဲ့ပြီး လမ်းပခုံးများ စနစ်ကျကောင်းမွန်ရေး၊ လုပ်ငန်းဆောင်ရွက်ရာတွင် သတ်မှတ်အရည်အသွေး စံချိန်စံညွှန်းများပြည့်မီရေး၊ သတ်မှတ်ထားသော ဘဏ္ဍာနှစ်အတွင်းလုပ်ငန်းများ ပြီးစီးစေရေးနှင့် လုပ်ငန်းခွင်အတွင်း အန္တရာယ်ကင်းရှင်းစေရေးအတွက် အလေးထားဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပြင်ရွာအခြေခံပညာအထက်တန်းကျောင်း မြရေအေးခန်းမ၌ တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ရောက်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံ၍ ယခုပညာသင်နှစ်တွင် ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအား ဆရာ ဆရာမများ၊ အုပ်ချုပ်ရေးအဖွဲ့များနှင့် ကျောင်းသားမိဘများက ပူးပေါင်းကူညီဆောင်ရွက်ပေးကြရန်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ကလည်း တက္ကသိုလ်ဝင်တန်းအောင်ချက်မြင့်မားရေးအတွက် အလေးထားပံ့ပိုးပေးလျက်ရှိပါကြောင်း အားပေးစကားများ ပြောကြားပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကျောင်းတွင်းနှင့် ပြင်ပဖြေ ကျောင်းသား ကျောင်းသူများအတွက် စာရေးကိရိယာပစ္စည်းများနှင့် ဆရာ ဆရာမများအတွက် ထောက်ပံ့ငွေများပေးအပ်ခဲ့သည်။ ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ပြင်ရွာတိုက်နယ်ဆေးရုံသို့ သွားရောက်၍ ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံ၍ အားပေးစကားများ ပြောကြားခဲ့ပြီး ထောက်ပံ့ငွေများပေးအပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# လှိုင်ကော်မြို့ရှိ တပ်မတော်ဆေးရုံတွင် ဆေးကုသမှုခံယူနေသူများအား ကြည့်ရှုအားပေး

**လှိုင်ကော် နိုဝင်ဘာ ၁၄**

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်သည် ပြည်နယ်အစိုးရအဖွဲ့ဝင်များ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ကယားပြည်နယ် လှိုင်ကော်မြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များ၊ ပြည်သူများကို သွားရောက်ကြည့်ရှုအားပေးစကားပြောကြားခဲ့သည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များက တပ်မတော်ဆေးရုံတွင်တက်ရောက် ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များ၊ ပြည်သူများကို ဆေးရုံအတွင်းရှိဆေးကုသဆောင်များသို့ သွားရောက်၍ ဆေးကုသမှုခံယူလျက်ရှိသော လူနာတစ်ဦးချင်း၏ ရောဂါအခြေအနေများကို မေးမြန်းကာ အားပေးစကားပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က တပ်မတော်ဆေးရုံရှိ လူနာများအတွက် လိုအပ်သော ချက်ပြုတ်ရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများ လှူဒါန်းခဲ့ရာ တပ်မတော်ဆေးရုံတပ်မှူးက လက်ခံရယူခဲ့သည်။

**ပြည်နယ်(ပြန်/ဆက်)**

# ပဲခူးမြို့မဈေးကြီးအတွင်း၌ စုပေါင်းစတုဒိသာအလှူတော်ပွဲ ကျင်းပ

**ပဲခူး နိုဝင်ဘာ ၁၄**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပဲခူးမြို့မဈေးကြီး ဈေးသူ/ဈေးသားများ၏ စုပေါင်းစတုဒိသာအလှူတော်ပွဲအား ယနေ့နံနက်ပိုင်းက ပဲခူးမြို့မဈေးကြီးအတွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်အားပေးသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် စတုဒိသာမဏ္ဍပ်သို့ ရောက်ရှိပြီး ပျော်ရွှင်စွာ လာရောက်သုံးဆောင်ကြသည့် ပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးသည်။ အဆိုပါ စုပေါင်းစတုဒိသာအလှူတော်ပွဲ၌ လူမျိုးမရွေး၊ ဘာသာမရွေးသုံးဆောင်နိုင်စေရန် ဘဲဥဟင်း၊ သီးစုံပဲဟင်းနှင့် ငါးခြောက်ကြော်တို့ဖြင့် လူဦးရေ ၅၀၀၀ ကျော်အား နံနက် ၇ နာရီမှ ညနေပိုင်းအထိ ကျွေးမွေးသွားမည်ဖြစ်ရာ စတုဒိသာလာရောက်သုံးဆောင်သူများအား တေးဂီတဝိုင်းဖြင့် ဧည့်ခံဖျော်ဖြေပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဖျော်ဖြေရေးအဖွဲ့များနှင့် ရှမ်းအိုးစည်အဖွဲ့တို့အား ဂုဏ်ပြုငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ပန်းတောင်းမြို့နယ် ပဲကြီးကျေးရွာတွင် မိုးစပါးစံကွက်ရိတ်သိမ်းပွဲ ကျင်းပ

**ပန်းတောင်း နိုဝင်ဘာ ၁၄**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ကျင်းပသည့် မိုးစပါးစံကွက်ရိတ်သိမ်းပွဲကို ယမန်နေ့ နံနက်ပိုင်းက ပဲကြီးကျေးရွာအုပ်စု ပဲကြီးကျေးရွာ ကွင်းအမှတ် (၂၁၀) တောင်သူ ဦးကျော်မိုး၏ လယ်ယာမြေတွင် ကျင်းပသည်။

ထိုသို့မိုးစပါးစံပြကွက် ရောမင်းစပါးမျိုး သုံးဧက၌ သုည ဒသမ ၁၀ ဧက ရိတ်သိမ်းရာတွင် တစ်ဧကလျှင် အခြောက် အထွက်နှုန်း ၉၅ ဒသမ ၁၁ တင်း ထွက်ရှိကြောင်း သိရသည်။

**ကြည့်ရှု**

အဆိုပါ မိုးစပါး စံကွက်ရိတ်သိမ်းပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သူရနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မြေစာရင်းဦးစီးမှူး ဦးလင်းလင်းထွန်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးအေးသင်း၊ ဒေသခံတောင်သူများက စပါးရိတ်ခြွေစက်ဖြင့် မိုးစပါးစံပြကွက်ရိတ်သိမ်းနေမှုများနှင့် မိုးစပါးစိုက်ပျိုးအောင်မြင်ဖြစ်ထွန်းမှု အခြေအနေများကို ကြည့်ရှုခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

■

# သနပ်ပင်မြို့နယ်၌ ရပ်ရွာအခြေပြုလူကုန်ကူးမှု စိစစ်ဖော်ထုတ်ခြင်း ရက်တိုသင်တန်း ဖွင့်လှစ်

**သနပ်ပင် နိုဝင်ဘာ ၁၄**

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယနေ့နံနက်ပိုင်းက လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ အမှတ်(၃) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု ပဲခူးရပ်ရွာအခြေပြုလူကုန်ကူးမှုစိစစ်ဖော်ထုတ်ခြင်း ရက်တိုသင်တန်းဖွင့်လှစ်ခဲ့သည်။

ရှေးဦးစွာ သနပ်ပင်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်လင်းထက်က အဖွင့်အမှာစကားပြောကြားပြီး အမှတ်(၃) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(ပဲခူး)မှ ဒုတပ်ဖွဲ့စုမှူး ဒုရဲမှူး ခင်မာဝင်းက ရပ်ရွာအခြေပြု လူကုန်ကူးမှုစိစစ်ဖော်ထုတ်ခြင်း ရက်တိုသင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းသို့ သနပ်ပင်မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ စာရေးဝန်ထမ်းများ၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ ဝန်ထမ်းများ၊ ရပ်ကွက်/ကျေးရွာများမှ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များ စုစုပေါင်းအင်အား ၈၀ တက်ရောက်ကြပြီး ရပ်ရွာအခြေပြုလူကုန်ကူးမှု စိစစ်ဖော်ထုတ်ခြင်းနှင့် ပတ်သက်၍ သိသင့်သိထိုက်သည်များ၊ အချက်အလက်များနှင့် ဆက်သွယ်ရမည့်နည်းလမ်းများကို အမှတ်(၃)လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ (ပဲခူး)က ရှင်းလင်းပို့ချခဲ့ကြောင်း သိရသည်။

**လှမိုး(ပြန်/ဆက်)**

# ၂၀၂၂ မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ (ပြင်ဦးလွင်ပွဲစဉ်) ဖွင့်ပွဲကျင်းပ




ရန်ကုန် နိုဝင်ဘာ ၁၄

မြန်မာနိုင်ငံတွင် ထူးချွန်သော ဂေါက်သီးအားကစားသမားများ ပေါ်ထွက်လာစေရေးအတွက် မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေတို့ကစီစဉ်၍ Mytel Operator၊ မြဝတီဘဏ်လီမိတက်နှင့် အင်းဝဘဏ်လီမိတက်တို့က အဓိကကူညီပံ့ပိုးသည့် ၂၀၂၂ခုနှစ်မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ (ပြင်ဦးလွင်ပွဲစဉ်) ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ပြင်ဦးလွင်မြို့ ချယ်ရီလွင်တပ်မတော်ဂေါက်ကွင်း၌ ကျင်းပရာ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦး၊ တပ်မတော်အရာရှိကြီးများ၊ Mytel Operator မှ တာဝန်ရှိသူများ၊ မြဝတီဘဏ်လီမိတက်မှ တာဝန်ရှိသူများ၊ အင်းဝဘဏ်လီမိတက်မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ်၊ မြန်မာပီဂျီအေတို့မှတာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦး၊ မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေဥက္ကဋ္ဌဦးကိုကိုအေး၊ Mytel Operator ဥက္ကဋ္ဌ ဦးခင်မောင်စိုး၊ မြဝတီဘဏ်လီမိတက်နှင့် အင်းဝဘဏ်လီမိတက်တို့မှ တာဝန်ရှိသူများက အလှည့်ကျ ဂေါက်သီးရိုက်၍ ဖွင့်လှစ်ပေးပြီး ပထမနေ့ ၁၈ ကျင်း ပြိုင်ပွဲကို စတင်ယှဉ်ပြိုင်သည်။ ပြိုင်ပွဲတွင် ပညာရှင်အဆင့် ၃၃ ဦး၊ ဝါသနာရှင်အဆင့် (အမျိုးသား) ၉၅ ဦး၊ ဝါသနာရှင်အဆင့် (အမျိုးသမီး) ၅၈ ဦး စုစုပေါင်း အားကစားသမား ၁၈၆ ဦး ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။

ယင်းပြိုင်ပွဲအတွက် ဝါသနာရှင်အဆင့် (အမျိုးသား) လက်ရည်စစ်ပြိုင်ပွဲကို ရန်ကုန်မြို့ရှိ မြို့တော်ဂေါက်ကွင်းနှင့် ပြင်ဦးလွင်မြို့ရှိ ပြင်ဦးလွင်ဂေါက်ကလပ်တွင် အောက်တိုဘာ ၃၁ ရက်နှင့် နိုဝင်ဘာ ၁ ရက်တို့တွင်ကျင်းပ၍ ရွေးချယ်ခဲ့သလို ၂၀၁၉ ခုနှစ် မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ကျင်းပပြီးစီးခဲ့သည့် ပွဲစဉ် ၆ ပွဲတို့တွင် အမှတ်ပေးဇယားများအရ အဆင့် ၁ မှ ၃၀ အတွင်း ရရှိခဲ့သူများမှာမူ လက်ရည်စစ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်မလိုဘဲ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိခဲ့ကြောင်း သိရသည်။ ယခုပြိုင်ပွဲတွင် ပညာရှင်အဆင့်၊ ဝါသနာရှင်အဆင့် (အမျိုးသား) (H’cap 0–12)၊ ဝါသနာရှင်အဆင့် (အမျိုးသမီး) (H’cap 0–18) ယှဉ်ပြိုင်ကစားခွင့်ပြုမည်ဖြစ်၍ ပြိုင်ပွဲကို စိန့်အင်ဒရူး ဂေါက်သီးစည်းမျဉ်းများနှင့် ဒေသန္တရစည်းမျဉ်းများအတိုင်း ကျင်းပလျက်ရှိကြောင်း၊ ပြိုင်ပွဲကို ပြင်ဦးလွင်မြို့ ချယ်ရီလွင်တပ်မတော်ဂေါက်ကွင်း၌ နိုဝင်ဘာ ၁၄ ရက်မှ ၁၇ ရက်အထိ လေးရက်ကြာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း–ကိုညီလေး၊ ဓာတ်ပုံ–MGF**

## ရေစူးကန့်သတ်ချက် လိုက်နာကြရန် ရေလမ်းသတိပေး နှိုးဆော်ချက်

၁။ ပြည်တွင်းရေလမ်းများတွင် ရေယာဉ်များ လုံခြုံချောမွေ့စွာ သွားလာနိုင်ရေးအတွက် နှစ်စဉ် နိုဝင်ဘာလ ၁၅ ရက်မှ မေလ ၁၅ ရက်အထိကာလကို ရေနည်းကာလအဖြစ် သတ်မှတ်၍ ရေကြောင်းနယ်မြေအလိုက် အောက်ပါအတိုင်း ရေယာဉ်များ၏ ဝန်တင်ရေစူးကို ကန့်သတ်ထားပါသည်–

| စဉ် | မြစ်အမည် | ရေကြောင်းနယ်မြေ | | ရေစူးကန့်သတ်ချက် | |
|---|---|---|---|---|---|
| | | မှ | ထိ | ပေ | လက်မ |
| ၁။ | ဧရာဝတီမြစ် | ဟင်္သာတ | ပြည် | ၅ | ၆ |
| ၂။ | | ပြည် | မန္တလေး | ၅ | ၀ |
| ၃။ | | မန္တလေး | ကသာ | ၄ | ၀ |
| ၄။ | | ကသာ | ဗန်းမော် | ၃ | ၉ |
| ၅။ | | ဆင်ဘို | မြစ်ကြီးနား | ၂ | ၆ |
| ၆။ | ချင်းတွင်းမြစ် | ချင်းတွင်းဝ | မုံရွာ | ၃ | ၀ |
| ၇။ | | မုံရွာ | ကလေးဝ | ၃ | ၃ |
| ၈။ | | ကလေးဝ | ဟုမ္မလင်း | ၃ | ၀ |
| ၉။ | | ဟုမ္မလင်း | ခန္တီး | ၂ | ၆ |

၂။ သို့ဖြစ်ပါ၍ ဖော်ပြပါ ဝန်တင်ရေစူးကန့်သတ်ချက်ကို ရေယာဉ်များ လိုက်နာကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်ထားပါသည်။

**သတင်းစဉ်**

# အင်းစိန်မြို့နယ်၌ (၁၀၂) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် အကြိုစာပေဟောပြောပွဲ အခမ်းအနားကျင်းပ



ရန်ကုန် နိုဝင်ဘာ ၁၄

(၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အကြိုစာပေဟောပြောပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (အင်းစိန်မြို့နယ်) လူထုအခြေပြုဗဟိုဌာန ဘက်စုံသုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးခိုင်က စာပေဟောပြောပွဲကျင်းပရခြင်း ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားပြီး အင်းစိန်မြို့နယ် သတင်းစာဆရာအသင်းဥက္ကဋ္ဌ ဦးဘိုကြည် (ဒေါက်တာဗိုလ်သံမဏိ–တောင်တွင်းကြီး)နှင့် အင်းစိန်မြို့နယ် စာရေးဆရာအသင်း တွဲဖက်အတွင်းရေးမှူး ဦးတင်ဝင်း (ဝင်းနွယ်–ပုသိမ်)တို့က နိုဝင်ဘာ ၁၇ ရက်တွင် ကျရောက်မည့် (၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမျိုးသားနေ့ အောင်ပွဲနေ့ဖြစ်ပေါ်လာပုံ သမိုင်းကြောင်း၊ ယနေ့လူငယ်များ၊ အမျိုးသားယဉ်ကျေးမှု မပျောက်ပျက်ရေးအတွက် အမျိုးသားစိတ်ဓာတ်ကို အထူးတန်ဖိုးထားဆောင်ရွက်သွားကြရန်နှင့် အမျိုးသားစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး ဆောင်ရွက်ချက်များကို ကျောင်းသား ကျောင်းသူများ စိတ်ဝင်စားဖွယ် ဟောပြောခဲ့သည်။

ထို့နောက် စာပေဟောပြောပွဲ တက်ရောက်လာကြသော ကျောင်းသား ကျောင်းသူများ၏ မေးမြန်းဆွေးနွေးချက်များကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးနှင့် ဟောပြောကြသော သတင်းစာဆရာ၊ စာရေးဆရာများက ပြန်လည်ဖြေကြားကြကြောင်း သိရသည်။

**ဉာဏ်ဟိန်း**

■

# မြောက်ဦးမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်း

မြောက်ဦး နိုဝင်ဘာ ၁၄

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနနှင့် မိုးစပါးရိတ်သိမ်းရေးအဖွဲ့တို့ပူးပေါင်း၍ ၂၀၂၂–၂၀၂၃ ခုနှစ် မိုးစပါးစံကွက်ရိတ်သိမ်းပွဲကို ယနေ့နံနက်ပိုင်းက မြောက်ဦးမြို့နယ် တင်းထိန်ကန်ကျေးရွာ ရန်မတွေ့အနောက်ကွင်း၌ ကျင်းပသည်။



အဆိုပါမိုးစပါးစံကွက်ရိတ်သိမ်းပွဲသို့ စိုက်ပျိုးရေးဦးစီးဌာန ခေတ္တခရိုင်ဦးစီးမှူး ဦးစိုးလွင်ဖြိုးနှင့် ဝန်ထမ်းများ၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး ဦးထွန်းထွန်းမြင့်နှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဖိတ်ကြားထားသော တောင်သူများ တက်ရောက်ကြသည်။

မိုးစပါးစံကွက်ရိတ်သိမ်းခြင်းကို တင်းထိန်ကန်ကျေးရွာ တောင်သူ ဦးမောင်သိန်းလှ၏ စိုက်ပျိုးထားသော ပေါ်ဆန်းရင် (RS) အထွက်ကောင်းမျိုးအား တစ်ဧက၏ ကိုယ်စားပြုစံကွက်ငယ် သုံးကွက်ကို ရိတ်သိမ်းခဲ့ရာ ပေါ်ဆန်းရင် (RS) အစိုထွက်နှုန်း ၆၉ ဒသမ ၃၃ တင်း၊ အခြောက်ထွက်နှုန်း ၆၂ ဒသမ ၃၉ တင်း ထွက်ရှိကြောင်း သိရသည်။

**မြင့်စိုး(ပြန်/ဆက်)**

# ကျောက်တံခါး၊ တောင်ငူနှင့် ဒိုက်ဦးမြို့နယ်တို့၌ စပါးများ စိုက်ပျိုးထွက်ရှိ



ပဲခူး နိုဝင်ဘာ ၁၄

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ကျောက်တံခါးမြို့နယ် မင်းတန်း စိုက်ပျိုးရေးနှင့် အထွေထွေ လုပ်ငန်း သမဝါယမအသင်း လီမိတက်မှ အသင်းသားပိုင် လယ်ယာမြေ ၁၄ ဧကတွင် ဆင်းသုခစပါး ထွန်ယက်စိုက်ပျိုးခဲ့ပြီး ယခုအခါ ရိတ်သိမ်းချိန်တွင် တစ်ဧကပျမ်းမျှအထွက်နှုန်း တင်း ၆၀ ထွက်ရှိသည်။

ထို့ပြင် တောင်ငူမြို့နယ်ရှိ စိတ္တသုခစိုက်ပျိုးရေးနှင့် အထွေထွေ သမဝါယမအသင်း၊ ထက်အောင် စိုက်ပျိုးရေးနှင့် အထွေထွေ သမဝါယမအသင်းနှင့် ပန်းတိုင် စိုက်ပျိုးရေးနှင့် အထွေထွေ သမဝါယမအသင်းများ၏ အသင်းသားပိုင်ဧက ၇၀ တွင် ဗျော့ထွန်း စပါးကို စိုက်ပျိုးခဲ့ပြီး ရိတ်သိမ်းချိန်တွင် တစ်ဧကပျမ်းမျှအထွက်နှုန်း တင်း ၇၀ မှ တင်း ၁၀၀ အထိ ထွက်ရှိသည်။

ဒိုက်ဦးမြို့နယ် မျိုးဆက်သစ် မျိုးစေ့ထုတ်လုပ် ဖြန့်ဖြူးရောင်းချရေးသမဝါယမအသင်း လီမိတက်၏ အသင်းသားတောင်သူများ ပိုင်ဆိုင်သော စိုက်ဧက ၂၀၀ ပေါ်တွင် ဆင်းသုခမျိုးစပါးများ စိုက်ပျိုးထားရှိရာ တစ်ဧကပျမ်းမျှအထွက်နှုန်း ၈၁ ဒသမ ၃၀ တင်းထွက်ရှိကာ မျိုးသန့်စပါးများ ရောင်းချလျက်ရှိကြောင်း သိရသည်။**သတင်းစဉ်**

# တည်ငြိမ်စွာ ကူးသန်းရောင်းဝယ်လျက်ရှိသော ကော့သောင်းမြို့

ကော့သောင်း နိုဝင်ဘာ ၁၄

ကော့သောင်းကုန်သွယ်ရေးစခန်းမှ နိုဝင်ဘာ ၉ ရက်မှ ၁၃ ရက်အထိ ပို့ကုန်အနေဖြင့် ငါးမျိုးစုံ ၇၀၀၃ တန်၊ ဆီအုန်းစေ့ တန် ၈၀၊ ဆီအုန်းကြိတ်ဖတ် တန် ၁၀၀၊ ဆီအုန်းစွန့်ပစ် အက်ဆစ်ရည် ၄၂ တန် တင်ပို့နိုင်ခဲ့ပြီး သွင်းကုန်အနေဖြင့် အလှဆီ တန် ၂၀၊ ပီလောပီနံမှုန့် ၁၅၂ တန်၊ မီးသွေးမှုန့် ၂၅ တန်၊ ဟိုက်ဒရိုဂျင်ပါအောက်ဆိုက် ၁၄ တန်၊ ဆိုးဆေးမှုန့် သုံးတန်၊ ဆီလီကွန် ငါးတန်၊ ကယ်လ်ဆီယံကလိုရိုဒ် ၃၂ တန်၊ ဓာတ်မြေဩဇာ ၁၃ တန်၊ ဓာတ်ဆီ ၁၇၆၀ BBL၊ ဒီဇယ် ၃၇၅၀ BBL၊ ၄က်သိုက် တစ်တန်၊ ကျောက်ချဉ် တန် ၃၀ တင်သွင်းခဲ့သည်။ တစ်ဖက်နိုင်ငံမှ ထူးခြားဖြစ်စဉ်သတင်းမရှိကြောင်း သိရပြီး ကုန်းလမ်း ရေလမ်း ကုန်သွယ်မှုလမ်းကြောင်းအနေဖြင့် အခြေအနေကောင်းမွန်လျက်ရှိသည်။ ကော့သောင်းမြို့တွင် နယ်မြေအခြေအနေ တည်ငြိမ်အေးချမ်းစွာဖြင့် ကုန်စည်ကူးသန်းရောင်းဝယ်ဖောက်ကား စည်ကားလျက်ရှိကြောင်း သိရသည်။

ကော့သောင်းနယ်စပ်ဒေသ၌ ပို့ကုန်၊ သွင်းကုန်ဆိုင်ရာ နှစ်နိုင်ငံ ငွေပေးချေမှုကိစ္စရပ်များကို သက်ဆိုင်ရာ Designated Bank များဖြစ်သည့် A Bank ၊ MEB ၊ KBZ စသည့်ဘဏ်များဖြင့် ဆောင်ရွက်လျက်ရှိသည်။ ငွေကြေးဈေးကွက်မှာ နိုဝင်ဘာ ၁၄ ရက် ပြင်ပငွေ



လဲနှုန်းမှာ မြန်မာငွေကျပ် တစ်သိန်းလျှင် ဘတ် ၁၂၅၈၊ တစ်ဘတ်လျှင် မြန်မာငွေကျပ် ၇၉ ဒသမ ၅ ကျပ်ခန့် ဖြစ်သဖြင့် အနည်းငယ်မြင့်တက်လျက်ရှိကြောင်း သိရသည်။ စက်သုံးဆီဈေးနှုန်းများအနေဖြင့် ဓာတ်ဆီ တစ်ဂါလန်လျှင် ငွေကျပ် ၁၂၆၀၀ နှင့် ဒီဇယ်တစ်ဂါလန်လျှင် ငွေကျပ် ၁၄၄၀၀ ခန့်ရှိသဖြင့် စက်သုံးဆီဈေးနှုန်းမှာ တည်ငြိမ်လျက်ရှိကြောင်း သိရသည်။ ငွေလဲနှုန်းပြောင်းလဲမှုအရ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းဈေးနှုန်းများ အနည်းငယ်ပြောင်းလဲမှုရှိကြောင်း သိရသည်။

**သတင်းစဉ်**

# တိုးချဲ့စိုက်ပျိုးသင့်သည့် ဝင်ငွေကောင်းသော နှမ်းသီးနှံ

နေပြည်တော် နိုဝင်ဘာ ၁၄

နှမ်းသီးနှံကို အပူပိုင်းဒေသများဖြစ်သော မြန်မာနိုင်ငံအလယ်ပိုင်း မကွေး၊ စစ်ကိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် အများဆုံးစိုက်ပျိုးကြပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း စိုက်ပျိုးလျက်ရှိသည်။

မြန်မာနိုင်ငံတွင် နှမ်းစိုက်ပျိုးသော ဧရိယာသည် ဆီထွက်သီးနှံအားလုံး စိုက်ဧရိယာ၏ ၅၀ ရာခိုင်နှုန်းကျော်ရှိသည်။ ယခုအခါ ပဲမျိုးစုံသီးနှံများ၏ ဈေးကွက်မခိုင်မာမှုကြောင့် အချို့သော ပဲစိုက်ဧရိယာများတွင် နှမ်းသီးနှံကို အစားထိုးတိုးချဲ့စိုက်ပျိုးလာကြသည်ကို တွေ့ရသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန၏ စာရင်းအရ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် မိုးစိုက်ဧက ၄၂၉၄၇၂ ဧက၊ ဆောင်းစိုက်ဧက ၅၅၇၉၅၂ ဧကနှင့် နွေစိုက်ဧက ၃၈၀၄၀ စုစုပေါင်း ၁၀၂၅၄၆၄ ဧက စိုက်ပျိုးခဲ့ပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် အောက်တိုဘာလလယ်အထိ မိုးစိုက်ဧက ၄၃၃၃၂၄ ဧက စိုက်ပျိုးခဲ့ကြောင်း သိရသည်။ ယင်းမာပင်ခရိုင်၊ မုံရွာခရိုင်၊ စစ်ကိုင်းခရိုင်နှင့် ကလေးခရိုင်တို့တွင် အများဆုံးစိုက်ပျိုးပြီး ယခုနှစ်တွင် ချင်းတွင်းမြစ်ရေ ဝင်ရောက်လာမှုမရှိသည့်အတွက် ချင်းတွင်းမြစ်အရှေ့ဘက်ရှိ ကျေးရွာများတွင် နှမ်းသီးနှံများ ပိုမိုစိုက်ပျိုးလာကြောင်း သိရသည်။

မိုးနှောင်းကောင်းမွန်သောကြောင့် မိုးရေရရှိသဖြင့် ကုန်ကျစရိတ်သက်သာသောကြောင့် တစ်ဧကစိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်မှာ ကျပ်သုံးသိန်းခန့်သာကုန်ကျပါကြောင်း၊ ပေါက်ဈေးအနေဖြင့် ယခင်နှစ်တစ်တင်းလျှင် ငွေကျပ် ၄၀၀၀၀၊ ယခုနှစ်တစ်တင်းလျှင် ငွေကျပ် ၇၄၀၀၀ ရရှိသဖြင့် ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်လျှင် ငွေကျပ် ၃၄၀၀၀ ပိုမိုရရှိကြောင်း သိရသည်။ ပျမ်းမျှအထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ၁၀ တင်း ထွက်ရှိသဖြင့် ကျပ်ခုနစ်သိန်းခွဲခန့် ဝင်ငွေရရှိပြီး အကျိုးအမြတ် ကျပ်လေးသိန်းခွဲခန့်ရရှိကြောင်း သိရသည်။ **DOCA(စစ်ကိုင်း)**

# ပြည်တွင်းရွှေဈေးကွက် အလားအလာ

ရန်ကုန် နိုဝင်ဘာ ၁၄

ယခုအချိန်တွင် ကမ္ဘာ့ရွှေဈေးနှုန်းများ မြင့်တက်လာသော်လည်း ပြည်တွင်းရွှေဈေးနှုန်းမှာ လိုက်ပါမြင့်တက်ခြင်းမရှိဘဲ ဈေးနှုန်းတည်ငြိမ်နေသည်ကို တွေ့ရသည်။

နိုဝင်ဘာ ၁၄ ရက် နံနက်ပိုင်း ကမ္ဘာ့ရွှေဈေးနှုန်းမှာ တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၇၆၅ ဖြစ်၍ ယခင်အပတ် ရွှေဈေးနှုန်းထက် ၉၂ ဒေါ်လာ ပိုခဲ့သည်။ မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်း၏ ရည်ညွှန်းဈေးနှုန်းမှာ ယခုအပတ် ငွေကျပ် ၂၀၇၉၀၀၀ ဖြစ်ပြီး ယခင်အပတ်ထက် ငွေကျပ် ၁၀၈၀၀၀ ပိုမိုသတ်မှတ်ခဲ့သော်လည်း ဈေးကွက်ပေါက်ဈေးနှုန်းမှာ ရည်ညွှန်းဈေးနှုန်းထက် ငွေကျပ်လေးသိန်းခွဲခန့် ပိုမိုနေကာ လက်ရှိဈေးကွက်တွင် ရွှေတစ်ကျပ်သားလျှင် ငွေကျပ် ၂၅၃၀၀၀၀ ခန့်ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း တွေ့ရသည်။ ပြည်တွင်းဈေးကွက်တွင် ရွှေစုဆောင်းလိုမှုလျော့ကျလာကာ ဝယ်လိုအားထက် ရောင်းလိုအားပိုမိုနေပြီး ကမ္ဘာ့ရွှေဈေးနှုန်း မြင့်တက်လာသော်လည်း ပြည်တွင်းရွှေဈေးနှုန်းမှာ ယခင်အပတ်ဈေးကွက်ပေါက်ဈေးနှုန်းဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။ **DOCA ( ရန်ကုန်)၊ Source – YGEA**

# ရှားငံဒေသ မက္ကဒေးမီးယားစိုက်ပျိုးမှုနှင့် ဈေးကွက်

ရှားငံ နိုဝင်ဘာ ၁၄

ရှမ်းပြည်နယ်(တောင်ပိုင်း) ရှားငံဒေသတွင် မက္ကဒေးမီးယား စိုက်ပျိုးထုတ်လုပ်မှုအနေဖြင့် တစ်ပိုင်တစ်နိုင်စိုက်ပျိုးခြင်းမှ စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်ကြပြီး တစ်မြို့နယ်လုံးတွင် စိုက်ပျိုးပင်ရေတစ်သိန်းကျော်ရှိကြောင်း သိရသည်။ နှစ်စဉ်ဧပြီလတွင် တစ်ကြိမ်ခူးဆွတ်ရပြီး ဒုတိယအကြိမ် အောက်တိုဘာလနှင့် နိုဝင်ဘာလများတွင် ရင့်မှည့်အသီးများ ထပ်မံရရှိသည်။ ရင့်မှည့်အသီးများမှာ အခွံမာသီးများဖြစ်၍ (Heat House)ခေါ် အပူလှန်းအိမ်တွင်းဖြန့်ခင်းအခြောက်ခံစနစ်ဖြင့် အခြောက်ခံရပြီး အခွံမာသီးများအား လုံးစင်ခွဲကိရိယာဖြင့် ခွဲထုတ်ရာမှ အစေ့အဆန်အဖြူလေးများရရှိ၍ တိုက်ရိုက်စားသုံးနိုင်သည်။

ဈေးနှုန်းဈေးကွက်အနေဖြင့် အစေ့အဆန်တစ်ကီလိုလျှင် ငွေကျပ် ၂၈၀၀၀ ရှိပြီး ပြည်တွင်း၌ ဒေသပေါင်းစုံသို့တင်ပို့ရောင်းချလျက်ရှိသည်။ ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံတို့မှ ကုန်သည်များမှာ ဒေသအရောက် ကွင်းဆင်းဝယ်ယူလျက်ရှိပြီး ပြည်ပကြိုက် စားသုံးသီးနှံဖြစ်ကြောင်း ဒေသခံတစ်ဦးထံမှ သိရသည်။

**DOCA (ရှမ်း)**



## ၁၄-၁၁-၂၀၂၂ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါး၊ ရွှေ ဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | | ၁၆' ပဲရည်ရွှေ (တစ်ကျပ်သား) |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ညှော်မထ | ငစိန် | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၂၀၀၀ | | ၁၄၀၀၀ | ၇၅၀၀ | ၂၀၀၀၀ | ၄၀၀၀ | ၄၅၀၀ | ၄၅၀၀ | ၃၀၀၀ | ၁၈၀၀ | ၁၀၀၀ | ၇၅၀၀ | ၄၅၀၀ | ၅၅၀၀ | ၂၃၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၃၀၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၁၂၀၀၀ | ၂၆၅၀၀၀၀ |
| ၂ | လားရှိုး | ၁၈၅၀ | ၁၇၀၀ | ၁၅၀၀၀ | ၉၀၀၀ | ၂၃၀၀၀ | ၅၀၀၀ | ၄၅၀၀ | ၅၀၀၀ | ၃၅၀၀ | ၂၈၀၀ | ၅၀၀ | ၇၅၀၀ | ၄၈၀၀ | ၅၅၀၀ | ၂၅၀၀ | ၂၅၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၅၀၀ | ၂၈၀၀၀ | ၈၀၀၀ | ၂၅၄၅၀၀၀ |
| ၃ | ကျိုင်းတုံ | ၂၃၀၀ | | ၁၃၅၀၀ | ၇၅၀၀ | ၂၀၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၆၀၀၀ | | ၂၅၀၀ | ၁၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၂၈၀၀ | ၃၀၀၀ | ၉၅၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | | ၈၀၀၀ | ၂၆၀၀၀၀၀ |
| ၄ | တောင်ကြီး | ၂၁၅၀ | ၁၉၅၀ | ၁၃၀၀၀ | ၆၅၀၀ | ၂၀၀၀၀ | ၄၈၀၀ | ၄၀၀၀ | ၅၅၀၀ | ၃၅၀၀ | ၁၀၀၀ | ၆၀၀ | ၆၅၀၀ | ၄၈၀၀ | ၃၀၀၀ | ၂၅၀၀ | ၂၈၀၀ | ၁၂၅၀၀ | ၁၄၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၈၅၀၀ | ၂၅၃၀၀၀၀ |
| ၅ | လှိုင်ကော် | ၂၆၀၀ | ၁၉၅၀ | ၁၃၀၀၀ | ၇၈၀၀ | ၁၄၀၀၀ | ၄၂၀၀ | ၄၂၀၀ | ၅၂၀၀ | ၄၃၀၀ | ၁၃၀၀ | ၄၀၀ | ၆၅၀၀ | ၄၀၀၀ | ၃၅၀၀ | ၂၃၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | ၈၀၀၀ | ၂၆၉၃၀၀၀ |
| ၆ | ဘားအံ | ၁၈၀၀ | | ၁၃၀၀၀ | ၈၅၀၀ | ၁၈၀၀၀ | ၄၅၀၀ | ၄၅၀၀ | ၅၀၀၀ | ၅၀၀၀ | ၂၅၀၀ | ၆၀၀ | ၆၈၀၀ | ၄၈၀၀ | ၄၅၀၀ | ၂၆၀၀ | ၂၈၀၀ | ၁၀၀၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | ၆၀၀၀ | ၂၆၇၀၀၀၀ |
| ၇ | မော်လမြိုင် | ၁၉၀၀ | | ၁၃၅၀၀ | ၆၅၀၀ | ၂၂၀၀၀ | ၄၅၀၀ | ၅၀၀၀ | ၅၀၀၀ | ၃၅၀၀ | ၂၅၀၀ | ၆၀၀ | ၉၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၃၀၀၀ | ၂၈၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၆၅၀၀ | ၂၆၇၀၀၀၀ |
| ၈ | ထားဝယ် | ၂၃၀၀ | | ၁၅၀၀၀ | ၇၅၀၀ | ၁၇၀၀၀ | ၄၈၀၀ | ၄၅၀၀ | ၅၀၀၀ | ၄၅၀၀ | ၂၀၀၀ | ၆၀၀ | ၆၅၀၀ | ၅၂၀၀ | ၄၀၀၀ | ၂၈၀၀ | ၂၇၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | | ၂၆၈၀၀၀၀ |
| ၉ | မြိတ် | ၂၁၀၀ | | ၁၅၀၀၀ | ၇၀၀၀ | ၂၂၀၀၀ | ၄၅၀၀ | ၅၀၀၀ | ၄၆၀၀ | ၄၅၀၀ | ၂၁၀၀ | ၈၀၀ | ၆၇၀၀ | ၃၉၀၀ | ၄၆၀၀ | ၃၂၀၀ | ၃၀၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | | ၂၆၇၅၀၀၀ |
| ၁၀ | ရန်ကုန် | ၁၉၀၀ | ၁၇၀၀ | ၁၂၀၀၀ | ၄၈၀၀ | ၂၂၀၀၀ | ၄၅၀၀ | ၆၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၃၀၀၀ | ၆၀၀ | ၆၅၀၀ | ၅၀၀၀ | ၆၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၉၀၀၀ | ၁၅၀၀၀ | ၁၆၀၀၀ | ၂၇၀၀၀ | ၁၀၀၀၀ | ၂၅၃၀၀၀၀ |
| ၁၁ | ပုသိမ် | ၂၀၀၀ | | ၁၃၀၀၀ | ၆၂၀၀ | ၂၀၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၅၀၀၀ | ၂၅၀၀ | ၄၀၀ | ၇၅၀၀ | ၄၅၀၀ | ၅၀၀၀ | ၂၈၀၀ | ၂၅၀၀ | ၁၀၀၀၀ | ၁၄၀၀၀ | ၁၇၀၀၀ | ၂၅၀၀၀ | ၉၀၀၀ | ၂၆၆၀၀၀၀ |
| ၁၂ | စစ်တွေ | ၁၈၀၀ | ၁၇၅၀ | ၁၃၀၀၀ | ၇၃၀၀ | ၂၀၀၀၀ | ၄၅၀၀ | ၅၀၀၀ | ၅၅၀၀ | ၄၀၀၀ | ၁၅၀၀ | ၅၀၀ | ၇၅၀၀ | ၅၀၀၀ | ၄၅၀၀ | ၄၀၀၀ | ၃၂၀၀ | ၉၀၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | | ၂၇၀၀၀၀၀ |
| ၁၃ | ဟားခါး | ၃၂၀၀ | | ၁၈၀၀၀ | | ၁၈၀၀၀ | ၅၀၀၀ | ၅၀၀၀ | | | ၁၅၀၀ | ၁၀၀၀ | | ၅၀၀၀ | | ၃၀၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | | ၈၀၀၀ | ၂၇၀၀၀၀၀ |
| ၁၄ | မုံရွာ | ၂၅၅၀ | | ၉၅၀၀ | ၆၃၅၀ | ၂၀၀၀၀ | ၄၃၀၀ | ၃၅၀၀ | ၆၀၀၀ | ၅၂၀၀ | ၁၆၀၀ | ၈၀၀ | ၅၂၀၀ | ၅၂၀၀ | ၄၃၀၀ | ၂၆၀၀ | ၃၂၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၇၀၀၀ | ၂၆၀၀၀ | ၈၀၀၀ | ၂၅၉၀၀၀၀ |
| ၁၅ | မန္တလေး | ၂၀၅၀ | ၁၅၀၀ | ၁၂၀၀၀ | ၆၆၀၀ | ၂၀၀၀၀ | ၄၁၀၀ | ၄၀၀၀ | ၆၀၀၀ | ၄၅၀၀ | ၁၅၀၀ | ၆၀၀ | ၆၀၀၀ | ၅၀၀၀ | ၄၄၀၀ | ၂၅၀၀ | ၂၈၀၀ | ၁၀၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၈၀၀၀ | ၂၆၆၀၀၀၀ |
| ၁၆ | ပခုက္ကူ | ၂၂၀၀ | | ၁၁၀၀၀ | ၆၂၀၀ | ၁၉၀၀၀ | ၄၀၀၀ | ၅၂၀၀ | ၄၅၀၀ | ၆၀၀၀ | ၂၀၀၀ | ၅၅၀ | ၆၃၀၀ | ၅၃၀၀ | ၄၅၀၀ | ၂၄၀၀ | ၂၆၀၀ | ၁၄၀၀၀ | ၁၅၀၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၆၀၀၀ | ၂၆၈၀၀၀၀ |
| ၁၇ | မကွေး | ၂၃၀၀ | | ၁၀၅၀၀ | ၆၅၀၀ | ၁၈၀၀၀ | ၄၇၀၀ | ၄၂၀၀ | ၄၇၀၀ | ၅၃၀၀ | ၂၂၀၀ | ၁၀၀၀ | ၆၃၀၀ | ၅၂၀၀ | ၄၃၀၀ | ၂၈၀၀ | ၂၈၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၂၀၀၀ | ၇၀၀၀ | ၂၆၈၅၀၀၀ |
| ၁၈ | ပြည် | ၁၈၀၀(သစ်) | | ၁၂၅၀၀ | ၆၄၀၀ | ၂၅၀၀၀ | ၄၄၀၀ | ၆၀၀၀ | ၄၀၀၀ | ၄၅၀၀ | ၁၇၀၀ | ၄၀၀ | ၆၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၂၈၀၀ | ၂၃၀၀ | ၁၄၀၀၀ | ၁၃၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၉၀၀၀ | ၂၆၈၀၀၀၀ |
| ၁၉ | ပဲခူး | ၁၈၀၀(သစ်) | | ၁၃၅၀၀ | ၆၅၀၀ | ၁၇၀၀၀ | ၄၂၀၀ | ၄၅၀၀ | ၄၅၀၀ | | ၂၀၀၀ | ၆၀၀ | ၆၁၀၀ | ၄၉၀၀ | ၅၂၀၀ | ၂၇၀၀ | ၂၇၀၀ | ၈၀၀၀ | ၁၂၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၆၀၀၀ | ၂၆၇၀၀၀၀ |
| ၂၀ | ပျဉ်းမနား | ၂၁၀၀ | | ၁၂၅၀၀ | ၆၄၀၀ | ၁၅၀၀၀ | ၃၆၀၀ | ၄၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၁၄၀၀ | ၅၀၀ | ၆၂၀၀ | ၄၆၀၀ | ၄၀၀၀ | ၂၂၀၀ | ၂၆၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၈၀၀၀ | ၂၆၈၅၀၀၀ |
| ၂၁ | နေပြည်တော် | ၂၁၀၀ | | ၁၃၀၀၀ | ၆၅၀၀ | ၁၆၀၀၀ | ၃၈၀၀ | ၄၂၀၀ | ၅၅၀၀ | ၄၂၀၀ | ၁၅၀၀ | ၅၀၀ | ၆၅၀၀ | ၄၆၀၀ | ၄၂၀၀ | ၂၄၀၀ | ၂၆၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၈၅၀၀ | ၂၆၈၅၀၀၀ |
| ၂၂ | ကလေး | ၂၀၀၀ | ၁၈၀၀ | ၁၂၀၀၀ | ၇၅၀၀ | | ၄၂၀၀ | ၄၀၀၀ | ၆၀၀၀ | | ၁၈၀၀ | ၇၀၀ | ၇၅၀၀ | ၄၅၀၀ | ၆၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | | ၂၇၀၀၀၀၀ |

မှတ်ချက်။

(၁) စားအုန်းဆီ တစ်ပိဿာလျှင် ဘားအံတွင် ၂၀၀ကျပ်၊ ကြက်သွန်နီ တစ်ပိဿာလျှင် တောင်ကြီးနှင့် ဘားအံတွင် ၁၀၀ကျပ်၊ မန္တလေးတွင် ၃၀၀ကျပ်၊ ကြက်သွန်ဖြူ(ရှမ်းစ) တစ်ပိဿာလျှင် မြိတ်တွင် ၂၀၀ကျပ်၊ ချင်း တစ်ပိဿာလျှင် ဘားအံတွင် ၅၀၀ကျပ်၊ ပခုက္ကူတွင် ၄၀၀ကျပ် ၊ ကုလားပဲဝါ တစ်ပိဿာလျှင် မုံရွာတွင် ၂၀၀ကျပ် ၊ မန်ကျီးသီး တစ်ပိဿာလျှင် ဘားအံတွင် ၅၀၀ကျပ် ၊ အာလူး တစ်ပိဿာလျှင် ပုသိမ်တွင် ၃၀၀ကျပ် ၊ ကြက်သား တစ်ပိဿာလျှင် တောင်ကြီးနှင့် ပခုက္ကူတွင် ၁၀၀၀ကျပ် ၊ ပြည်တွင် ၂၀၀၀ကျပ် ၊ ငါးမြစ်ချင်း တစ်ပိဿာလျှင် ပုသိမ်တွင် ၅၀၀ကျပ် ဈေးတက်ခဲ့ပါသည်။

(၂) ပဲဆီ တစ်ပိဿာလျှင် ဘားအံတွင် ၅၀၀ကျပ်၊ ပုသိမ်တွင် ၁၀၀၀ကျပ်၊ စားအုန်းဆီ တစ်ပိဿာလျှင် တောင်ကြီး၊ မန္တလေးနှင့် ပြည်တွင် ၁၀၀ကျပ်၊ လှိုင်ကော်တွင် ၇၀၀ကျပ်၊ ပုသိမ်၊ ပခုက္ကူနှင့် ပဲခူးတွင် ၃၀၀ကျပ်၊ မုံရွာတွင် ၅၀ကျပ်၊ ကြက်သွန်ဖြူ(ရှမ်းစ) တစ်ပိဿာလျှင် ပုသိမ်တွင် ၃၀၀ကျပ်၊ (ကြူကုတ်စ)တစ်ပိဿာလျှင် ပုသိမ်တွင် ၃၀၀ကျပ်၊ ပြည်တွင် ၅၀၀ကျပ်၊ ချင်း တစ်ပိဿာလျှင် လှိုင်ကော်တွင် ၂၀၀ကျပ်၊ ကုလားပဲဝါ တစ်ပိဿာလျှင် ကျိုင်းတုံတွင် ၄၀၀ကျပ်၊ အမဲသားတစ်ပိဿာလျှင် တောင်ကြီးတွင် ၁၀၀၀ကျပ် ဈေးကျခဲ့ပါသည်။

# စိတ်ပျက်သလား

**ပီမိုးနှင်း**

လူမှာ စိတ်သည် အရေးအကြီးဆုံးဖြစ်ကြောင်း၊ ယခုအခါ အမျိုးသားတို့ ကြီးပွားတိုးတက်ရေးကို လိုလားသော မျိုးချစ်စာရေးဆရာ ဟူသမျှတို့သည် အရပ်ရပ်သော မဂ္ဂဇင်း၊ ဂျာနယ်တို့မှာ အနည်းနည်း အဖုံဖုံ ရေးသားဖော်ပြကြသဖြင့် အတော်ပင် သိနားလည်ကြပြီးဖြစ်ရကား စိတ်တန်ခိုးသတ္တိ အကြောင်းကို အကျယ်ချဲ့၍ ရေးသားဖော်ပြရန် လိုတော့မည်မဟုတ်ချေ။

အလုပ်ဟူသမျှ၌ စိတ်ကဆောင်လေသည်။ စိတ်ရှေ့သွားမှ အလုပ်လိုက်၍ဖြစ်၏။ စိတ်ရှေ့သွားမရှိ စိတ်မဆောင်က အလုပ်မအောင်မြင်နိုင်ကြောင်းကို အထူးရေးသားဖော်ပြရန် မလိုလောက်အောင် သိသာထင်ရှား၍နေလေသည်။

သို့ဖြစ်လေရာ လုပ်ကိုင်ကြံစည်မှုဟူသမျှ၌ အဘယ်မျှပင် ဂြိုဟ်ဆိုးကြမ္မာ ဖိနှိပ်ကာ အဘယ်မျှပင် စိတ်ပျက်စရာအခြေအနေတို့နှင့် တွေ့ကြုံ၍ နေရစေကာမူ၊ အဘယ်မျှပင် ပျက်စီးနစ်မွန်း၍ နေစေကာမူ စိတ်မပျက်သေးသမျှ စိတ်ကိုဆောင်လျက် ရှိသေးသမျှ ကာလပတ်လုံး အဟုတ်တကယ် မပျက်မစီး မဆုတ်မနစ် ပေါ်လျက်သာရှိနေရမည်ကားမလွဲပေ။ လူမှန်က အဘယ်အလုပ်မှာမဆို စိတ်ညစ်စရာ၊ စိတ်ပျက်စရာအခြေအနေ အဖြစ်အပျက် အခက်အခဲတို့နှင့် တွေ့ရမြဲဖြစ်ကြလေသည်။

သို့သော်လည်း အလုပ်အကိုင်တစ်ခုခုကို စတင်တည်ထောင်လုပ်ကိုင်ရာ၌ အများအားဖြင့် ထိုကဲ့သို့သော စိတ်ပျက်ဖွယ်ရာ အခက်အခဲတို့နှင့် တွေ့ကြရမည်ကို တင်ကြို၍ မကြည့်ကြ။ တင်ကြို၍ မထင်မမြင်ကြဘဲ ငါတစ်ရာကျပ်ရင်းရင် တစ်ထောင်ဖြစ်မည်။ တစ်ထောင်က တစ်သောင်း ဖြစ်မည်ဟူ၍သာ စိတ်ကူးကာ မိမိတို့သွားရမည့်လမ်းကို လွန်စွာရှင်းလင်းလွယ်ကူသည်ဟု မှတ်ထင်မြဲဖြစ်ကြလေသည်။

ဤကဲ့သို့သောသူများမှာ ခက်ခဲခြင်းတစ်ခုခုနှင့် တွေ့ရသောအခါ၌ တင်ကြို၍ မတွေးမခေါ် မမြော်မမြင်မိသဖြင့် ထိတ်လန့်ကြောက်လန့်ကာ အခက်အခဲလေးကိုပင် အခက်အခဲကြီး မှတ်ထင်လာတတ်ကြလေသည်။

ထိုကဲ့သို့ မှတ်ထင်မိသည်နှင့်တစ်ပြိုင်နက် အကြောက်စိတ် ဝင်၍လာတတ်လေသည်။ အကြောက်စိတ်ဝင်သောအခါ စိတ်အားသတ္တိ ဒီဂရီသည် အအေးထိသော ပြဒါးချိန်ပမာ၊ တွန့်ကြုံဆုတ်ယုတ်ပြီး အနိမ့်ကြီးနိမ့်၍ သွားတတ်လေသည်။ ထိုကဲ့သို့ အနိမ့်ကြီးနိမ့်၍ သွားသောအခါ အခက်လေးမှာ အမြင့်ကြီးမြင့်လျက် တောင်ကြီးလို ဖြစ်ပြီးလျှင် နိမ့်သောစိတ်သည် မြင့်သောခက်ခဲခြင်းတောင်ကို မော်၍ကြည့်ရလေသည်။

သို့မော်၍ကြည့်ရသောအခါ အလွန်တရာမှ မြင့်ပါကလား၊ သည်တောင်ကို ငါ ကျော်နိုင်ပါ့မလား ဟူသော ကြောက်စိတ်သည် နိမ့်သောစိတ်ကို တိုးပြီး ဖိနှိပ်၍ ချပြန်သောကြောင့် ခက်ခဲခြင်း၏ တောင်မြင့်ကို တိုး၍မြင့်သည်ဟု မှတ်ထင်ရလေသည်။ စင်စစ်မှာကား ခက်ခဲခြင်းက စိတ်ကိုဖိစီးနှိပ်စက်၍ ချသည်မဟုတ်။ မိမိ၏ ကြောက်သောစိတ်က ဖိနှိပ်၍ချခြင်း ဖြစ်လေသည်။

ခက်ခဲခြင်းတည်းဟူသော တောင်သည်ကား ကြောက်ရွံ့သူကို တစ်စုံတစ်ရာမျှ မလုပ်ရုံမက ငုံ့၍ ကြည့်ကာ ရယ်မောလျက် "ဟဲ့ငမိုက်... ငါ နင့်ကို ဘာမျှမလုပ်ဘူး။ တက်ခဲ့..လာခဲ့၊ နင်အပေါ်ကို ရောက်လျှင် အဘယ်လောက် သာယာတယ်ဆိုတာကို ငါ ပြချင်လို့၊ ငါ နင့်အတွက် မြင့်မြင့်က လာရပ်ပြီး နေတာ၊ လောကဓာတ်ကြီးကို နင်အကုန်မြင်အောင် ပြချင်လို့ တက်လေ့ဟု ငါအသင့်ကို ခေါ်၏။ အဘယ်ကြောင့် ငါ့ကို ကြောက်ရသနည်း။ မော်၍ကြည့်စမ်းလော့။ ငါ၏ဦးထိပ်၌ ပတ်ရစ် ပန်ဆင်၍ထားသော တိမ်ပန်း တိမ်ညွန့်တွေ အဘယ်မျှလောက် သာယာသည်ကို အနီးကပ်မြင်ရအောင် တက်လေ့" စသည်ဖြင့် ချိုပြုံးသာယာသော မျက်နှာနှင့် ခက်ခဲခြင်းသည် ခေါ်၏။

သို့သော်လည်း သူရဲဘောနည်းသောစိတ်သည် မော်၍မကြည့်ဝံ့ဘဲ ခေါင်းငုံ့ကာ နိမ့်ရာကိုသာ ကြည့်၏။ အကြောင်းမူကား အနိမ့်ကိုဆင်းရခြင်းသည် အမြင့်ကိုတက်ရခြင်းထက် များစွာပို၍ လွယ်ကူလေသည်။

ဤကဲ့သို့ ခက်ခဲခြင်းတည်းဟူသော တောင်နှင့် ရင်ဆိုင်တွေ့သောအခါ ခက်ခဲခြင်းသည် အဘယ်မျှပင် ကြီးမားစေကာမူ မကြောက်မရွံ့၊ မတွန့်မဆုတ် စိတ်အား မဆုတ်မယုတ်သေးသမျှ ကာလပတ်လုံး တကယ်မပျက်မစီး မလိမ့်မလဲနိုင်။ ငါ မတတ်နိုင်တော့ပါဘူး။ သည်တောင်ကို ငါ မကျော်နိုင်တော့ပါဘူးဟု စိတ်ကို လုံးလုံးကြီးလျှော့လိုက်သောအခါကျမှ စိတ်ပျက်၍ အဟုတ်တကယ် အကြီးအကျယ် ပျက်စီးခြင်းသို့ အမှန်မုချ ရောက်နိုင်လေသည်။

ထိုကဲ့သို့ စိတ်ပျက်သောအခြေအနေသို့ ရောက်သောအခါ အထက်ထက်က စိတ်ကဆောင်သဖြင့် ကိုယ်ခန္ဓာကို ရန်မရှာနိုင်ဘဲနေသော ရောဂါအပေါင်းအမြင်းများသော်မှ အဆိပ်ထန်၍ လာပြီးနောက် စိတ်ပျက်၍ ဆုတ်ယုတ်သော အသွေးအသားခန္ဓာကိုယ်ကို အခုမှ ငါတို့နိုင်သည်ဟု အားတက်ကာ ထ၍လာပြီး နှိပ်စက်ဖျက်ဆီးသဖြင့် စိတ်ပျက်သူမှာ ရောဂါဖိစီး၍ အသက်တိုင် ရောက်တတ်လေသည်။ အကြီးအကျယ် စီးပွားပျက်စီးပြီးနောက် အသက်သေဆုံးရသူတို့မှာ အများအားဖြင့် ဤနည်းမျိုး အတိုင်းသာ ဖြစ်ကြလေသည်။

အလုပ်တစ်ခုခု၏အစ၌ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း အကောင်းတွေကို မကြည့်ဘဲ ငါ၏ အလုပ်၌ တစ်ချက်ချက်မှာ အခက်အခဲတော့ ကြေန်တွေ့မှာပဲ။ တွေ့လျှင် ငါ ခံနိုင်မလား။ ငါ အဘယ်ပုံ ခုခံမည် စသည်ဖြင့် တင်ကြိုထင်မြင်၍ထားသူတို့မှာ အခက်အခဲနှင့်တွေ့သောအခါ၌ "အောင်မယ်... သူငယ်ချင်း၊ ငါ ဒီလမ်းလာကတည်းက မင်းကိုတွေ့ဖို့ မျှော်လင့်နေတာ၊ အခုဖြင့် တွေ့ရမှကိုး။ မင်းကို အခု ငါတွေ့ရသောနေ့သည် နေ့ထူးနေ့မြတ်ပဲ။ ငါ၏ မင်္ဂလာရှိသောနေ့ပဲ။ မင်းနှင့်တွေ့လျှင် မင့်ကျောကို စီးမည်လို့ စိတ်ကူးကြံစည်၍လာဆဲမှာ အခန့်သင့် တွေ့တာပဲ။ အောင်မယ်... ငါ့ကို မလှန့်ပါနဲ့ကွယ်။ မင်း ဘယ်လိုပင် မင်း၏ကိုယ်ကို ဆန့်၍ရပ်စေကာမူ ငါက ကုန်းဆိုလျှင် မင်းငါ့ကိုကုန်းပြီး ငါ၏လမ်းဆုံးသို့ ရောက်အောင် မင်းပို့ရမယ့်အကောင်ပဲ" ဟူသော စိတ်မျိုးဖြင့် ရယ်ကာမောကာ ခက်ခဲခြင်းတည်းဟူသော အဆွေခင်ပွန်း၏ ဗိုလ်ကေကို ဆွဲကိုင်ကာ အတင်းနှိပ်၍ ကျောကိုစီးဖို့သာ စိတ်ကိုဆောင်သော သူမှာ အဘယ်နည်းနှင့်မျှ မပျက်မစီးနိုင်။ ခက်ခဲခြင်းသည် ကေန်ဒိဋ္ဌ ကုန်း၍ပို့ရမည်ကား အခက်အခဲကို နိုင်နင်းအောင်မြင်၍ ကြီးပွားခြင်း၏ လမ်းဆုံးသို့ ရောက်ခဲ့သူပေါင်းများစွာတို့၏ အတိတ်ထုံးနမူနာကို ထောက်သဖြင့် သိရလေသည်။

ထို့ကြောင့် အလုပ်လုပ်ကိုင်ရာ မိမိလမ်းခရီး၌ အခက်လေးများနှင့် တွေ့ဆုံသောအခါ စိတ်မပျက်ဘဲ ဟန်ဆောင်နေသော ထိုအခက်အခဲများကို ကျော်နင်း၍သာ သွားအပ်လေသည်။ ။

# ကြီးပွားချမ်းသာနည်းဗျူဟာ

**ထက်ခိုင်**



### သင့်ကိုယ်သင်ယုံကြည်ပါ

"သင့်ကိုယ်သင်ယုံကြည်ပါ။ သင့်ရဲ့ အစွမ်းအစကို ယုံကြည်မှုရှိပါ။ နှိမ့်ချမှုမရှိဘဲနဲ့တော့ သင့်ကိုယ်ပိုင်စွမ်းအားကို ကျိုးကြောင်းဆီလျော်စွာ ယုံကြည်ပါက သင်ဟာ အောင်မြင်မှု သို့မဟုတ် ပျော်ရွှင်မှုမရနိုင်ပါ။ ဒါပေမဲ့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုအပြည့်နဲ့ အောင်မြင်နိုင်ပါတယ်။"

**နော်မန်ဗင့်ဆင့်ပီးလ်(၁၈၉၈-၁၉၉၃)**

ဘဝတွင် အောင်မြင်မှုနှင့် ကြီးပွားချမ်းသာမှုကို ပိုင်ဆိုင်နိုင်ပြီး ပျော်ရွှင်ချမ်းမြေ့သောဘဝတစ်ခုကို လူတိုင်းလိုလားတောင့်တကြသည်။ မျှော်လင့်ကြသည်။ တက်မက်ကြသည်။

ရည်မှန်းချက်ထားကြိုးစားကြသည်။ ထို့ကြောင့် ထားရှိသည့် ရည်မှန်းချက်အောင်မြင်စေရန် မိမိကိုယ်ကို ဦးစွာယုံကြည်မှု တည်ဆောက်ရပေမည်။ ယုံကြည်မှုအပြည့်အဝထားရှိရပေမည်။ မိမိ၏အစွမ်းအစမှန်သမျှကို ယုံကြည်တန်ဖိုးထားရပေမည်။

သို့မှသာ အောင်စိတ်ကိုမွေးမြူနိုင်မည်ဖြစ်ပြီး ရည်မှန်းချက်ပန်းတိုင်သို့ တက်လှမ်းနိုင်မည်ဖြစ်သည်။

"သင့်ကိုယ်သင်ယုံကြည်ပါ။ သင့်ရဲ့အစွမ်းအစကို ယုံကြည်မှုရှိပါ။ နှိမ့်ချမှုမရှိဘဲနဲ့တော့ သင့်ကိုယ်ပိုင်စွမ်းအားကို ကျိုးကြောင်းဆီလျော်စွာ ယုံကြည်ပါက သင်ဟာ အောင်မြင်မှုသို့မဟုတ် ပျော်ရွှင်မှု မရနိုင်ပါ။ ဒါပေမဲ့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုအပြည့်နဲ့ အောင်မြင်နိုင်ပါတယ်။"

အမေရိကန်စာရေးဆရာ နော်မန်ဗင့်ဆင့်ပီးလ် (Noman Vincent Peale) ၏ အရောင်းရဆုံး စာအုပ်ဖြစ်သည့် The Power of Positive Thinking စာအုပ်ပထမပိုင်းတွင်ရေးသားဖော်ပြထားသည်ကို မှတ်သားဖူးပါသည်။ ယင်းစာအုပ်သည် အရောင်းရဆုံးစာရင်းဝင်ဖြစ်ခဲ့ပြီး အပြုသဘောဆောင်သော တွေးခေါ်မှုဆိုင်ရာ အယူအဆကို လူကြိုက်များစေခဲ့သည့် စာရေးဆရာတစ်ဦးအဖြစ်လည်း ထင်ရှားအောင်မြင်ခဲ့သည်။

နေ့စဉ်ဘဝနေထိုင်မှုဆိုင်ရာ ပြဿနာများကို ကျွမ်းကျင်စေရန် အပြုသဘောဆောင်သောတွေးခေါ်ခြင်း စွမ်းအားဖြင့် လက်တွေ့လမ်းညွှန်မှုလည်း ဖြစ်သည်။

"နေ့စဉ်အခက်အခဲတွေကြောင့် လူတော်တော်များများဟာ ရှုံးနိမ့်သွားကြရတယ်။ သူတို့ဟာ သူတို့ရဲ့ နေ့ရက်တွေကို အကောင်းဆုံးရုန်းကန်ကြရတာပါပဲ"ဟုလည်း အမေရိကန်စာရေးဆရာ နော်မန်ဗင့်ဆင့်ပီးလ်က ဆက်လက်ရေးသားဖော်ပြခဲ့သည်ဖြစ်ရာ လူသားတို့အတွက် ဘဝအခက်အခဲများမှ ရုန်းထွက်နိုင်ရန် ကြိုးစားရုန်းကန်ကြရမည်ဟူသော တွန်းအားဖြစ်စေသည့် အပြုသဘောဆောင်သော တွေးခေါ်မှုစိတ်စွမ်းအားကို ဖော်ကျူးပြသခဲ့ခြင်းလည်း ဖြစ်သည်။

ဘဝတွင် အောင်မြင်မှုရရှိနိုင်ရန် နည်းလမ်းပေါင်းစုံဖြင့် ကျားကုတ်ကျားခဲကြိုးစားကြရသည်ဖြစ်ရာ လူတိုင်းလူတိုင်း အချိန်နှင့်အရွယ်ကို တန်ဖိုးထားကာ လုံ့လဝီရိယစိုက်ထုတ်ရပေမည်။

သို့မှသာ နေ့စဉ်ဘဝတွင် ကြုံတွေ့ရနိုင်သည့် အခက်အခဲပေါင်းများစွာကို ရဲရဲရင်ဆိုင်ဖြတ်သန်းကာ တစ်ဆင့်ချင်းတစ်ဆင့်ချင်း တက်လှမ်းနိုင်အောင် မိမိကိုယ်ကို ယုံကြည်မှုအပြည့်အဝထားရှိရမည်လည်း ဖြစ်သည်။

မိမိ၏ရည်မှန်းချက်ပန်းတိုင်ကို တစ်သဝေမတိမ်း ရောက်ရှိနိုင်ရန် လိုအပ်သည်။

အောင်မြင်ကြီးပွား ချမ်းသာခြင်းဟူသည် ဉာဏ်ကောင်းတိုင်း၊ လုံ့လဝီရိယကောင်းတိုင်း၊ ပညာတတ်ဖြစ်တိုင်း ရရှိနိုင်သည့်အရာဖြင့် မဟုတ်ပါချေ။ ယင်းတို့ကို မိမိပတ်ဝန်းကျင်မှာပင် မြင်နိုင်၊ တွေ့နိုင်ကြပေသည်။ ဉာဏ်မကောင်းလှသော်လည်း ချမ်းသာနေကြသည်။ လုံ့လဝီရိယ အထူးတလည် မကောင်းလှသော်လည်း ကြီးပွားချမ်းသာနေကြသူများ အများအပြားရှိနေကြလေသည်။

သို့ဖြစ်သောကြောင့် ဉာဏ်ချင်း၊ ဝီရိယချင်း၊ ကြိုးစားမှုချင်း ကွဲပြားမှုတို့ကြောင့် အောင်မြင်ကြီးပွားချမ်းသာမှု၊ ဆင်းရဲရှုံးနိမ့်မှုများက တိုက်ရိုက်အချိုးကျဆက်နွယ်မှုရှိသည်ဟုလည်း မဆိုနိုင်သဖြင့် သေချာသည့်တစ်ခုက ရှိနေမည်သာဖြစ်သည်။

ယင်းအချက်မှာ အမှုအကျင့်၊ အလေ့အထကြောင့်ဟု မှတ်သားဖူးပါသည်။

အမှန်ကန်ဆုံးအရာမှာ အကျင့်ကောင်းလျှင် အောင်မြင်ကြီးပွားမည်ဟူ၍ပင်။ အကျင့်ကောင်းရှိရန် အလေ့အထကောင်းရှိရမည်။ အလေ့အထကောင်းဟူသည်ကား ကောင်းမြတ်သည့်လုပ်ဆောင်မှုများက ကြာလာသည့်အခါ အလေ့အထကောင်းအဖြစ် ပုံပေါ်လာရခြင်းဖြစ်ပေရာ ကိုယ်ပိုင်ဉာဏ်ကို အသုံးချရပေမည်။

မိမိ၏ကိုယ်ပိုင်ဉာဏ်ကိုအသုံးချ၍ မိမိကိုယ်မိမိ ယုံကြည်ရမည်။ မိမိ၏အစွမ်းအစကို ယုံကြည်မှုရှိရမည်ဖြစ်သည်။

သို့ဖြစ်၍ ယနေ့မျိုးဆက်သစ်လူငယ်လူရွယ်များနှင့် လူတိုင်းလူတိုင်းသည် မိမိကိုယ်ကို ယုံကြည်မှုအပြည့်အဝထားရှိကာ ကြိုးစားရုန်းကန်ရမည်ဟု စိတ်စွမ်းအားကို တွန်းအားပေးလုပ်ဆောင်ကြခြင်းဖြင့် ဘဝမှာ အောင်မြင်ကြီးပွားချမ်းသာမှုကို ရရှိကြမည်ဖြစ်ပေတော့သည်။ ။

# တန်ဖိုးရှိသူဖြစ်ချင်သလား

မောင်ထူးချွန်

လူတစ်ယောက်ရဲ့တန်ဖိုးဟာ ချမ်းသာကြွယ်ဝခြင်း၊ စည်းစိမ်ဥစ္စာပြည့်စုံခြင်း၊ အောင်မြင်ကျော်ကြားခြင်း၊ လူသိများခြင်း၊ လူသိမများခြင်းဆိုတာတွေနဲ့ ဘယ်လိုမှမသက်ဆိုင်ပါဘူး။

လူ့တန်ဖိုးဆိုတာ အဲဒါတွေမဟုတ်ဘူးလို့ ဆိုချင်တယ်။

### ကျေပွန်အောင်ဆောင်ရွက်

သမိုင်းပေးတာဝန်ကိုသိပြီး တာဝန်ကျေပွန်သူသာ တန်ဖိုးရှိသူဖြစ်တယ်။ တာဝန်ကျေပွန်တယ်ဆိုတဲ့နေရာမှာ သေသေရှင်ရှင်မိမိကိုယ်ကျိုးကိုမငဲ့ဘဲ တာဝန်ကိုကျေပွန်အောင် ဆောင်ရွက်နိုင်သူပဲပေါ့ကွယ်။

မောင်တို့မယ်တို့ တန်ဖိုးရှိသူဖြစ်ချင်သလား။ အမေးရှိခဲ့ရင်တော့ မောင်တို့မယ်တို့လည်း တန်ဖိုးရှိသူဖြစ်ချင်ကြမှာပါပဲ။ တန်ဖိုးရှိသူဖြစ်ဖို့ ဘာတွေလိုအပ်မှာလဲ။ ဘာတွေလုပ်ရမှာပါလဲ။ အတွေးမပွားပါနဲ့။ အတွေးမများပါနဲ့။ အရှင်းလေးပါ။ အလွယ်လေးပါပဲ။

"သမိုင်းပေးတာဝန်ကိုသိပြီး တာဝန်ကျေပွန်သူသာ တန်ဖိုးရှိသူဖြစ်တယ်"လို့ ဆိုထားပြီးပြီ။ အဓိပ္ပာယ်ဖွင့်ဆိုထားပြီးပြီ။

### သမိုင်းပေးတာဝန်

သမိုင်းပေးတာဝန်ဆိုတာ ဘာလဲ။ မောင်တို့မယ်တို့ သိချင်လာကြဦးမယ်။ သမိုင်းပေးတာဝန်ဆိုတာ ခေတ်သမိုင်းအဆက်ဆက်က အလိုလိုပေးအပ်ထားတဲ့တာဝန်ကိုပြောတာ။ ဟိုးရှေးရှေးကာလကတည်းက အလိုလိုအပ်နှင်းထားတဲ့တာဝန်တွေကို သမိုင်းပေးတာဝန်လို့ မှတ်ယူထားရင် လုံလောက်ပါတယ်။

ကျွန်တော်တို့ကျွန်မတို့ရဲ့ သမိုင်းပေးတာဝန်က ဘာလဲ။ ကျွန်တော်တို့ ကျွန်မတို့မှာရော သမိုင်းပေးတာဝန်ရှိပါသလား။

မောင်တို့မယ်တို့ ဆန်းစစ်ကြည့်လိုကြမယ်ထင်ပါတယ်။ သိလိုကြမယ်ထင်ပါတယ်။

သမိုင်းပေးတာဝန်ဆိုတာ လူသားတိုင်းမှာရှိပြီးသားပါ။ လူရယ်လို့ဖြစ်လာကတည်းက အပ်နှင်းပေးလိုက်ပြီးသားပါ။ တာဝန်ကိုယ်စီရှိကြပါတယ်။ အရွယ်အသီးသီးမှာ သမိုင်းပေးတာဝန်တွေရှိနေကြတယ်ကွယ်။




"အို၊ ဟယ်၊ တကယ်ကြီးလား"

တွေးစရာ၊ အံ့ဩစရာပါလားလို့ ထင်မိကြပေလိမ့်မယ်။

### တာဝန်ကိုယ်စီ

မောင်တို့မယ်တို့ကို မွေးဖွားသန့်စင်ပေးလိုက်စဉ်ကတည်းကိုက သမိုင်းပေးတာဝန်ကိုယ်စီ အလိုလိုအပ်နှင်းပေးလိုက်ပြီးသားပါ။

ဆိုပါစို့ကွယ်။ မောင်တို့မယ်တို့ဟာ မွေးကင်းစကလေးလေးအရွယ်ဆိုရင် အိပ်ချင်လာရင် အိပ်ရမယ်။ ဗိုက်ဆာလာရင် နို့စို့မယ်ပေါ့။ အဲဒါဟာ အဲဒီအရွယ်သေးသေးလေးရဲ့ သမိုင်းပေးတာဝန်ပဲ။ အရွယ်လေးရလာတာနဲ့ မူကြိုတက်ရမယ်၊ ပညာသင်ယူရမယ်ဆိုတာတွေက သမိုင်းပေးတာဝန်တွေပါပဲ။ နောက်ပြီး မိဘစကားကို နားထောင်ရမယ်။ မိဘက ဆိုဆုံးမတာကိုနာခံပြီး လိုက်နာရမယ်။ မိဘကိုနိုင်သလောက် ဝိုင်းဝန်းကူညီပေးရမယ်။ ဒါတွေဟာ သူ့အရွယ်နဲ့သူ လုပ်ဆောင်ကြရမယ့် သမိုင်းပေးတာဝန်တွေပဲပေါ့။

ဒါကြောင့် မောင်တို့မယ်တို့လို ဆယ်ကျော်သက်လူငယ်လူရွယ်လေးတွေအတွက် သမိုင်းပေးတာဝန်ဟာလည်း ရှိနှင့်ပြီးသားဖြစ်တယ်။

### အောင်မြင်အောင်ကြိုးစား

မောင်တို့မယ်တို့ဟာ အခြေခံပညာအလယ်တန်းကို တက်ရောက်သင်ယူနေတဲ့အရွယ်ဆိုရင် ကျောင်းမှန်မှန်တက်ရမယ့်တာဝန်၊ နှစ်စဉ် တစ်နှစ်တစ်တန်းအောင်မြင်အောင် စာကြိုးစားရမယ့်တာဝန်၊ အခြေခံပညာအထက်တန်းကိုတက်ရောက်သင်ယူနေတဲ့အရွယ်ဆိုရင်လည်း ထိုနည်းတူပေါ့။ တက္ကသိုလ်ဝင်တန်းကို တက်ရောက်ပညာသင်ယူနေတဲ့အရွယ်ဆိုရင်လည်း တက္ကသိုလ်ဝင်တန်းစာမေးပွဲကို တစ်နှစ်တည်းနဲ့ ထူးချွန်စွာ အောင်မြင်အောင် ကြိုးစားရမယ့်တာဝန်တွေဟာ ကျောင်းသားကျောင်းသူတွေရဲ့ သမိုင်းပေးတာဝန်တွေပဲပေါ့။

မောင်တို့မယ်တို့ဟာ တက္ကသိုလ်ကျောင်းသားကျောင်းသူအရွယ်ဆိုရင် တက္ကသိုလ်ပညာရပ်ကို ပြီးဆုံးအောင် သင်ယူကြရမယ့်တာဝန်၊ သက်ဆိုင်ရာဘွဲ့တွေ၊ ဒီဂရီတွေရယူနိုင်ရမယ့်တာဝန်၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို စောင့်ထိန်းမြှင့်တင်ကြရမယ့်တာဝန်၊ တက္ကသိုလ်ကျောင်းသား ကျောင်းသူဂုဏ်ကို ထိန်းသိမ်းမြှင့်တင်ကြရမယ့် တာဝန်တွေဟာ သမိုင်းပေးတာဝန်တွေပါပဲ။

အရွယ်အလိုက်၊ အတန်းပညာအလိုက် အပ်နှင်းခံထားရတဲ့ သမိုင်းပေးတာဝန်တွေဖြစ်တယ်။ ဒီတာဝန်တွေကို သိရှိပြီးကျေပွန်တဲ့သူတွေဟာ တန်ဖိုးရှိတဲ့သူတွေပဲပေါ့ကွယ်။

"မိမိပခုံးပေါ်ကို ကျရောက်လာတဲ့ခေတ်သမိုင်းကပေးအပ်လာတဲ့တာဝန်ကို ကျေပွန်အောင်ထမ်းဆောင်နိုင်စွမ်း မည်ရွေ့မည်မျှရှိသလဲဆိုတာဟာ ဒီလူတစ်ယောက်ရဲ့တန်ဖိုးပါပဲ"

စာရေးဆရာ ဗန်းမော်တင်အောင်(၁၉၂၀-၁၉၇၈) က ပြောခဲ့ရေးခဲ့တဲ့ စကားတစ်ခွန်းပဲပေါ့။

မောင်တို့မယ်တို့အနေနဲ့ နားဝင်မှတ်သားထားစေချင်တယ်။ ဒါမှသာ မောင်တို့မယ်တို့ဟာ ဘဝတစ်လျှောက်မှာ အရွယ်တွေအလီလီပြောင်းပြီး လုပ်ငန်းခွင်အသီးသီးမှာ တာဝန်ထမ်းဆောင်လာကြတဲ့အခါ လုပ်ငန်းဆောင်တာတာဝန်တွေအပြင် သမိုင်းပေးတာဝန်တွေကိုလည်း ဦးလည်မသုန် ကျေပွန်ကြရပေလိမ့်မယ်။

### လက်တွဲကာကွယ် စောင့်ရှောက်

ဒါကြောင့် မောင်တို့မယ်တို့ရဲ့ နိုင်ငံဟာ တိုင်းရင်းသားလူမျိုးပေါင်းစုံ နေထိုင်ကြတယ်။ တိုင်းရင်းသားမျိုးနွယ်စု ၁၃၅ စုရှိတယ်။ ကိုးကွယ်ရာ မတူကြဘူး။ ဘာသာစကား မတူကြဘူး။ စာပေနဲ့ ယဉ်ကျေးမှု မတူကြဘူး။ နေထိုင်ရာဒေသ၊ ချမ်းသာဆင်းရဲ၊ ပညာတတ်တာ၊ မတတ်တာ။ ကျား၊ မ စတဲ့ မတူညီဘဲ ကွဲပြားကြတာတွေရှိပါတယ်။ ဘယ်လိုပင် ကွဲပြားကြပါစေ တိုင်းရင်းသားသွေးချင်းတွေဖြစ်လို့ ရင်းနှီးချစ်ကြည်ရမယ်။ ဘယ်သူခွဲခွဲတို့မကွဲ အမြဲစည်းလုံးကြရမယ်။ သွေးမကွဲရဘူး။ ခွဲခြားဆက်ဆံမှုတွေမရှိရဘူး။ မျှတတန်းတူတဲ့ဆက်ဆံရေးရှိရမယ်။ တို့တစ်တွေရဲ့ ဘိုးဘွားဘီဘင်တွေ သက်စွန့်ကြိုးပမ်းရယူပေးခဲ့ကြတဲ့ လွတ်လပ်ရေးကြီးကို သွေးချင်းတို့အားလုံးက လက်တွဲကာကွယ်စောင့်ရှောက်ကြရမယ့်တာဝန်တွေရှိတယ်။

ဒီတာဝန်တွေအားလုံးဟာ သမိုင်းပေးတာဝန်တွေဖြစ်လို့ သက်စွန့်ကြိုးပမ်းကာ ကျေပွန်အောင် ထမ်းဆောင်ကြရမယ်။ သမိုင်းပေးတာဝန်ကို သိရှိကာ ကျေပွန်တယ်ဆိုရင် တန်ဖိုးရှိသူဖြစ်ပြီပေါ့ကွယ်။ ။

■

# လှုပ်လှုပ်ရှားရှား အနားယူပါ

အောင်မြတ်စည်သူ

လှုပ်လှုပ်ရှားရှား အနားယူခြင်းနှင့် မလှုပ်မရှား အနားယူခြင်းက များစွာကွာခြားသည်။ ကျွန်တော်တို့ ဗီဒီယိုဂိမ်းကစားသောအခါ၊ ကွန်ပျူတာဂိမ်းကစားသောအခါ၊ ဥယျာဉ်ထဲတွင် အလုပ်လုပ်သောအခါ၊ ခွေးကို အညောင်းဖြေလမ်းလျှောက်ပေးသောအခါ၊ ချက်တင်ခန်းထဲဝင်သောအခါ (သို့မဟုတ်) စစ်တုရင်ကစားသောအခါ ကျွန်တော်တို့သည် မမျှော်လင့်သည်နှင့် စပ်ယှက်ဆောင်ရွက်မှု ပြုနေပါသောကြောင့် ကျွန်တော်တို့ စိတ်များက တုံ့ပြန်နေသည်။ ဤလှုပ်ရှားမှုအားလုံးသည် ကိုယ်ရေးကြံဆမှုနှင့် ဉာဏ်ရည်ပိုင်းဆိုင်ရာ နိုးကြားမှုများဖြစ်စေသည်။ ယင်းတို့အားလုံး လှုပ်လှုပ်ရှားရှားလုပ်ရပ်များပင်ဖြစ်သည်။

လှုပ်လှုပ်ရှားရှားအပန်းဖြေမှုသည် စိတ်ကိုပြန်လည်လန်းဆန်းစေသည်။ အားသစ်လောင်းပေးသည်။ တွေးခေါ်စဉ်းစားရေးအတွက် ညီညွတ်ပျော့ပျောင်းစေသည်။ ထက်မြက်စေသည်။ မဟာတွေးခေါ်ပညာရှင်များသည် ဤလျှို့ဝှက်ချက်ကို ကာလကြာမြင့်စွာကပင် သိခဲ့ကြသည်။ ဝင်စတန်ချာချီသည် စိတ်အပန်းဖြေစေရန် ပန်းချီရေးဆွဲလေ့ရှိခဲ့သည်။ အယ်လ်ဘတ်အိုင်းစတိုင်းက တယောထိုးခဲ့သည်။ ဦးနှောက်တစ်ခြမ်းကို နှိုးဆွပေးရင်း တခြားတစ်ခြမ်းကို ပြေလျော့စေသည်။ လုပ်ငန်းတစ်နေ့တာ လုပ်ရပ်များထံ ပြန်ဝင်သောအခါ ယခင်ထက် ပို၍လန်းဆန်း၊ ပို၍ထက်မြက်စေသည်။

ကျွန်တော်တို့အများစုသည် စိတ်ပြေလျော့အနားယူနိုင်ရန် စိတ်ကိုငြိမ်းပစ်လိုက်သည်။ အဓိပ္ပာယ်မရှိသော ဗီဒီယိုဇာတ်ကားများငှားသည်။ အပျော်ဖတ်၊ အပေါ့ဖတ်ဝတ္ထုများဖတ်သည်။ ကျွန်တော်တို့ မူးဝေဖောင်းကားနေသည်အထိ စီးကရက်သောက်သည်၊ အရက်သောက်သည်။ အစားစုံစားသည်။ ဤပုံစံဖြင့် အနားယူအပန်းဖြေမှု၏ ပြဿနာကား ကျွန်တော်တို့၏စိတ်ဓာတ်များကို ထုံထိုင်းစေပြီး အသိပြန်ဝင်လာရန် ခက်ခဲစေခြင်းပင် ဖြစ်သည်။

ကျွန်တော်သည် ကျွန်တော်၏ ထိုစဉ်ကာလက ကိုးနှစ်အရွယ်သားငယ်ဘော်ဘီနှင့် ဗီဒီယိုနှင့် ကွန်ပျူတာဂိမ်းကစားမိသောအခါတွင် ဗီဒီယိုဂိမ်းနှင့် ကွန်ပျူတာဂိမ်းတို့၏ ပြန်လည်အားဖြည့်ပေးနိုင်မှုစွမ်းအားတို့ကို မတော်တဆ တွေ့ရှိခဲ့သည်။ သူ့ကိုပျော်ရွှင်စေရန်နှင့် သူ့ကို ဖခင်တစ်ဦးအနေဖြင့် အချိန်ပေးရန် နည်းလမ်းတစ်ရပ်အဖြစ် စတင်ခဲ့သောကိစ္စသည် ဦးနှောက်ကိုစိန်ခေါ်သော လုပ်ရပ်တစ်ခုဖြစ်လာခဲ့သည်။ ကွန်ပျူတာ၊ ဘောလုံးပွဲ၊ ဘတ်စကက်ဘောနှင့် ဟော်ကီကစားပွဲများသည် ယခုအခါ စစ်တုရင်နှင့် The New York Times တနင်္ဂနွေနေ့ စကားလုံးပဟေဠိ ပြိုင်ဆိုင်သောဘဏ်ကစားပွဲများ ဖြစ်နေသည်။ ယင်းတို့ကစားရန်အတွက် နိုးကြားသော အပန်းဖြေမှုသဘာဝရှိ တွေးခေါ်စဉ်းစားမှု လိုအပ်သည်။

"တွေးခေါ်စဉ်းစားမှုသည် ကျွန်တော်တို့ပြုလုပ်သည့် အခက်ခဲဆုံးအလုပ်ဖြစ်သည်။ ဤသည်ကြောင့် တွေးခေါ်စဉ်းစားမှုကို လူအနည်းငယ်မျှသာ ပြုလုပ်လေ့ရှိကြသည်"ဟု ဟင်နရီဖို့ဒ်က ရေးသားခဲ့သည်။ သို့သော် ကျွန်တော်တို့သည် တွေးခေါ်စဉ်းစားမှုနှင့် အပန်းဖြေအနားယူမှုကို ချိတ်ဆက်နိုင်သည့်နည်းလမ်းများ တွေ့ကြုံသောအခါ ကျွန်တော်တို့ဘဝများ ပို၍ကြွယ်ဝလာသည်။ ကျွန်တော်တို့သည် လောကကစားပွဲတွင် ပရိသတ်များဖြစ်ရမည့်အစား ကစားသူများဖြစ်လာကြသည်။

Ref: Get active and rest by Steve Chandler

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၄၆၉ ဆူ | ၂၅၁ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၆၀၀၀၀ | ၁ လုံး | ၁၉၀၀၀ သိန်း | ၄၁၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၆၂ ခန်း | ၃၉၃ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၄၇ တိုင် | ၃ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၈၀ တိုင် | - |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၁၉ ခု | ၅၃၃ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၆၅ ကျင်း | ၂၀၅၄. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၂၅ ကျင်း | ၁၉၃. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၂၂ ကျင်း | ၅၈၈၈. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၁၃၈ ကျင်း | ၁၅၉၈. ၀၈ ကျင်း |
| ၁၄။ | မုစလိန္ဒအိုင် | ၂၂၅၆၀. ၀၀ | ၁ | ၃၆၉၅ သိန်း | ၁၈၈၆၅ သိန်း |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ × ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂)စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင်လျှင် ၉. ၅သိန်း) | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |
| ၁၆။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)လှူဒါန်းနိုင်ရေး [၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၁၂. ၀၀ | ၅၀၀ စုံ | ၂၁၀ စုံ | ၂၉၀ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**
**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်
## ဗုဒ္ဓပူဇာ၊ ဓမ္မပူဇာ၊ သံဃပူဇာ
## ဗုဒ္ဓပူဇနီယပွဲတော်ကြီး

ဗုဒ္ဓပူဇာပွဲတော် x x x ၁၃၈၄ခုနှစ်၊ နတ်တော်လပြည့်နေ့ (၇-၁၂-၂၀၂၂) ဗုဒ္ဓဟူးနေ့၊ နံနက် (၅)နာရီတွင် ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်မြတ်ကြီးအား ဆရာတော်သံဃာတော်အပါး (၉၀)ဖြင့် ဗုဒ္ဓါဘိသေက အနေကဇာတင်ပူဇော်ခြင်း ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာ၊ ဆွမ်း၊ သစ်သီးများ ကပ်လှူပူဇော်ပါမည်။

ဓမ္မပူဇာပွဲတော် x x x ၁၃၈၄ခုနှစ်၊ နတ်တော်လဆန်း (၁၄)ရက် (၆-၁၂-၂၀၂၂) အင်္ဂါနေ့၊ နံနက် (၉)နာရီမှ ၁၃၈၄ခုနှစ်၊ နတ်တော်လပြည့်ကျော် (၃) ရက် (၁၀-၁၂-၂၀၂၂) စနေနေ့၊ နံနက် (၉)နာရီအထိ အသံမစဲ မဟာပဋ္ဌာန်းတော်ကြီး ရွတ်ဖတ်ပူဇော်ပွဲကို ကျင်းပပါမည်။

သံဃပူဇာပွဲတော် x x x ၁၃၈၄ခုနှစ်၊ နတ်တော်လပြည့်ကျော်(၄)ရက် (၁၁-၁၂-၂၀၂၂) တနင်္ဂနွေနေ့၊ ညနေ (၃)နာရီတွင် မြတ်စွာဘုရားရှင်ကို အမှူးထား၍ မဟာနဆရာတော်များ၊ တိပိဋကဆရာတော်များ ဩဝါဒါစရိယဆရာတော်၊ သံဃာတော်များ (၁၀၈)ပါးနှင့် သီလရှင် (၃၆)ပါးတို့ကို လှူဖွယ်ပစ္စည်းများဖြင့် (၄၉)ကြိမ်မြောက် ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပါမည်။

ဗုဒ္ဓါဘိသေကအနေကဇာတင်ပူဇော်ပွဲအတွက် သစ်သီး၊ ပန်းများ ပေးပို့လှူဒါန်းနိုင်ပါကြောင်းနှင့် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ် ပူဇော်ကြသော သံဃာတော်များကို နေ့စဉ်ဆွမ်းများကပ်လှူခြင်း၊ သံဃပူဇာအဖြစ် သံဃာတော်အရှင်သူမြတ်(၁၀၈)ပါးနှင့် သီလရှင် (၃၆)ပါးတို့အား ဆွမ်းဆန်စိမ်းလောင်းလှူပွဲအတွက် လှူဖွယ်ပစ္စည်းများ ပါဝင်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်ပန်ကြားအပ်ပါသည်။

**ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**
**ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်**
**ဖုန်း-၀၉-၂၅၅၇၇၈၇၇၁/ ၀၉-၆၆၆၀၇၄၁၁၁**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၆)ရပ်ကွက်၊ မေဖလားဝါးလမ်း၊ နဝဒေးအိမ်ရာ၊ မြေတိုင်းရပ်ကွက်အမှတ်-၃/၄၊ မြေကွက်အမှတ်-(၁၄၈)၊ BLOCK-51, No-5၊ ဧရိယာ (၀.၀၅၅)ဧက အကျယ်အဝန်းရှိ ဒေါ်ကေကေခိုင်ကို [၁၄/ဟသတ(နိုင်)၂၂၁၄၃၉]၊ ဦးထူးမြတ်ကို [၁၄/ဟသတ(နိုင်)၂၂၀၈၉၀]၊ အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ ဦးဇော်လင်းဦး[၁၂/တမန(နိုင်)၀၀၃၂၂၉]က အရောင်းအဝယ်ကတိစာချုပ်ဖြင့်ဝယ်ယူထားပြီး ၎င်းမှရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသောကြောင့် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်ကြောင်း စာရွက်စာတမ်းမူရင်း အထောက်အထား ခိုင်လုံစွာဖြင့် လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | | | |
|---|---|---|---|
| **ဦးမိုးမင်းဆွေ** | **ဒေါ်ခင်မာနွယ်** | **ဦးအောင်မျိုးသူ** | **ဒေါ်နန်းစုမြတ်နိုးထွဋ်** |
| **(LL.B, D.B.L)** | **(LL.B, D.B.L)** | **(LL.B)** | **(LL.B)** |
| **(စဉ်-၁၄၄၀၄)** | **(စဉ်-၁၄၂၆၂)** | **(စဉ်-၁၇၄၆၂)** | **(စဉ်-၁၇၅၉၀)** |

**တရားလွှတ်တော်ရှေ့နေများ**
**Legal Chance Office: အမှတ်(၄၈)၊ နတ်မောက်လမ်းသွယ်(၁)လမ်း၊ ဗိုလ်ချို(၂)ရပ်ကွက်၊**
**ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၄၅၇၅၆၈၂၁၊ ၀၉-၄၃၁၆၇၂၉၆၊ ၀၉-၄၂၁၀၂၂၁၁၂**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ဝါဆိုရပ်ကွက်၊ အမှတ်(၂၄)၊ ၆ လွှာဘီ၊ နဝဒေးလမ်း တိုက်ခန်းအား အရှုပ်အရှင်းကင်းရှင်းကြောင်း ဒေါ်စိန်စိန်လှိုင် [၇/ပတန(နိုင်) ၀၉၁၅၄၀] မှ ဝန်ခံကတိပြုလျက် ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်တော် ဦးမျိုးအောင်လင်း [၁၁/စတန(နိုင်) ၀၈၀၇၈၄] က ရောင်းချသည့် တန်ဖိုးငွေအနက်မှ စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါတိုက်ခန်းနှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ယနေ့မှစပြီး (၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်အား လက်ခံ၍ ကိစ္စအဝဝ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမျိုးအောင်လင်း**
**[၁၁/စတန(နိုင်) ၀၈၀၇၈၄]**
**အမှတ်(၉)၊ ရေကျော်လမ်းမ၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။**
**Ph: 09-420141293, 09-795315492**

## ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ ၃-ရပ်ကွက်၊ တော်ဝင်လမ်းသွယ်(၉)၊ မြေတိုင်းရပ်ကွက်အမှတ်(၁၆)၊ မြေကွက်အမှတ်(၈၇၆)၊ အကျယ်အဝန်း ပေ(၄၀x၆၀)ရှိ ဒေါ်အုန်းတင် အမည်ပေါက် နှစ်(၆၀) ဂရန်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်ပြုလုပ်ခြင်းအား ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာခြင်း

အထက်ပါမြေကွက်အား ဂရန်အမည်ပေါက်ထံမှ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၂၀၇)၊ (၆-၁-၂၀၂၂)ကို ရရှိထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးရှင်ဟန်း[၁၃/ကလတ(နိုင်) ၀၄၅၅၆၁]ထံတွင် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ ဝယ်ယူရာ မြေကွက်ရောင်းဖိုးငွေ၏ စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤမြေကွက်အရောင်းအဝယ်ကို ကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထား(စာရွက်စာတမ်းမူရင်းများ)နှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ပြီးဆုံးသည်အထိ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဒေါ်ယွန်းမဉ္ဇူမြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ငြိမ်းငြိမ်း(LL.B)(D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၈၉၇)**
**အမှတ်(၈၃)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၅၂၈၀၄၂၊ ၀၉-၇၆၀၈၁၁၇၇၆**

## ပြင်ဆင်ဖတ်ရှုပါရန်

၆-၁၁-၂၀၂၂ရက်နေ့ ကြေးမုံသတင်းစာ၏စာမျက်နှာကြော်ငြာ(၃၀)ကန့်ကွက်နိုင်ကြောင်းကြော်ငြာအမှတ်စဉ်(၄)ဦးကျော်ကျော်တင့်၏ဂရန်သစ်တွင်မြေကွက်လိပ်စာ(၁၀၀)၊သရက်တော(၄)လမ်း၊သရက်တောတောင်ရပ်ကွက်ဟုအမှန်ဖတ်ရှုပါရန်။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ကြီးပွားရေးတောင်)၊ မြေကွက်အမှတ်(၇၁/က)၊ မြေကွက်တည်နေရာ အမှတ်(၇၁/က)၊ မေတ္တာလမ်း၊ ကြီးပွားရေးတောင်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ဦးမြင့်စိန်(CF-၀၃၂၃၈၀)၊ အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် ဦးမြင့်စိန်(ဖခင်)သည် (၇-၉-၂၀၁၈)ရက်နေ့တွင်လည်းကောင်း၊ ဒေါ်တင်အေး (မိခင်)သည် (၇-၁၂-၂၀၁၇)ရက်နေ့တွင် လည်းကောင်း အသီးသီးကွယ်လွန်သဖြင့် ဒေါ်အေးအေးမြင့်[၁၃/လရန(နိုင်)၀၀၉၃၂၉]၊ ဦးသက်နိုင်[၁၂/လကန(နိုင်)၀၈၂၇၃၆]၊ ဒေါ်တင်ဌေးဝင်း[၁၂/မဂဒ(နိုင်)၀၁၇၆၅၇]၊ ဦးယဉ်ထွေး [၁၂/သဃက(နိုင်)၁၇၀၀၆၁]တို့က တရားဝင်အမွေဆက်ခံခွင့်ရှိသည့် သားသမီးများတော်စပ်ကြောင်း၊ ၎င်းတို့မှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိကြောင်း၊ ကျမ်းကျိန်လွှာအမှတ်(၄၂၂/၂၂)၊ (၂၆-၉-၂၀၂၂)၊ သေစာရင်း၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ဂရန်မူရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်း အပေါ်ကန့်ကွက်ရန်ရှိပါက တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းများအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

(၂၀၂၂-၂၀၂၃)ခု၊ ဘဏ္ဍာရေးနှစ်အတွက် ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊ ဗဟိုဆေးသိုလှောင်ရေးဌာန (ရန်ကုန်) တွင် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိပြည်သူ့ဆေးရုံ/ ဌာနများသို့ ဆေး၊ ဆေးပစ္စည်းနှင့် ဆေးရုံသုံးစက်ပစ္စည်းကိရိယာများ ဖြန့်ဖြူးပေးပို့နိုင်ရန်အတွက် ပြင်ပပုဂ္ဂလိက မော်တော်ယာဉ်ငှားရမ်းခြင်းလုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါများပေး သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

ဈေးနှုန်းလွှာများကို ဒုတိယညွှန်ကြားရေးမှူး (ဖြန့်ဖြူးရေး)၊ ဗဟိုဆေးသိုလှောင်ရေးဌာန ရုံးခန်း၊ အမှတ် (၅၇) စကားဝါလမ်း၊ ဒဂုံမြို့နယ်သို့ တင်သွင်းနိုင်ပါသည်။ အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

| | |
|---|---|
| ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက် | - ( ၁၅-၁၁-၂၀၂၂ )ရက် |
| တင်ဒါပိတ်မည့်နေ့ရက်နှင့် အချိန် | - ( ၂၈-၁၁-၂၀၂၂)ရက် ရုံးချိန်အတွင်း |
| ဆက်သွယ်ရန်ဖုန်းနံပါတ် | - ၀၁-၃၇၄၄၉၇ |

**တင်ဒါလက်ခံရေးနှင့်ဖွင့်ဖောက်စိစစ်ရေးကော်မတီ**
**ဗဟိုဆေးသိုလှောင်ရေးဌာန(ရန်ကုန်)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန
## စားနပ်ရိက္ခာဖူလုံမှုကိုခန့်မှန်းရန် ကောင်းကင်ဓာတ်ပုံ အသုံးပြုသီးနှံအထွက်နှုန်း ဆန်းစစ်အကဲဖြတ်စင်တာ ဆောက်လုပ်ရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၊ မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေစီမံကိန်း(၂၀၂၂)ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် စားနပ်ရိက္ခာဖူလုံမှုကိုခန့်မှန်းရန် ကောင်းကင်ဓာတ်ပုံ အသုံးပြုသီးနှံအထွက်နှုန်း ဆန်းစစ်အကဲဖြတ်စင်တာ ပေ(၄၀x၇၀x၂၄)၊ သွပ်မိုး၊ RC(၂)ထပ်၊ (ရေ၊ မီး၊ မိလ္လာအပါအဝင်) အဆောက်အဦ(၁)လုံးအား ဆောက်လုပ်ရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်။
၂။ တင်ဒါလျှောက်လွှာများကို လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန (ရုံးချုပ်)၊ ရုံးအမှတ်(၄၃)၊ နေပြည်တော်တွင် (၁၈-၁၁-၂၀၂၂)ရက်မှစ၍ ဝယ်ယူနိုင်ပြီး(၁-၁၂-၂၀၂၂)ရက် ညနေ (၁၆:၀၀)နာရီတွင် တင်ဒါပိတ်သိမ်းပါမည်။
၃။ သတ်မှတ်တင်ဒါလျှောက်လွှာပုံစံကိုသာ အသုံးပြုလျှောက်ထားရန်ဖြစ်ပြီး အခြားလျှောက်လွှာပုံစံများကို အသုံးပြုခြင်း၊ သတ်မှတ်တင်ဒါပုံစံကို ပြည့်စုံစွာဖြည့်စွက်ထားခြင်းမရှိသော တင်ဒါပုံစံများကို ရွေးချယ်မှုပြုမည်မဟုတ်ပါ။
၄။ တင်ဒါပုံစံဝယ်ယူခြင်းအပါအဝင် တင်ဒါခေါ်ယူသည့်အဆောက်အဦ၏ အသေးစိတ်အချက်အလက်များ၊ စည်းကမ်းချက်များနှင့်ပတ်သက်၍ အောက်ပါလိပ်စာတွင်စုံစမ်းမေးမြန်းနိုင်ပါသည်-

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန**
**ရုံးအမှတ်(၄၃)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၃၄၁၀၆၇၄**

## အများသိစေရန်

MIN KYAN SIT TRAVEL & TOURS COMPANY LIMITED သည် ရန်ကုန်တိုင်းဒေသကြီး၊ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ၏ ခရီးလှည့်လည်ရေးလုပ်ငန်းလိုင်စင်အမှတ်- T/O(YGN)-0220(သက်တမ်းတိုး) ရက်စွဲ ( ၁-၇-၂၀၁၈ )နှင့် T/I(YGN)-0755(သက်တမ်းတိုး) ရက်စွဲ ( ၂၃-၁၀-၂၀၁၉ )အရ ခရီးစဉ်ဆောင်ရွက်မှု/ခရီးသွားကိုယ်စားလှယ်လုပ်ငန်း (ပြည်ပ)ခရီးစဉ်နှင့်(ပြည်တွင်း/ပြည်ဝင်)ခရီးစဉ်လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိပြီး၊ မန်နေဂျင်းဒါရိုက်တာ ဦးနန္ဒာလှမြင့် အစား ဒေါ်သဇင်အေးလင်းအား အစားထိုးတာဝန်ပေးခန့်အပ်သည့်အပေါ် ကန့်ကွက်လိုပါက ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**MIN KYAN SIT TRAVEL & TOURS COMPANY LIMITED**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ဗိုလ်တထောင်ခရိုင်တရားရုံးတော်
## ၂၀၂၂ခုနှစ်၊ တရားမကြီးမှုအမှတ်- ၅၅၆

| | | |
|---|---|---|
| ၁။ ဦးရဲဝင်းဦး | | ၁။ ဒေါ်ယုယမင်းခိုင် |
| ၂။ ဒေါ်ခင်ခင်သိန်း | နှင့် | ၂။ ဦးချစ်ဝေ |
| (၎င်းတို့၏ အခွင့်ရကိုယ်စားလှယ် ဦးသန့်ဇင်ဝင်း) | | |
| တရားလိုများ | | တရားပြိုင်များ |

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ အောင်မင်္ဂလာလမ်း၊ အမှတ်(၆၅)နေ (၁) တရားပြိုင် ဒေါ်ယုယမင်းခိုင်၊ ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၆)ရပ်ကွက်၊ ဇမ္ဗူသီရိအနောက်(၂)လမ်း၊ အမှတ်(၅၉/ခ)နေ (၂) တရားပြိုင် ဦးချစ်ဝေ (ယခုနေရပ်လိပ်စာမသိ) သူတို့သိစေရမည်။

သင့်အပေါ်၌ တရားလိုများက ပဋိညာဉ်အတိုင်း မြေကွက်အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့် ဖြစ်စေ ၂၀၂၂ခုနှစ်၊ ဒီဇင်ဘာလ၊ (၆) ရက် (၁၃၈၄ခုနှစ်၊ နတ်တော်လဆန်း၊ ၁၄ ရက်)နေ့မွန်းမတည့် မီ (၁၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါ နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်ကတင်သွင်းရမည်။

၂၀၂၂ခုနှစ်၊ နိုဝင်ဘာလ (၈)ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ခင်ညွန့်ရှင်)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**ဗိုလ်တထောင်ခရိုင်တရားရုံး**

## သွားကျန်းမာရေးသူနာပြုဒီပလိုမာ
## (Diploma in Dental Nursing)
## (၂)နှစ် သင်တန်းဝင်ခွင့် လျှောက်လွှာခေါ်ယူခြင်း

ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်တွင် ၂၀၂၃ ပညာသင်နှစ်၌ ဖွင့်လှစ်ပို့ချမည့် သွားကျန်းမာရေးသူနာပြုဒီပလိုမာ (Diploma in Dental Nursing) သင်တန်းသို့ အောက်ပါအရည်အချင်းနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ကြောင်း ကြေညာလိုက်သည်-

၁။ လိုအပ်သောအရည်အချင်း
- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) တက္ကသိုလ်တစ်ခုခုမှ (သိပ္ပံဘွဲ့)ရပြီးသူဖြစ်ရမည်။
- (ဂ) လျှောက်လွှာပိတ်သည့် (၇-၁၂-၂၀၂၂)ရက်တွင် အသက်(၂၅)နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။ (အခြေခံပညာအထက်တန်း၊ တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်ပါ မွေးနေ့သက္ကရာဇ်အတိုင်းသာ အတည်ပြုမည်)။
- (ဃ) အိမ်ထောင်မရှိသူ အပျို/လူပျို ဖြစ်ရမည်။
- (င) သင်တန်းတက်ရောက်အောင်မြင်ပြီး နိုင်ငံ့ဝန်ထမ်းအဖြစ် ခန့်အပ်ခြင်းခံရပါက (၃)နှစ်ဆက်တိုက် တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။
- (စ) သင်တန်းတက်ရောက်ခွင့်ရရှိပြီး သင်တန်းကို ပြီးဆုံးအောင် တက်ရောက်ခြင်းမရှိလျှင်သော်လည်းကောင်း၊ သင်တန်းပြီးဆုံးအောင်မြင်ပြီးနောက် နိုင်ငံ့ဝန်ထမ်းအဖြစ် (၃)နှစ် ဆက်လက်တာဝန်ထမ်းဆောင်ခြင်းမရှိလျှင် သော်လည်းကောင်း နိုင်ငံတော်မှ အခါအားလျော်စွာ သတ်မှတ်ထားသော လျော်ကြေးငွေကို ပေးဆောင်ရန် ကတိခံဝန်စာချုပ်ချုပ်ဆိုနိုင်သူ ဖြစ်ရမည်။

၂။ လျှောက်လွှာတွင် အောက်ပါအချက်အလက်များ ပြည့်စုံစွာ ဖော်ပြရမည်-
- (က) အမည်၊ အမျိုးသားမှတ်ပုံတင်/ နိုင်ငံသားစိစစ်ရေးကတ်အမှတ်
- (ခ) အသက်၊ မွေးသက္ကရာဇ်(ရက်၊ လ၊ နှစ်)
- (ဂ) မိဘအမည်နှင့် အမျိုးသားမှတ်ပုံတင်/နိုင်ငံသားစိစစ်ရေးကတ်အမှတ်
- (ဃ) ပညာအရည်အချင်း
- (င) ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ ဖုန်းနံပါတ်
- (စ) ဝန်ထမ်းဖြစ်ပါက လက်ရှိရာထူး/ဌာန

၃။ လျှောက်လွှာနှင့်အတူ အောက်ပါတို့ကို ပူးတွဲပေးပို့ရမည်-
- (က) မြန်မာနိုင်ငံစာစစ်အဖွဲ့မှ ထုတ်ပေးသည့် အခြေခံပညာအထက်တန်း/ တက္ကသိုလ်ဝင်တန်းစာမေးပွဲ၊ အောင်လက်မှတ်(မိတ္တူ) (၁)စောင်နှင့် ဘွဲ့လက်မှတ်မိတ္တူ (၁)စောင်။
- (ခ) နိုင်ငံသားစိစစ်ရေးကတ်ပြား (မိတ္တူ) (၁)စောင်။
- (ဂ) နိုင်ငံရေးနှင့် ပြစ်မှုကင်းရှင်းကြောင်း၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း၊ သက်ဆိုင်ရာမြို့နယ် ရဲစခန်း၏ ထောက်ခံစာ(မူရင်း) (၁)စောင်။
- (ဃ) အိမ်ထောင်မရှိသူ အပျို /လူပျိုဖြစ်ကြောင်း၊ သက်ဆိုင်ရာမြို့နယ်၊ ရပ်ကွက်(သို့)ကျေးရွာအထွေထွေအုပ်ချုပ်ရေးမှူးရုံး (အုပ်ချုပ်ရေးမှူး၊ အတွင်းရေးမှူး)၏ ထောက်ခံစာ(မူရင်း) (၁)စောင်။
- (င) ကိုယ်လက်အင်္ဂါချို့ယွင်းခြင်းမရှိကြောင်း၊ ကိုယ်ရောစိတ်ပါ ကျန်းမာကြောင်း သက်ဆိုင်ရာမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး၏ ဆေးထောက်ခံစာ(မူရင်း) (၁)စောင်။
- (စ) လျှောက်လွှာတွင် (၆)လအတွင်း ရိုက်ကူးထားသော ပီပြင်ထင်ရှားသည့် လိုင်စင်ဓာတ်ပုံ(၂)ပုံ ကျောဘက်တွင်အမည်နှင့် မှတ်ပုံတင်အမှတ် ဖော်ပြရန်။
- (ဆ) ဌာနဆိုင်ရာဝန်ထမ်းဖြစ်လျှင် (သင်တန်းတက်ခွင့်ရရှိပါက) ရာထူးမှ နုတ်ထွက်ခွင့်ပြုမည်ဖြစ်ကြောင်း သက်ဆိုင်ရာအကြီးအကဲ၏ ထောက်ခံစာ(မူရင်း) (၁)စောင်။

၄။ လျှောက်လွှာများကို သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်၊ အမှတ်(၅၈၂)၊ သံသုမာလမ်း သွပ်ဝိုင်းကြီးရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူ၍ လျှောက်လွှာပိတ်ရက်ဖြစ်သည့် (၇-၁၂-၂၀၂၂)ရက်ထက် နောက်မကျဘဲ ပေးပို့လျှောက်ထားရမည်။ မပြည့်စုံသည့် လျှောက်လွှာများနှင့် နောက်ကျမှ ရောက်ရှိလာသော လျှောက်လွှာများကို စဉ်းစားမည်မဟုတ်ပါ။

၅။ ရေးဖြေစာမေးပွဲဖြေဆိုခွင့်ရရှိသူများ၏ ခုံအမှတ်စာရင်းကို သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်၌ (၉-၁၂-၂၀၂၂)ရက်နေ့တွင် ကြေညာထားမည်ဖြစ်သည်။ စာမေးပွဲဖြေဆိုမည့်ကတ်များကို (၁၅-၁၂-၂၀၂၂)ရက်နေ့မှစ၍ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်တွင် ထုတ်ယူနိုင်ပါသည်။

၆။ သင်တန်းဝင်ခွင့်ရေးဖြေစာမေးပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပစစ်ဆေးသွားမည်-

| | |
|---|---|
| ကျင်းပမည့်ရက် | - (၁၆-၁၂-၀၂၂)ရက်၊ (သောကြာ)နေ့ |
| အချိန် | - နံနက်(၉:၀၀)နာရီမှ (၁၂:၀၀)နာရီထိ |
| ဘာသာရပ် | - မြန်မာစာ၊ အင်္ဂလိပ်စာနှင့်အထွေထွေဗဟုသုတ (၃)နာရီမေးခွန်းလွှာ(၁)စုံ |
| ကျင်းပမည့်နေရာ | - သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန် |

၇။ အခြားစုံစမ်းမေးမြန်း လိုအပ်ချက်ရှိပါက သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်၊ ဖုန်း- ၀၁-၅၇၀၈၄၇ သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်သည်။

## အများသိစေရန်

ကျွန်တော် ဦးအောင်မြင့်နိုင်[၉/မရမ(နိုင်)၀၀၆၀၃၃]နှင့် ဒေါ်ခင်ဆွေဦး[၁၄/အမန(နိုင်)၀၈၂၃၉]တို့သည် (၁၁-၁၁-၂၀၂၂)ရက်တွင် မန္တလေးတိုင်းတရားရုံး၌ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။
(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**ဦးအောင်မြင့်နိုင်**

## မီးဘေးရှောင် မလောင်ခင်တား

## ဒေါ်သဇင်ညွန့်
**Director**
**SMART Group of Companies**
## အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ အမှတ်(၁၈၂/ခ)၊ ဓမ္မစေတီလမ်းနေ (ဦးညွန့်မောင်-ဒေါ်စန်းကြည်)တို့၏ သမီးကြီး၊ သားကြီး ဦးမင်းမင်းသက်လှိုင် (Director-SMART Group of Companies)-ဒေါ်ဇာခြည်လှိုင်၊ သမီးလတ် ဒေါ်ရတနာစုလှိုင် (Managing Director-SMART Technical Services Co., Ltd)-ဦးပဒ္မ(Director-SMART Technical Services Co., Ltd)၊ ဦးချစ်ညီညီလှိုင် (Regional Director-Asia Pacific IADC)-ဒေါ်ဝေမာခိုင်တို့၏ ချစ်လှစွာသောမိခင်၊ မဆုဝတီလှိုင်၊ မချစ်စုလှိုင်၊ မောင်စည်သူမင်းလှိုင်၊ မောင်နေထွဋ်လှိုင်တို့၏ အဘွားသည် ၁၄-၁၁-၂၀၂၂ (တနင်္လာနေ့) နံနက် ၈:၂၀ နာရီတွင် ဂရန်းဟံသာဆေးရုံ၌ ကွယ်လွန်အနိစ္စရောက်ရှိသွားပါသဖြင့် ၁၆-၁၁-၂၀၂၂ ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား သိစေအပ်ပါသည်။

[ကွယ်လွန်သူအားရည်စူး၍၂၀-၁၁-၂၀၂၂(တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်သဇင်ညွန့်
**Director**
**SMART Group of Companies**
## အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ အမှတ်(၁၈၂/ခ)၊ ဓမ္မစေတီလမ်းနေ (ဦးညွန့်မောင်-ဒေါ်စန်းကြည်)တို့၏ သမီးကြီး၊ ဦးဘုန်းမော်-ဒေါ်နန်းသစ္စာ၊ ဒေါက်တာရဲကျော်အောင်-ဒေါ် Ruth Aung တို့၏အစ်မကြီး၊ ဒေါက်တာစန္ဒီဘုန်းမော်-ဒေါက်တာဇာနည်လင်းကျော်၊ ဒေါက်တာဖေယျာဘုန်းမော်၊ မဇာလီဘုန်းမော်၊ Christina Aung၊ Kimberley Aung တို့၏ချစ်လှစွာသော အဒေါ်သည် ၁၄-၁၁-၂၀၂၂ (တနင်္လာနေ့) နံနက် ၈:၂၀ နာရီတွင် ဂရန်းဟံသာဆေးရုံ၌ ကွယ်လွန်အနိစ္စရောက်ရှိသွားပါသဖြင့် ၁၆-၁၁-၂၀၂၂ ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား သိစေအပ်ပါသည်။

[ကွယ်လွန်သူအားရည်စူး၍၂၀-၁၁-၂၀၂၂(တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမောင်နှမများနှင့် တူ၊ တူမများ

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၀)၊ မြေကွက်အမှတ်(၉၂၄)၊ မြေကွက်တည်နေရာအမှတ် (၉၂၄)၊ ဦးဘချိုလမ်း၊ (၄၀)ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် ဒေါ်စိုးရည် [၁၂/ဗဟန(နိုင်) ၀၄၆၁၄၀] အမည်ပေါက် နှစ်(၆၀) မြေငှားစာချုပ်( ဂရန်)မြေအား အမည်ပေါက် ဒေါ်စိုးရည် [၁၂/ဗဟန(နိုင်)၀၄၆၁၄၀]မှ ဂရန်၊ နိုင်/ကတ်တို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာတွင် မြေစာရင်းမှတ်ချက် (၄)ရှိ (၂၀၂၀) ခုနှစ် ဘဏ်ချေးမြေပုံကူးမှတ်ချက်နှင့်ပတ်သက်၍ ဌာနမှ ဘဏ်ချေးမြေပုံထုတ်ယူကာ AGD Bank မှ ချေးငွေများထုတ်ယူခဲ့ကြောင်း၊ ဘဏ်မှ (၂၇-၉-၂၀၂၂)ရက်တွင် ချေးငွေကိစ္စရှင်းလင်းကြောင်း အကြောင်းစာရရှိခဲ့ပြီးလည်းဖြစ်သည့်အပြင် ဘဏ်ချေးမြေပုံမူရင်း၊ ဂရန်မူရင်းများလည်း လက်ဝယ်သို့ ရရှိခဲ့ပြီးဖြစ်ကြောင်း၊ ဘဏ်ချေးမြေပုံအား နေအိမ်တွင် သိမ်းဆည်းထားရာမှ အထားအသိမှားယွင်းပြီး ပျောက်ဆုံးသွားပါကြောင်း အဆိုပါဘဏ်ချေးမြေပုံအား အခြားမည်သည့်ဘဏ်တွင်မှ ငွေချေးယူထားခြင်းမရှိဘဲ ပျောက်ဆုံးသွားပါကြောင်း၊ ဘဏ်ချေးမြေပုံနှင့်ပတ်သက်၍ အစစအရာရာတာဝန်ယူပါကြောင်း၊ ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်ပါက တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ပါကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး**
**ကော်မတီ**

### အထူးဝမ်းနည်းကြေကွဲခြင်း

SMART Group of Companies ၏ Director ဖြစ်သူ ဒေါ်သဇင်ညွန့် အသက်(၆၉) နှစ်သည် ၁၄-၁၁-၂၀၂၂ (တနင်္လာနေ့) နံနက် ၈:၂၀ နာရီတွင် ကွယ်လွန်အနိစ္စရောက်ရှိသွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**SMART Group of Companies ၏**
**Chairman၊ Director များ၊ MD များနှင့် ဝန်ထမ်းများ**

### အထူးဝမ်းနည်းကြေကွဲခြင်း

SMART Group of Companies ၏ Director ဖြစ်သူ ဒေါ်သဇင်ညွန့် အသက်(၆၉) နှစ်သည် ၁၄-၁၁-၂၀၂၂ (တနင်္လာနေ့) နံနက် ၈:၂၀ နာရီတွင် ကွယ်လွန်အနိစ္စရောက်ရှိသွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**SMART Technical Services Co.,Ltd.**
**Managing Director နှင့် ဝန်ထမ်းများ**

### အထူးဝမ်းနည်းကြေကွဲခြင်း

SMART Group of Companies ၏ Director ဖြစ်သူ ဒေါ်သဇင်ညွန့် အသက်(၆၉) နှစ်သည် ၁၄-၁၁-၂၀၂၂ (တနင်္လာနေ့) နံနက် ၈:၂၀ နာရီတွင် ကွယ်လွန်အနိစ္စရောက်ရှိသွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**SMART Measurement & Control Co.,Ltd.**
**Managing Director နှင့် ဝန်ထမ်းများ**

### အထူးဝမ်းနည်းကြေကွဲခြင်း

SMART Group of Companies ၏ Director ဖြစ်သူ ဒေါ်သဇင်ညွန့် အသက်(၆၉) နှစ်သည် ၁၄-၁၁-၂၀၂၂ (တနင်္လာနေ့) နံနက် ၈:၂၀ နာရီတွင် ကွယ်လွန်အနိစ္စရောက်ရှိသွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**SMART Electrical Co.,Ltd.**
**Managing Director နှင့် ဝန်ထမ်းများ**

### အထူးဝမ်းနည်းကြေကွဲခြင်း

SMART Group of Companies ၏ Director ဖြစ်သူ ဒေါ်သဇင်ညွန့် အသက်(၆၉) နှစ်သည် ၁၄-၁၁-၂၀၂၂ (တနင်္လာနေ့) နံနက် ၈:၂၀ နာရီတွင် ကွယ်လွန်အနိစ္စရောက်ရှိသွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Myanmar Electrical & Instrumentation Co., Ltd.**
**Managing Director နှင့် ဝန်ထမ်းများ**

### အထူးဝမ်းနည်းကြေကွဲခြင်း

SMART Group of Companies ၏ Director ဖြစ်သူ ဒေါ်သဇင်ညွန့် အသက်(၆၉) နှစ်သည် ၁၄-၁၁-၂၀၂၂ (တနင်္လာနေ့) နံနက် ၈:၂၀ နာရီတွင် ကွယ်လွန်အနိစ္စရောက်ရှိသွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Holy Dragon Co.,Ltd.**
**Managing Director နှင့် ဝန်ထမ်းများ**

**မူး ယစ် ကို ပစ် ပန်း တိုင် သစ် စိတ် သစ် လူ သစ် ဘ ဝ သစ်**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးမောင်လင်း

### အသက်(၈၇)နှစ်

မန္တလေးတိုင်းဒေသကြီး၊ မိုးကုတ်မြို့နယ်၊ ကျောက်ပုတ်ကျေးရွာနေ ဒေါ်သန်းခင်၏ ခင်ပွန်း၊ ဒေါက်တာကျော်ထွန်း (ပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့)- ဒေါက်တာခင်ခင်ထူး (ပါမောက္ခ၊ ဌာနမှူး-ငြိမ်း၊ မုံရွာတက္ကသိုလ်)၊ ဦးကျော်သန်း-ဒေါ်ခင်ယု၊ ဦးဝင်းမြင့်၊ ဦးကျော်လှိုင်-ဒေါ်ခင်မေသန်း၊ (ဦးရှုမောင်)-ဒေါ်ခင်မေတုတ်၊ ဦးစိန်ကျော်ဝင်း- ဒေါ်ညွှန့်ညွှန့်သန်း၊ (ဦးဇော်ဝင်းလှိုင်) - ဒေါ်ဝင်းဝင်းစိန်၊ ဦးစိုးနိုင်-ဒေါ်ထွေးထွေးအောင်၊ ဦးကျော်မင်းသိုက်-ဒေါ်အေးအေးမြင့်၊ ဒေါ်မြင့်မြင့်သန်းထွေး (ကထိက၊ သမိုင်းဌာန၊ မုံရွာတက္ကသိုလ်)တို့၏ မွေးသဖခင်၊ မြေး ၁၅ ယောက်၊ မြစ် နှစ်ယောက် တို့၏အဘိုးသည် ၁၃-၁၁-၂၀၂၂ (တနင်္ဂနွေနေ့) ညနေ ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၁၁-၂၀၂၂ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ကျောက်ပုတ်ကျေးရွာသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ကန့်ကွက်နိုင်ကြောင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြင်တော်သာအိမ်ရာ၊ တိုက်အမှတ်(၁)၊ အခန်းအမှတ်(၀၀၁)ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးဝေဖြိုးအောင် [၉/ပဥလ(နိုင်)၀၁၈၀၂၂]ထံမှ တစ်ဆင့် ပြန်လည်ဝယ်ယူထားသူ ဒေါ်သက်ဝေစိုး [၁၂/မဂတ(နိုင်)၀၆၈၂၂၆]မှ ၎င်းအမည်ဖြင့် အမည်ပြောင်း တိုက်ခန်းပိုင်ဆိုင်ခွင့်မှတ်ပုံတင်စာအုပ်ပြုလုပ်ပေးပါရန် တင်ပြလျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

---

ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဘဒ္ဒန္တပဏ္ဍဝ

**(ဒီဃဘာဏက၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)**
**နေပြည်တော်တိုင်းသံဃနာယကအဖွဲ့ဝင်**
**ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ ဩဝါဒါစရိယ**
**သိက္ခာတော်(၅၆)ဝါ၊ သက်တော်(၇၆)နှစ်**

နေပြည်တော်၊ ပျဉ်းမနားခရိုင်၊ ပျဉ်းမနားမြို့၊ ရန်အောင်(၂)ရပ်ကွက်၊ မာရ်အောင် ပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာန မဟာနာယက ဆရာတော်ကြီး ဘဒ္ဒန္တပဏ္ဍဝ (ဒီဃဘာဏက၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) နေပြည်တော်တိုင်းသံဃနာယကအဖွဲ့ဝင်၊ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ ဩဝါဒါစရိယသည် (၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက်) ၁၄-၁၁-၂၀၂၂ (တနင်္လာနေ့) နံနက် ၂:၁၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက်) ၁၈-၁၁-၂၀၂၂ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် သူဌေးကုန်းတောင်သာသုသာန်သို့ ပင့်ဆောင်၍ အန္တိမအဂ္ဂိစျာပနသဘင် ကျင်းပပြုလုပ်မည်ဖြစ်ပါကြောင်း တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (ကျောင်းတိုက်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

တပည့် ဒါယကာ၊ ဒါယိကာမများ

---

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

**ဦးမောင်လင်း**

**အသက်(၈၇)နှစ်**

ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း-ဒေါက်တာခင်ခင်ထူး(ပါမောက္ခ၊ ဌာနမှူး-ငြိမ်း၊ မုံရွာတက္ကသိုလ်)တို့၏ဖခင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး၊ မိုးကုတ်မြို့နယ်၊ ကျောက်ပုတ်ကျေးရွာနေ ဦးမောင်လင်း၊ အသက်(၈၇)နှစ်သည် ၁၃-၁၁-၂၀၂၂ ရက် ညနေ ၆ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး**
**နှင့်**
**ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ထမ်းများ**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ချာတနိုင် (ခ) ချင်ဘီ (ခ) ဒေါ်မွေး

### အသက်(၉၂)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၃)ရပ်ကွက်၊ လသာလမ်း၊ အမှတ် (၄၇)၊ ပထမထပ်နေ (ဦးစိုင်း)၏ဇနီး၊ (ဦးအေးမောင်)-ဒေါ်ကျင်ယုံ၊ (ဦးထွန်းအေး)၊ (ဦးကျော်မြင့်)၊ ဦးစိန်ထွန်းတို့၏ မိခင်၊ မောင်မြတ်ကိုကို၊ မောင်မြတ်မောင်မောင်-မနှင်းဝတ်ရည်လွင်၊ မောင်မြတ်မင်းသီဟန်-မသိမ့်ထက်ထက်အောင်၊ မသဇင်ရတနာထွန်း၊ မြစ် နှစ်ယောက် တို့၏အဘွားဒေါ်မွေးသည် ၁၃-၁၁-၂၀၂၂ (တနင်္ဂနွေနေ့) ညနေ ၅:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၁၁-၂၀၂၂ (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းမည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း ဒါယကာကြီး

## ဦးလှစိန် (နန်ယန်ကျောင်းသားဟောင်း)

### အသက်(၉၁)နှစ်

တောင်ဥက္ကလာပမြို့နယ်နေ ဒေါ်နီ(ကျုံမငေး)၏ခင်ပွန်း၊ ဦးတင်မောင်ဝင်း (Great Yangon Group)၊ ကိုအောင်စိုး (အောင်ချမ်းမြေ့ Air-Con)၊ ကိုသန်းစိုး-Dr.ယဉ်မင်းမြတ် (MCG Group)တို့၏ဖခင်၊ မြေး ငါးယောက်တို့၏ အဘိုးသည် ၁၃-၁၁-၂၀၂၂ ရက် ညနေ ၆:၁၅ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၁၁-၂၀၂၂ ရက် ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၉-၁၁-၂၀၂၂ ရက် နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီထိ အမှတ်(၄၈)၊ မြသီတာအိမ်ရာ၊ (၁၁)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

**ဦးမောင်လင်း**

**အသက်(၈၇)နှစ်**

ဒေါက်တာကျော်ထွန်း (ပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့) - ဒေါက်တာခင်ခင်ထူး (ပါမောက္ခ၊ ဌာနမှူး-ငြိမ်း၊ မုံရွာတက္ကသိုလ်) တို့၏ဖခင် ဦးမောင်လင်း အသက်(၈၇)နှစ်သည် ၁၃-၁၁-၂၀၂၂ ရက် ညနေ ၆ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်နယ်အုပ်ချုပ်ရေးမှူးနှင့်**
**ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မှ ဝန်ထမ်းများ**

---

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

**ဦးမောင်လင်း**

**အသက်(၈၇)နှစ်**

ဒေါက်တာကျော်ထွန်း (ပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့) - ဒေါက်တာခင်ခင်ထူး (ပါမောက္ခ၊ ဌာနမှူး-ငြိမ်း၊ မုံရွာတက္ကသိုလ်) တို့၏ဖခင် ဦးမောင်လင်း အသက်(၈၇)နှစ်သည် ၁၃-၁၁-၂၀၂၂ ရက် ညနေ ၆ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်နှင့် မိသားစုများ**

---

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

**ဦးမောင်လင်း**

**အသက်(၈၇)နှစ်**

ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ဝန်ကြီးချုပ်၊ ဒေါက်တာကျော်ထွန်း-ဒေါက်တာခင်ခင်ထူး (ပါမောက္ခ၊ ဌာနမှူး-ငြိမ်း၊ မုံရွာတက္ကသိုလ်)တို့၏ မွေးသဖခင် ဦးမောင်လင်းသည် ၁၃-၁၁-၂၀၂၂ (တနင်္ဂနွေနေ့) ညနေ ၆ နာရီတွင် မန္တလေးတိုင်းဒေသကြီး၊ မိုးကုတ်မြို့နယ်၊ ကျောက်ပုတ်ကျေးရွာ၌ ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရှမ်းပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

---

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

**ဦးမောင်လင်း**

**အသက်(၈၇)နှစ်**

မန္တလေးတိုင်းဒေသကြီး၊ မိုးကုတ်မြို့နယ်၊ ကျောက်ပုတ်ကျေးရွာနေ ဒေါ်သန်းခင်၏ခင်ပွန်း၊ ဒေါက်တာကျော်ထွန်း (ပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့)-ဒေါက်တာခင်ခင်ထူး (ပါမောက္ခ၊ ဌာနမှူး-ငြိမ်း၊ မုံရွာတက္ကသိုလ်) တို့၏ ဖခင်သည် ၁၃-၁၁-၂၀၂၂ (တနင်္ဂနွေနေ့) ညနေ ၆ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူး(မြို့ပြ)နှင့် ဝန်ထမ်းများ**
**လမ်းဦးစီးဌာန**
**ရှမ်းပြည်နယ်(တောင်ပိုင်း)**

---

လွမ်းဆွတ်သတိရခြင်း

## ဦးမောင်မောင်(CDC NO-4458)

**ရေကြောင်းအင်ဂျင်နီယာ**

**(၁၅-၁၁-၂၀၁၀)မှ (၁၅-၁၁-၂၀၂၂)**

အချစ်ဆုံးရေ

အစဉ်သတိရလျက်ရှိပါသည်။

ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်မြတ်ကြီးတွင် ယောက္ခမကြီး ဘွားဘွား ဒေါ်ရွှေနု နှင့် ကိုမောင့်အတွက် ရည်စူး၍ ကုသိုလ်ကောင်းမှုများပြုလုပ် အမျှပေးဝေခြင်းအား သာဓုခေါ်ဆိုနိုင်ပါစေ။

ကွယ်လွန်သွားသော ဆွေမျိုး၊ သူငယ်ချင်းများနှင့် မိတ်ဆွေများလည်း ထပ်တူအမျှရ၍ သာဓုခေါ်ဆိုနိုင်ကြပါစေ။

**ဇနီး- ဒေါ်သီတာဇော်**
**သား- မောင်မောင်ရဲဇော်**

---

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

**ဦးမောင်လင်း**

**အသက်(၈၇)နှစ်**

ဒေါက်တာကျော်ထွန်း (ပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့)-ဒေါက်တာခင်ခင်ထူး (ပါမောက္ခ၊ ဌာနမှူး-ငြိမ်း၊ မုံရွာတက္ကသိုလ်) တို့၏ မွေးသဖခင်၊ မြေး ၁၅ ယောက်၊ မြစ် နှစ်ယောက်တို့၏ အဘိုးသည် ၁၃-၁၁-၂၀၂၂ (တနင်္ဂနွေနေ့) ညနေ ၆ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းမိသားစုများ**
**ရှမ်းပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာန**

---

မူးယစ်ကို

ပစ်

ပန်းတိုင်သစ်

စိတ်သစ်

လူသစ်

ဘဝသစ်

---

ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ညိမ်းရင်**

**အသက်(၉၁)နှစ်**

မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ဘဏ္ဍာရေးဌာနခွဲမှ ဒေါ်အေးအေးမြင့် (ဒုတိယညွှန်ကြားရေးမှူး)၏မိခင်ဖြစ်သူ ဒေါ်ညိမ်းရင် အသက်(၉၁)နှစ်သည် ၁၃-၁၁-၂၀၂၂ (တနင်္ဂနွေနေ့) မွန်းလွဲ(၂:၃၀)နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဘဏ္ဍာရေးဌာနခွဲမိသားစုများ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

SMART Group of Companies ၏ Director ဖြစ်သူ ဒေါ်သဇင်ညွှန့် အသက်(၆၉) နှစ်သည် ၁၄-၁၁-၂၀၂၂ (တနင်္လာနေ့) နံနက် ၈:၂၀ နာရီတွင် ကွယ်လွန်အနိစ္စရောက်ရှိသွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**K.M Dastur & Company Private Limited**
**Managing Director နှင့် ဝန်ထမ်းများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

SMART Group of Companies ၏ Director ဖြစ်သူ ဒေါ်သဇင်ညွှန့် အသက်(၆၉) နှစ်သည် ၁၄-၁၁-၂၀၂၂ (တနင်္လာနေ့) နံနက် ၈:၂၀ နာရီတွင် ကွယ်လွန်အနိစ္စရောက်ရှိသွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**SMART (စာပေ)**
**Managing Director နှင့် ဝန်ထမ်းများ**

---

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်၊ အလုံကမ်းနားလမ်း၊ Shwe Zabu River View Complex အမှတ်- ၂၃ (ဂျီ-၁)၊ Tower -D၊ အခန်းအမှတ်- D-702 ကွန်ဒိုတိုက်ခန်းတစ်ခန်းနှင့် ရေ၊ မီး၊ ဓာတ်လှေကားအပါအဝင် အကျိုးခံစားခွင့်များကို ဝယ်ယူရန် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင်၊ အဆောက်အအုံနေထိုင်ခွင့် စာချုပ်တွင် အမည်ပေါက်ပိုင်ရှင် ဒေါ်အေးအေးမြင့် [၁၄/ဝခမ(နိုင်)၁၁၁၃၁၁]အား ကျွန်ုပ်တို့၏မိတ်ဆွေမှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားစာချုပ်စာတမ်း(မူရင်း)များနှင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ တိုက်ခန်းကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ် စာချုပ်ဆက်လက်ချုပ်ဆို၍ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်စိုးစိုးမြင့်** | **ဒေါ်အိဖြိုးဇင်** |
| **LL.B, (စဉ်-၁၀၀၆၃)** | **LL.B, D.B.L (စဉ်-၁၅၉၇၅)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |

**အမှတ်(၈၆)၊ ၇-လွှာ(စီ)၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**

| | |
|---|---|
| **ဖုန်း-၀၉-၄၂၀၀၃၅၉၆၃** | **ဖုန်း-၀၉-၇၉၀၁၂၃၄၈၀** |

---

**သင့်သွေးဖြင့် အသက်ကယ်ပါ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး “မူ”ကို ဆက်လက် လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစား လိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

❖ ကမ္ဘာပေါ်တွင် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို ကျင့်သုံးဆောင်ရွက်သည့် နိုင်ငံအများအပြားရှိကြပြီး မိမိတို့နိုင်ငံ၏ ပထဝီဝင်အနေအထား၊ အမျိုးသားရေး စရိုက်လက္ခဏာ၊ ယဉ်ကျေးမှုတို့နှင့် ကိုက်ညီသည့် ဖက်ဒရယ်စနစ်ကိုသာ ဖော်ဆောင်ကျင့်သုံးဆောင်ရွက်ရန်လိုအပ်...

❖ စစ်မှန်စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်ကို ကျင့်သုံးရာတွင် အသိပညာ၊ အတတ်ပညာနှင့် ပြည့်စုံသည့် လူသားအရင်းအမြစ်များ ပြည့်စုံရန် မဖြစ်မနေလိုအပ်မည်ဖြစ်ပြီး ပညာတတ်များ ပေါ်ကြွယ်ဝမှသာလျှင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် ပညာရေးကို မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိ...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်နေ့တွင် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS)အဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးယွက်ဆစ် ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့အားတွေ့ဆုံဆွေးနွေးစဉ် ပြောကြားမှုမှ ကောက်နုတ်ချက်)

## MNL ပြိုင်ပွဲတွင် မြဝတီအသင်း အဆင့်(၄)နေရာရရှိ

**ရန်ကုန် နိုဝင်ဘာ ၁၄**

၂၀၂၂ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ရွှေ့ဆိုင်းထားသော ပွဲစဉ်(၁၃) ဒုတိယနေ့ကို နိုဝင်ဘာ ၁၄ ရက်က သုဝဏ္ဏကွင်း၌ကျင်းပရာ မြဝတီအသင်းက ရခိုင်ယူနိုက်တက်အသင်းကို သုံးဂိုးပြတ်အနိုင်ရပြီး အဆင့်(၄)နေရာ ရရှိခဲ့သည်။

**အဆင့်(၄)နေရာရရှိ**

မြဝတီအသင်းသည် အမှတ်ပေးဇယား အောက်ဆုံးမှ ရခိုင်ယူနိုက်တက်အသင်းကို သုံးဂိုးပြတ်အနိုင်ယူပြီး အဆင့်(၄)နေရာရရှိခဲ့သည်။ မြဝတီအသင်းအနေဖြင့် တစ်ကျော့ပြန်ကစားခွင့်ရသည့် MNL ပြိုင်ပွဲတွင် အမြင့်ဆုံးရပ်တည်မှုရခဲ့ခြင်းလည်းဖြစ်သည်။ တန်းဆင်းသွားရပြီဖြစ်သည့် ရခိုင်ယူနိုက်တက်အသင်းသည် ရလဒ်ကောင်းရယူနိုင်ရန် ကြိုးပမ်းခဲ့သော်လည်း အရှုံးနှင့်ရင်ဆိုင်ခဲ့ရသည်။

**ဦးဆောင်ဂိုးသွင်းယူ**

နှစ်သင်းစလုံး ကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့ပြီး ပွဲအစသုံးမိနစ်မှာပင် သက်ဝေမိုးက ဦးဆောင်ဂိုးစတင်သွင်းယူခဲ့သည်။ ယင်းနောက်ပိုင်းတွင် ရခိုင်ယူနိုက်တက်အသင်း ချေပဂိုးပြန်ရရန် ကြိုးပမ်းခဲ့သော်လည်း မြဝတီအသင်းခံစစ်အမှားမရှိခဲ့ဘဲ ၄၅ မိနစ်တွင် ဒုတိယဂိုးထပ်ရခဲ့သည်။

စာမျက်နှာ ၂၂ ကော်လံ ၄ သို့ ○





## ရန်ကုန်တိရစ္ဆာန်ဥယျာဉ်၌ စနေ၊ တနင်္ဂနွေရုံးပိတ်ရက်များတွင် Clever Animal Show များဖြင့် ဖျော်ဖြေတင်ဆက်မှုများ ပြန်လည်စတင်

**ရန်ကုန် နိုဝင်ဘာ ၁၄**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ရန်ကုန် တိရစ္ဆာန်ဥယျာဉ်၌ စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်များတွင် Clever Animal Show များဖြင့် ဖျော်ဖြေတင်ဆက်မှုများ ပြန်လည်စတင်နေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ဖျော်ဖြေပွဲများတွင် ဆင်လိမ္မာ၊ မျောက်လိမ္မာ၊ မြွေလိမ္မာ၊ ဝက်ဝံလိမ္မာလေးတို့၏ ပြကွက်များနှင့် မျက်လှည့်ပြကွက်များ ပါဝင်သည့်အပြင် လူနှင့်ရင်းနှီးကျွမ်းဝင်သည့် တိရစ္ဆာန်ငယ်များနှင့် ဓာတ်ပုံတွဲရိုက်နိုင်သည့် အစီအစဉ်များလည်းပါဝင်ကြောင်း သိရသည်။

လိမ္မာယဉ်ကျေးသည့် တိရစ္ဆာန်လေးများ၏ ဖျော်ဖြေမှုများကို မိုးတွင်းကာလ ခေတ္တရပ်နားထားခြင်းဖြစ်ပြီး ယခုအခါ မိုးအကုန် ပွင့်လင်းရာသီရောက်ပြီဖြစ်သည့်အတွက် စနေ၊ တနင်္ဂနွေရုံးပိတ်ရက်များတွင် ဖျော်ဖြေမှုများပြန်လည် စတင်ဆောင်ရွက်ပေးနေပြီဖြစ်ကြောင်း သိရသည်။

**စန္ဒာမိုး**

## မန်ယူအသင်းက ဖူလ်ဟမ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရ



ဖူလ်ဟမ်အသင်းနဲ့ မန်ယူအသင်းတို့ နိုဝင်ဘာ ၁၃ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်မှာ ဖူလ်ဟမ်အသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာကြောင့်မန်ယူအသင်းဟာပရီမီယာလိဂ်အမှတ်ပေးဇယားထိပ်ဆုံးက အာဆင်နယ်အသင်းအောက် ၁၁ မှတ်အကွာနဲ့ အဆင့်(၅)နေရာမှာ ရပ်တည်လျက်ရှိပါတယ်။

မန်ယူအသင်းဟာ ပထမပိုင်း ပွဲကစားချိန် ၁၄ မိနစ်မှာ ရရှိခဲ့တဲ့ အဲရစ်ဆင်ရဲ့ သွင်းဂိုးနဲ့ ဦးဆောင်ဂိုးစတင်ရရှိခဲ့ပြီး ဒုတိယပိုင်းပွဲကစားချိန် ၆၁ မိနစ်မှာ ဖူလ်ဟမ်အသင်းရဲ့ ကစားသမား ဒန်ဂျိမ်းစ်ရဲ့ သွင်းဂိုးကို

စာမျက်နှာ ၂၂ ကော်လံ ၄ သို့ ✪

**ယနေ့ ဖတ်စရာ**


**ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အင်းစိန်ဗဟိုအကျဉ်းထောင် ဝင်/ထွက်ဂိတ်ပေါက်ရှိ ပါဆယ်ထုပ်လက်ခံသည့် အဆောက်အအုံ၌ ဖောက်ခွဲမှုကျူးလွန်ခဲ့သူများ ဖော်ထုတ်ဖမ်းဆီး**

စာမျက်နှာ » ၁၄

**ငါန်းဇွန်မြို့နယ် မင်းနေကုန်းကျေးရွာလမ်းခွဲ၌ မော်တော်ယာဉ်တစ်စီး PDF အမည်ခံ အကြမ်းဖက်သမားများက အကြောင်းမဲ့ မိုင်းထောင်ဖောက်ခွဲခဲ့သဖြင့် အပြစ်မဲ့ပြည်သူ တစ်ဦး သေဆုံး၊ ငါးဦး ဒဏ်ရာရ**

စာမျက်နှာ » ၁၆